မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

အတွဲ (၅၃) အမှတ် (၃၁၅)

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်

၂၀၁၄ ခုနှစ်၊ ဩဂုတ် ၁၆ ရက်၊ စနေနေ့။

အရိယ သစ္စာန ဒဿနံ
တော်မင်္ဂလ မုတ္တမံ

သစ္စာလေးပါးကို သိခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

အမှန်တကယ်မြေမဲ့ယာမဲ့ဖြစ်နေသည့် ပြည်သူများကို မြေယာချထားပေးခြင်းသည် လူမှုစီးပွားတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်၌ အရေးပါသည့်လုပ်ငန်းဖြစ်

နေပြည်တော် ဩဂုတ် ၁၅

မြို့ပြ၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအတွက် မြေအရင်းအမြစ်စီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ စာတမ်းရှင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတက မြေသယံဇာတ၊ ရေသယံဇာတ၊ သစ်တောသယံဇာတ၊ သတ္တုသယံဇာတစသည့် သဘာဝသယံဇာတ အရင်းအမြစ်များကို နောင်သားစဉ်မြေးဆက်အထိ စနစ်တကျသုံးစွဲနိုင်မည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ဒေသအလိုက်၊ မြို့နယ်အလိုက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတို့ကို စနစ်တကျစီမံတွက်ချက်ရေးဆွဲ အကောင်အထည်ဖော် အသုံးပြုသွားမှသာ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ ရေအရင်းအမြစ် ထိန်းသိမ်းမှုနှင့်အတူ လူဦးရေတိုးပွားလာမှုကြောင့် လူမှုစီးပွားလိုအပ်ချက်များ ဖြည့်ဆည်းမှုတို့ကို စနစ်တကျဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့

> ▪ ငွေကြေးကြွယ်ဝသူများအနေဖြင့် နိုင်ငံကုန်ထုတ်လုပ်မှုတိုးတက်အောင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြရမည့်အစား ကားအရောင်းအဝယ်၊ မြေအရောင်းအဝယ်၊ ဘဏ်လုပ်ငန်း၊ အဆောက်အအုံဆောက်လုပ်ရောင်းချသည့် လုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံလာကြသည့်အတွက် မြေဈေးနှုန်းများကြီးမြင့်လာခြင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ခက်ခဲတုံ့ဆိုင်းလာခြင်း၊ ငွေကြေးဖောင်းပွမှုအန္တရာယ်ရှိလာခြင်းတို့ ကြုံတွေ့လာနိုင်သည့်အတွက် ကိုယ်ကျိုးနှင့် အမျိုးသားအကျိုးစီးပွားကို ချိန်ဆလုပ်ကိုင်။ ▪

နိုင်ငံတော်သမ္မတဦးသိန်းစိန် မြို့ပြ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအတွက် မြေအရင်းအမြစ်စီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြေနီကုန်း ခုံးကျော်တံတားစတင်ပြီ

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်မြို့၏ ယာဉ်ကြောကျပ်တည်းမှုကို အတိုင်းအတာတစ်ခုအထိ ဖြေလျှော့ပေးနိုင်ခဲ့သော လှည်းတန်းခုံးကျော်တံတား၊ ဘုရင့်နောင် နှစ်ထပ်ခုံးကျော်တံတား၊ ရွှေဂုံတိုင် ခုံးကျော်တံတားကဲ့သို့ နောက်ထပ်ခုံးကျော်တံတား အသစ်တစ်စင်း မကြာမီ စမ်းချောင်းမြို့နယ် မြေနီကုန်း၌ ပေါ်ထွန်းလာတော့မည်ဖြစ်သည်။

တံတားတည်ဆောက်မှုအတွက် မြေတိုင်းတာစမ်းသပ်မှုကို ဩဂုတ် ၁၃ ရက်က စတင်လုပ်ဆောင်နေပြီကို တွေ့မြင်ရသည်။ ပြည်လမ်းတောင်ဘက်ခြမ်း ရှင်စောပုလမ်းဆုံအနီး၌ တိုင်းတာမှုနှစ်ခု၊ ပြည်လမ်းမြောက်ဘက်ခြမ်း ဒဂုံစင်တာ (၂)ရှေ့၌ တိုင်းတာမှုနှစ်ခုကိုတွေ့မြင်နေရပြီဖြစ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ပုဂ္ဂလိက ကုမ္ပဏီတစ်ခုဖြစ်သည့် Capital Development က တာဝန်ယူတည်ဆောက်သွားမည်ဟု သိရသည်။

ယနေ့ ရန်ကုန်မြို့၌ ယာဉ်သွားလာမှုမှာ ၂၀၁၀ ပြည့်နှစ်နှင့် တိုင်းတာပါက သုံးဆခန့်မြင့်တက်လာသည်ဟု လေ့လာသူတို့က ဆိုကြသည်။ ခရီးသည်တင် ဘတ်စ်ကား အရေအတွက် လေးထောင်ကျော်၊ အငှားယာဉ် လေးသောင်းကျော်၊ အိမ်စီးကားအရေအတွက် သုံးသိန်းကျော်နေ့စဉ် ဖြတ်သန်းသွားလာမှုရှိနေသည်ဟုဆိုသည်။

လှည်းတန်းလမ်းဆုံ မြေနီကုန်းလမ်းဆုံ၊ ဘုရင့်နောင်လမ်းဆုံ၊

စာမျက်နှာ ၁၀ ကော်လံ ၃ သို့ ■

သတင်း-ကိုကြီးတင်
ဓာတ်ပုံ-ဘော်ဂါသွေး

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ခြင်အန္တရာယ်စုပေါင်းလို့ကာကွယ်

'ခြင်'ဆိုသော သတ္တဝါသည် လူတို့နှင့် အနီးဆုံးတွင် ရှင်သန်ပေါက်ပွားကြကာ လူတို့အား ဒုက္ခအပေးဆုံးလည်းဖြစ်သည်။ လူတို့၏သွေးကိုစုပ်ယူပြီး အသက်ရှင်ရသောသတ္တဝါဖြစ်သည့်အလျောက် ယင်းတို့မှ သယ်ဆောင်လာသော ဗိုင်းရပ်စ်ပိုးများကြောင့်လည်း လူတို့အား ရောဂါဘယများ ထူပြောစေသည်။ 'ခြင်'ကြောင့်ဖြစ်တတ်သောရောဂါများတွင် ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါတို့သည် လူသိများသည်။ မကြာသေးမီက ခြင်ကြောင့်ဖြစ်တတ်သောရောဂါတစ်မျိုးဟုသိရသော ရောဂါမှာ ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါဖြစ်သည်။

ငှက်ဖျားရောဂါသည် အနောဖလိစ်ဆိုသောခြင်ကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါမှာမူ အေးဒိစ်(ခေါ်) ခြင်ကျား(ခြင်ပုန်း)ကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။ ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါသည်ကား ကျူးလက်ဆိုသည့်ခြင်ကြောင့်ဖြစ်ပွားရခြင်းဖြစ်သည်။ ဤရောဂါသုံးမျိုးစလုံးသည် ခြင်ကြောင့်ဖြစ်ပွားရသည့်အားလျော်စွာ ခြင်ကာကွယ်ရေး၊ ခြင်နှိမ်နင်းရေးအလုပ်ကို ထိထိရောက်ရောက်လုပ်ရန် လိုအပ်လာသည်မှာ အမှန်ပင်ဖြစ်သည်။ ဤသို့ ခြင်နှိမ်နင်းရေးအတွက် တစ်ဦး၊ တစ်ယောက်၊ တစ်မိသားစုတည်းလုပ်ကိုင်ခြင်းဖြင့် ထိရောက်မှု ရှိနိုင်မည်မဟုတ်ပါ။ ရပ်ကွက်အလိုက်၊ မြို့အလိုက်၊ ကျေးရွာများအလိုက် စုပေါင်းဆောင်ရွက်မှသာ ထိရောက်မှုရှိနိုင်မည်ဖြစ်သည်။

ရပ်ကွက်များအတွင်း ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ ခြင်ခိုအောင်းနိုင်သောနေရာများကို ရှင်းလင်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် အစရှိသောလုပ်ငန်းများ ရပ်ကွက်အလိုက်၊ မြို့နယ်အလိုက်ဆောင်ရွက်သင့်သည်။ အထူးသဖြင့် ရောဂါဖြစ်ပွားသည်ဟု သံသယရှိသောရပ်ကွက်များ၊ ခရိုင်နှင့်မြို့နယ်များ၌ ခြင်တိုက်ဖျက်ရေးလုပ်ငန်းကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးသင့်သည်။

ငှက်ဖျားခြင်သည် တောတောင်ထူထပ်ပြီး စိမ့်စမ်းရေကောင်းသော အရပ်ဒေသများ၌ ပေါက်ပွားတတ်သည်။ ထို့ကြောင့်လည်း ငှက်ဖျားပေါသည့်အရပ်ဒေသများ၌ ရှေးအခါက ရေစုပ်ယူမှုအလွန်အားကောင်းသော ယူကလစ်ပင်များကို စိုက်ပျိုးကြသည်ဟု ကြားဖူးသည်။ သွေးလွန်တုပ်ကွေးခြင်သည် ယခင်မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌သာပေါက်ပွားမှုနှုန်းအများဆုံးဖြစ်သည်ကို သိရသည်။ သို့သော်လည်း ယခုအခါ ကုန်းတွင်းပိုင်းဒေသများဖြစ်သည့် မြန်မာနိုင်ငံအထက်ပိုင်းဒေသများအထိ သွေးလွန်တုပ်ကွေး ဗိုင်းရပ်စ်သယ်ဆောင်သောခြင်များ ပျံ့နှံ့ရောက်ရှိလာသည်ဟု ပညာရှင်တို့က ဆိုသည်။ ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါဖြစ်ပွားစေနိုင်သည့်ခြင်သည် လွန်ခဲ့သောနှစ်နှစ်ခန့်က ရခိုင်ပြည်နယ်အတွင်း တွေ့ရှိခဲ့သည်ဟု ဆိုကြသည်။ ယခုအခါဤဗိုင်းရပ်စ်သယ်ဆောင်ခြင်ကြောင့် ကလေးငယ်များအတွက် အသက်အန္တရာယ်ထိခိုက်နိုင်သည်အထိ စိုးရိမ်လာကြရသည်။

ထို့ကြောင့် ခြင်ကိုက်မခံရလေအောင် သတိပြုကြဖို့ လိုအပ်လာပြီဖြစ်သည်။ အနားယူအိပ်စက်သည့်အခါ ခြင်ထောင်ဖြင့်အိပ်ရန် လိုအပ်သည်။ အထူးသဖြင့် ကလေးငယ်များ ခြင်ကိုက်မခံရလေအောင် မိဘများက ဂရုစိုက်ရမည်ဖြစ်သလို အခြားတစ်ဖက်တွင်လည်း ခြင်ကာကွယ်နှိမ်နင်းရေးကို စုပေါင်းဆောင်ရွက်ကြဖို့ လိုအပ်လာပြီဖြစ်သည်။ ကျန်းမာရေးတာဝန်ရှိသူများအပါအဝင် ခြင်အန္တရာယ်စုပေါင်းကာကွယ်ခြင်းဖြင့် ခြင်ကြောင့်ဖြစ်တတ်သော ရောဂါများ လျော့နည်းကျဆင်းလာမည်ဖြစ်ပါကြောင်း။ ။

စံပြမိခင်ပြိုင်ပွဲနှင့် အာဟာရချက်ပြုတ်ပြိုင်

ကလေး ဩဂုတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနှင့် အာဟာရကျွေးမွေးရေး ရက်သတ္တပတ်လှုပ်ရှားမှုအထိမ်းအမှတ် မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲနှင့် အာဟာရချက်ပြုတ်ပြိုင်ပွဲကို ဩဂုတ် ၁၄ ရက်က နေရဥ္စရာခန်းမ၌ ကျင်းပသည်။

ထို့နောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များက ထောက်ပံ့ပေးအပ်သည့်အခမ်းအနားကို ဆက်လက်ကျင်းပရာ ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဂိုခန့်နွမ်က အာဟာရနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး အာဟာရပြည့်ဝမျှတသည့်အစားအစာချက်ပြုတ်ပြိုင်ပွဲမှ ဆုရရှိသူများနှင့် စံပြမိခင် ပထမဆုရရှိသူများအား ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်သရဖီဝင်းနှင့်အဖွဲ့ဝင်များက ဆုများကို ချီးမြှင့်ခဲ့ကြသည်။ တက်ရောက်လာသော မိခင်များနှင့် အာဟာရချို့တဲ့ ကလေးငယ်များကို ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များနှင့် သူနာပြုများက ကျန်းမာရေးစစ်ဆေးပေးပြီး ဗီတာမင်အေဆေးပြားများ၊ သံဓာတ်အားဆေးများနှင့် အာဟာရပြည့်ဝသည့် အစားအစာများကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ဗီယက်နမ်နိုင်ငံ စတော့အိတ်ချိန်းနှင့် အာမခံလုပ်ငန်းများလေ့လာ

ရန်ကုန် ဩဂုတ် ၁၅

ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမောင်မောင်သိမ်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံဘဏ္ဍာရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံ၏ စတော့အိတ်ချိန်းလုပ်ငန်း၊ အာမခံလုပ်ငန်းများကို လေ့လာရန် ရန်ကုန်မြို့မှ ဩဂုတ် ၆ ရက် ညနေပိုင်းက ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တော်သို့ ထွက်ခွာခဲ့သည်။

ဩဂုတ် ၇ ရက် နံနက် ၉ နာရီက ဒုတိယဝန်ကြီးသည် ဗီယက်နမ်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Dr.Tran Xuan Ha ဦးဆောင်သောအဖွဲ့နှင့် ဘဏ္ဍာရေး၊ ငွေရေးကြေးရေးကြီးကြပ်ရေး၊ စတော့အိတ်ချိန်းကိစ္စများကို ပွင့်လင်းရင်းနှီး စွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး မွန်းလွဲ ၂ နာရီတွင် ဗီယက်နမ်နိုင်ငံ ငွေချေးသက်သေခံလက်မှတ်ကော်မရှင်ဥက္ကဋ္ဌ Mr.Vu Bang ဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံ၍ စတော့အိတ်ချိန်းအပါအဝင် အရင်းအနှီးဈေးကွက်ကို အုပ်ချုပ်မည့်အဖွဲ့အစည်း (Security Exchange Commission) တည်ထောင်သည့်အပိုင်း၊ ရန်ကုန်စတော့အိတ်ချိန်းတည်ဆောက်မည့်အပိုင်း၊ ပညာပေးမှုအပိုင်းများနှင့် ဗီယက်နမ်နိုင်ငံစတော့ဈေးကွက်အတွေ့အကြုံများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဩဂုတ် ၈ ရက်က ဗီယက်နမ်နိုင်ငံ အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့နှင့်တွေ့ဆုံပြီး ဗီယက်နမ်နိုင်ငံစတော့အိတ်ချိန်း ဘီအိုင်စီအာမခံကုမ္ပဏီ၊ ဘီအက်စ်စီ ငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်ရေးကုမ္ပဏီတို့သို့ သွားရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထားဝယ်ခရိုင် ဝန်ဖို့/သက္ကယ်ကွက်ကျေးရွာနှင့် ကျောက်ရှုပ်ကျေးရွာများတွင် ရေပိုက်လိုင်းများသွယ်တန်းပြီးစီး

နေပြည်တော် ဩဂုတ် ၁၅

သစ်တောဦးစီးဌာန တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းမှ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ဝန်ဖို့/သက္ကယ်ကွက်ကျေးရွာနှင့် ကျောက်ရှုပ်ကျေးရွာများအတွင်းနေထိုင်ကြသော ဒေသခံပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိစေရေးနှင့် နွေရာသီကာလတွင် ရေပြတ်လပ်မှုများ မကြုံတွေ့စေရန် ရည်ရွယ်၍ရေသိုလှောင်ကန်နှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းများကို ပံ့ပိုးကူညီပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဝန်ဖို့/သက္ကယ်ကွက်ကျေးရွာ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းအတွက် အရှည်ပေ ၁၅၈၄၀ ရှိသည့် ရေပိုက်လိုင်းများ၊ ကျောက်ရှုပ်ကျေးရွာ ရေပိုက်လိုင်းသွယ်တန်းခြင်းအတွက် အရှည်ပေ ၁၂၆၆၀ ရှိသည့် ရေပိုက်လိုင်းများနှင့် ဆက်စပ်ပစ္စည်းများ၏ စုစုပေါင်း ကုန်ကျစရိတ်သိန်း ၁၀၀ ကျော်ကို တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းမှ ပံ့ပိုးကူညီပေးခဲ့ပြီး ဒေသခံပြည်သူများကလည်း ရေပိုက်လိုင်းသွယ်ယူမည့်လမ်းကြောင်းကို ရှင်းလင်းဖောက်လုပ်ခြင်း၊ ပိုက်ဆက်သွယ်တန်းခြင်းနှင့် ရေပေးဝေပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများတွင် ပူးပေါင်းတာဝန်ယူဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ အောင်မြင်စွာ ပြီးစီးခဲ့ခြင်းဖြစ်သည်။

ထို့အပြင် နွေရာသီကာလ သောက်သုံးရေရရှိစေရန်နှင့် ရေပြတ်လပ်မှုမရှိစေရန် အတွက်လည်း ငွေကျပ် ၁၂ သိန်း တန်ဖိုးရှိသည့် အုတ်ရေလှောင်ကန်တစ်ကန်ကိုလည်း ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်ဖြင့် တည်ဆောက်ပံ့ပိုးပေးထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု ပုသိမ်ကြီးအထက်၌ ဆောင်ရွက်

ပုသိမ်ကြီး ဩဂုတ် ၁၅

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ် ပုသိမ်ကြီးမြို့အခြေခံပညာအထက်တန်းကျောင်းမှ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူလေးများကို အလှူရှင်များက အာဟာရ ကြက်သားဆန်ပြုတ်တိုက်ကျွေးခြင်း၊ သာဂူတိုက်ကျွေးခြင်း၊ ခေါက်ဆွဲကြော်များ ကျွေးမွေးလှူဒါန်းခြင်းများကို ဩဂုတ်၁၄ ရက်က တစ်ပြိုင်တည်း ကျင်းပပြုလုပ်ကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများကို အတန်းပိုင်ဆရာမများက အရပ်တိုင်းပေးခြင်း၊ ကိုယ်အလေးချိန်ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ပေးရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်လှနှင့် ဆရာ ဆရာမများက ကြည့်ရှုအားပေးကြသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

ကလေး ဩဂုတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် အင်ဒိုင်းကြီးကျေးရွာအုပ်စုတွင် မိုးပွင့်စီမံချက်အဆင့်(၆)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ဩဂုတ် ၈ ရက်က မြို့နယ်ဦးစီးဌာနမှူးရုံးမှ ဒု-လဝကမှူး ဦးအောင်ကျော်မိုးက လူဦးရေ ၂၀၄ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သိန်းစိုး-ကလေး)**

" အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ "
ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ

အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့သည် ယခုနှစ် ၂၀၁၄-၂၀၁၅ခုနှစ်၊ ဘုရားဖူးရာသီတွင် သံဝေဇနီယလေးဌာန(အိန္ဒိယ/နီပေါ) ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များအား ၂၀၁၄ခုနှစ်၊ စက်တင်ဘာလ နောက်ဆုံးပတ်မှစတင်၍ "အောင်ချမ်းသာမှသင့်ဆန္ဒပြည့်ဝစေရမည်" ဟူသောဆောင်ပုဒ်နှင့်အညီ တစ်ပတ်ခြားတနင်္လာနေ့တိုင်း ထွက်ခွာရန်စီစဉ်ထားရှိပါသည်။ ရန်ကုန်မှဗုဒ္ဓဂယာသို့လေယာဉ်ဖြင့်တိုက်ရိုက်သွားပြီးဘုရားဖူးမြော်ကာဗုဒ္ဓဂယာမှရန်ကုန်သို့တိုက်ရိုက်ပြန်လာသည့်(၁၁)ညအိပ်(၁၂)ရက်ခရီးဖြစ်ပါသည်။

ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဒေါ်သဇင်မြင့်အောင် ကိုယ်တိုင်ဘုရားဖူးခရီးစဉ်တစ်လျှောက်လိုက်ပါ၍ နွေးထွေးသောဝန်ဆောင်မှုများပေးသဖြင့်ဘုရားဖူးများကျေနပ်အားရပီတိဖြစ်ကာစိတ်အေးချမ်းသာစွာသာသနာပြုနိုင်ခဲ့ကြောင်း တဖွဲဖွဲပေးပို့လာသည့်ကျေးဇူးတင်လွှာများနှင့်ပြန်လည်လိုက်ပါရန်အဆိုပြုထားသည့်ဘုရားဖူးများ၊ယခုနှစ်ခရီးစဉ်တွင် ကြိုတင်စာရင်းပေးသွင်းထားသောဓမ္မမိတ်ဆွေများအားအထူးကျေးဇူးတင်ရှိပါသည်။ထွက်ခွာမည့်ခရီးစဉ်များမှာ-

(၁) ၂၉-၉-၂၀၁၄ (၅) ၂၄-၁၁-၂၀၁၄ (၉) ၁၉-၁-၂၀၁၅ (၁၃) ၁၆-၃-၂၀၁၅
(၂) ၁၃-၁၀-၂၀၁၄ (၆) ၈-၁၂-၂၀၁၄ (၁၀) ၂-၂-၂၀၁၅ (၁၄) ၃၀-၃-၂၀၁၅
(၃) ၂၇-၁၀-၂၀၁၄ (၇) ၂၂-၁၂-၂၀၁၄ (ကျောင်းပိတ်ရက်) (၁၁) ၁၆-၂-၂၀၁၅ (၁၅) ၁၃-၄-၂၀၁၅ (သင်္ကြန်ပိတ်ရက်)
(၄) ၁၀-၁၁-၂၀၁၄ (၈) ၅-၁-၂၀၁၅ (၁၂) ၂-၃-၂၀၁၅

အထက်ပါခရီးစဉ်များပြောင်းလဲခြင်းမရှိပါ။မိမိသွားလိုသောခရီးစဉ်များကိုရွေးချယ်၍ Power Palace Hotel အမှတ်-၁၆၊ပြည်သာယာလမ်း၊ဘောက်ထော်၊ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၀၁-၅၅၉၇၁၉၊၀၁-၅၄၄၂၈၇၊ ၀၁-၄၀၀၈၁၆၊ ၀၉-၇၃၁၅၂၈၆၀၊ ၀၉-၇၃၁၅၁၃၁၃၊ ၀၉-၅၁၂၈၆၂၁ သို့အမြန်ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

သဇင်မြင့်အောင်

ပြည်တွင်းသတင်း

တပ်မတော်အနေဖြင့် နိုင်ငံတော်အကျိုးကိုအစဉ်ရှေးရှု၍ အမျိုးသားနိုင်ငံရေးအသွင်ဖြင့် ပါဝင်ရပ်တည်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၅

မြန်မာ-ပိုလန် သံတမန်ဆက်ဆံရေးသည် လာမည့်နှစ်တွင် နှစ်(၆၀) ပြည့်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ ရှည်လျားသည့် ဆက်ဆံရေးရှိခဲ့ပြီး ၂၀၁၁ ခုနှစ်နောက်ပိုင်း ဆက်ဆံရေး အရှိန်မြှင့်တင်လာခဲ့ကြောင်း၊ ပိုလန်နိုင်ငံအနေဖြင့် အီးယူတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားမှုများကို တွေ့ရှိရပါကြောင်းနှင့် ပိုလန်နိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများသည် မြန်မာနိုင်ငံအတွက် အတွေ့အကြုံများ ရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသိဒ္ဓိမာန်၌ မြန်မာနိုင်ငံဆိုင်ရာ ပိုလန်နိုင်ငံသံအမတ်ကြီး H.E. Mr. Zenon KUCHCIAK ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်ခံတွေ့ဆုံရာတွင် ပြောကြားသည်။

ပိုလန်သံအမတ်ကြီးက ပိုလန်နိုင်ငံမှ စစ်ရေး၊ နိုင်ငံရေးကျွမ်းကျင်သူများက မြန်မာ့တပ်မတော်ကို ခိုင်မာတောင့်တင်းသည့် အဖွဲ့အစည်းအဖြစ် ရှုမြင်ပြီး နိုင်ငံပြုပြင်ပြောင်းလဲရေးတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေသည်ဟု အကဲခတ်သုံးသပ်ပါကြောင်း၊ အနောက်အုပ်စုမှ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုအချို့ ကျန်ရှိနေသော်လည်း ပိုလန်နိုင်ငံအနေဖြင့် နိုင်ငံတကာဆိုင်ရာ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံစစ်ဘက်ဆိုင်ရာထိတွေ့ဆက်ဆံမှုကို အရှိန်မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ဆက်ဆံရေး ပူးပေါင်းဆောင်ရွက်ရေးများတွင် တိုးတက်မှု ရရှိလာမည်ဖြစ်ကြောင်း၊ ယခုနှစ်အတွင်း စစ်ဘက်ဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များဖြင့် ဆက်ဆံရေးတိုးမြှင့်မှု စတင်မည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သကဲ့သို့ ဘက်မလိုက်နိုင်ငံများအသင်းဝင်နိုင်ငံဖြစ်သည်နှင့်အညီ မိမိတို့တပ်မတော်အနေဖြင့်လည်း အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာနှင့်ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနိုင်ရေး တံခါးဖွင့်ထားပါကြောင်း၊ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် ပွင့်လင်းမြင်သာမှုကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အပြုသဘောဆောင်သော အထောက်အကူပြုမှု၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ရရှိပါကြောင်း၊ မိမိနိုင်ငံ၏ သမိုင်းကြောင်းအရ တပ်မတော်အနေဖြင့် နိုင်ငံတော်အကျိုးကိုအစဉ်ရှေးရှု၍ အမျိုးသားနိုင်ငံရေးအသွင်ဖြင့် ပါဝင်ရပ်တည်လျက်ရှိပါကြောင်း၊ လွတ်လပ်ရေးပြန်လည်ရရှိရေး ကြိုးပမ်းခဲ့မှုမှသည် ယနေ့တိုင်အောင် တပ်မတော်သည် နိုင်ငံတော်အတွက် မှန်ကန်စွာ ရပ်တည်ထိန်းသိမ်း ဆောင်ရွက်ခဲ့ကြောင်း၊ ယခုတွေ့ဆုံမှုသည် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်မည့်အခွင့်အလမ်းများ ပိုမိုရရှိစေမည်ဟုယုံကြည်ကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။ ပိုလန်နိုင်ငံစစ်သံမှူးကလည်း မြန်မာ့တပ်မတော်နှင့်ဆက်ဆံရေးကိုလည်း အပြည့်အဝတိုးမြှင့်လုပ်ဆောင်လိုကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ပိုလန်နိုင်ငံသံအမတ်ကြီး H.E. Mr. Zenon KUCHCIAK နှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (မြဝတီ)

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး ဇန်ကောက်အခြေစိုက် ပိုလန်နိုင်ငံ သံအမတ်ကြီးနှင့်အတူ စစ်သံမှူး Colonel Wojciech GOLASZEWSKI နှင့် ရန်ကုန်အခြေစိုက် ပိုလန်သံရုံးမှ သံရုံးယာယီတာဝန်ခံ Mr.Jacek PERLIN တို့ တက်ရောက်ခဲ့ကြသည်။

ပိုလန်နိုင်ငံသည် အရှေ့ဥရောပဒေသတွင်တည်ရှိပြီး ၁၉၈၀ ပြည့်နှစ်မှစတင်၍ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကာ ၂၀၀၄ ခုနှစ်တွင် အီးယူအဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့သည်။ စီးပွားရေးနှင့် နိုင်ငံရေးတွင် ဟန်ချက်ညီစွာဖြင့် လုပ်ကိုင်လျက်ရှိပြီး လက်ရှိတွင်လည်း အီးယူအဖွဲ့အတွင်း တက်ကြွစွာ ပါဝင်လှုပ်ရှားမှုများရှိသည်။ မြန်မာ-ပိုလန် သံတမန်ဆက်ဆံရေးကို ၁၉၅၅ ခုနှစ်ကစတင်ခဲ့ပြီး မြန်မာနိုင်ငံ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုကို ထောက်ခံသည့်သဘောထားဖြင့် အီးယူအဖွဲ့အတွင်း ရပ်တည်ပေးသည့် နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံအပေါ် စိတ်ပါဝင်စားမှုရှိကာ နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးပူးပေါင်းဆောင်ရွက်ရေး အရှိန်မြှင့်တင်လုပ်ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ၁၉၉၀ ပြည့်နှစ် ဝန်းကျင်ခန့်က စစ်ဘက်သုံးရဟတ်ယာဉ်အချို့ကို ပိုလန်နိုင်ငံမှ ဝယ်ယူအသုံးပြုခဲ့သည်။

ဩဂုတ်လ ၁၅ ရက်နေ့သည် ပိုလန်နိုင်ငံ၏ တပ်မတော်နေ့ဖြစ်ပြီး အီးယူသို့ဝင်ရောက်မှု (၁၆) နှစ်ပြည့်၊ နေတိုးသို့ဝင်ရောက်မှု (၁၅) နှစ်ပြည့်နှင့် ဒီမိုကရေစီပြောင်းလဲမှု (၂၅) နှစ်ပြည့်သည့် အခါသမယဖြစ်ကြောင်း သိရှိရသည်။

(မြဝတီ)

တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး စာချုပ်မူကြမ်းပါ ကွဲလွဲချက်များအား အချေသပ်နိုင်သည်အထိ ဆွေးနွေးသွားမည်

ရန်ကုန် ဩဂုတ် ၁၅

နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးစာချုပ်မူကြမ်းတွင် အဓိကကွဲလွဲချက်ဖြစ်သည့် တိုင်းရင်းသားများအရေးနှင့်ပတ်သက်၍ အလေးထားဆွေးနွေးကာ စာချုပ်မူကြမ်းပါအချက်များအား အချေသပ်နိုင်သည်အထိ ဆွေးနွေးမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၌ ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့(NCCT) တို့၏ ပဉ္စမအကြိမ် တွေ့ဆုံဆွေးနွေးပွဲမှ သိရသည်။

ယနေ့ကျင်းပသော တွေ့ဆုံဆွေးနွေးပွဲ၌ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း **(အပေါ်ယာပုံ)**က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုသည့် သဘောတူညီချက်သည် မြန်မာ့သမိုင်းတွင် တစ်ကြိမ်တစ်ခါမှမရှိခဲ့ဖူးသည့် သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အပစ်အခတ်ရပ်စဲရေး အတွက်သာမဟုတ်ဘဲ ငြိမ်းချမ်းရေးအတွက် အဓိကကျသည့် နိုင်ငံရေးဆွေးနွေးပွဲအဆင့်သို့တက်လှမ်းနိုင်ရန် ခိုင်ခံ့သည့် အခြေခံအုတ်မြစ်များ ချမှတ်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် တက်ရောက်လာမည့် အစိုးရသစ်အတွက်လည်း လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်အား လက်ဆင့်ကမ်းသွားနိုင်မည်ဖြစ်ကြောင်း၊ ယမန်နေ့က ကျင်းပခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး ဗဟိုကော်မတီအစည်းအဝေးတွင် မိမိတို့လုပ်ငန်းကော်မတီအတွက် သမ္မတကြီးက မူဝါဒများ ထပ်မံချမှတ်ပေးလိုက်ကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် ရလဒ်ကောင်းများ ရရှိရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် NCCT အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာက တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအတွက် ဆွေးနွေးပွဲများစွာ ကျင်းပခဲ့ပြီးဖြစ်၍ ယုံကြည်မှုများစွာ ရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ မကြာမီက ကချင်ပြည်နယ်တွင်ကျင်းပခဲ့သည့် လိုင်ဇာ ထိပ်သီးခေါင်းဆောင်များ အစည်းအဝေးတွင် တိုင်းရင်းသားလူမျိုးများအတွက် အခိုင်အမာ ရပ်တည်ကိုင်ဆွဲထားမည့်လမ်းညွှန်မှုများ ချမှတ်ပေးနိုင်ခဲ့ကြောင်း၊ NCCT အနေဖြင့် ယနေ့အစည်းအဝေးတွင် တိုင်းရင်းသားများအတွက် အခြေခံမူပိုင်းဆိုင်ရာဖြစ်သည့် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးများကိုဆွေးနွေးရန်၊ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာတွင် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပြီးပါက နိုင်ငံရေးဆွေးနွေးပွဲကြီးကို ပူးတွဲဦးဆောင်သွားမည့် ကော်မတီတစ်ရပ် ဖွဲ့စည်းရန်၊ ကြားကာလတွင် သက်ဆိုင်ရာအဖွဲ့အစည်းများ မူလအနေအထားအတိုင်း ဆက်လက်ရပ်တည်သွားနိုင်ရေးနှင့် စစ်ပွဲများကြောင့် ဒုက္ခရောက်နေသည့် ပြည်သူများ၏အရေးကို ကူညီဖြေရှင်းပေးရန် စသည့်အချက်များအပါအဝင် အချက်(၇)ချက်ကို NCCT အနေဖြင့် အလေးထား ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် NCCT ဒုတိယအဖွဲ့ခေါင်းဆောင်(၂) ဗိုလ်ချုပ်ဂွမ်မော်က ပြည်သူများမျှော်လင့်နေသည်မှာ ငြိမ်းချမ်းရေးနှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး၏ နောက်တွင်ဖြစ်ပေါ်လာမည့် အသီးအပွင့်များပင်ဖြစ်ကြောင်း၊ အစကောင်းမှ အနှောင်းသေချာမည်ဖြစ်သဖြင့် ယခုဆွေးနွေးပွဲများသည် အရေးကြီးသည့် ခြေလှမ်းများဖြစ်သည်ကို မီဒီယာများကတစ်ဆင့် ပြောကြားလိုကြောင်း၊ NCCT အနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ တန်းတူညီမျှရေးကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ NCCT အဖွဲ့ ဒုတိယခေါင်းဆောင် ပဒိုစောကွယ်ထူးဝင်းတို့က နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးသည် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) တို့၏ ပဉ္စမအကြိမ် တွေ့ဆုံဆွေးနွေးခြင်းဖြစ်သည်။ နှစ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ဒုတိယမူကြမ်းကို အချေသပ်ပြီးစီးသည်အထိ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်း ကော်မတီဝင်များ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့မှ တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ MPC မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ဟိုတယ်ဝန်ဆောင်မှု ဖွင့်ပွဲကျင်းပ

မုံရွာ ဩဂုတ် ၁၅

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် ဟိုတယ်ဝန်ဆောင်မှုသင်တန်းဖွင့်ပွဲကို မုံရွာမြို့ ဝင်းယူနတီဟိုတယ်၌ ဩဂုတ် ၁၁ ရက် နံနက် ၈ နာရီက ကျင်းပသည်။ ဖွင့်ပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် ဝန်ကြီးများ၊ ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေတို့ တက်ရောက်ခဲ့သည်။

သင်တန်းသားစုစုပေါင်း ၁၀၀ ရှိပြီး ယင်းကဲ့သို့ သင်တန်းမျိုးကို ယခုအကြိမ် အပါအဝင် (၁၃) ကြိမ်ရှိပြီး ၃၉၈၇ ဦး တက်ရောက်ပြီးဖြစ်သည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေသည် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းဖြစ်သော ဟန်လင်းမြို့သို့ သွားရောက်လေ့လာခဲ့သည်။

သင်တန်းတွင် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေး ဝန်ဆောင်မှုသင်တန်း၊ အစားအစာနှင့် အဖျော်ယမကာဧည့်ခံခြင်းနှင့် ထုတ်လုပ်ခြင်းဝန်ဆောင်မှုသင်တန်းတို့ကို ပို့ချပေးမည်ဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၈-၂၀၁၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၃)တွင်ပါရှိသော မြန်မာနိုင်ငံပြန်တမ်း စာကြောင်းရေ ၂ တွင် နိုင်ငံခြားရေးရာဦးစီးဌာန အစား နိုင်ငံရေးရာဦးစီးဌာနဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

စာတည်းအဖွဲ့

နိုင်ငံတကာသတင်း

ဘဂ္ဂဒက်နိုင်ငံရေးအကျပ်အတည်းအဆုံးသတ်ရန် အီရတ်ဝန်ကြီးချုပ်နော်ရီမာလီကီ ရာထူးမှနုတ်ထွက်

ဘဂ္ဂဒက် ဩဂုတ် ၁၅

အီရတ်ဝန်ကြီးချုပ်နော်ရီမာလီကီသည် ဘဂ္ဂဒက်နိုင်ငံရေးအကျပ်အတည်းအဆုံးသတ်ရန် မျှော်လင့်ချက်ဖြင့် ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်သွားပြီဖြစ်သည်။

ပါလီမန်ဒုတိယဥက္ကဋ္ဌ ဟိုင်ဒါ အယ်လ်-အဘာဒီက အီရတ်သမ္မတထံ အစိုးရဖွဲ့ရန် တောင်းဆိုလိုက်သည်။ မစ္စတာမာလီကီသည် အီရတ်အကျပ်အတည်းကြောင့် အပြစ်ပြောဆိုခံနေရပြီး ရှစ်နှစ်ကြာ တာဝန်ထမ်းဆောင်ပြီးနောက် နုတ်ထွက်ပေးရန် စောစောပိုင်းတွင် ငြင်းဆိုခဲ့သည်။ သို့သော်လည်း ၎င်း၏နုတ်ထွက်မှုကို ကုလသမဂ္ဂနှင့် အမေရိကန်က ကြိုဆိုလိုက်သည်။

အီရတ်အစိုးရအနေဖြင့် အီရတ်မြောက်ပိုင်းအစ္စလာမ္မစ် တိုက်ခိုက်ရေး သမားများ၏ နယ်မြေများ ချဲ့ထွင်သိမ်းပိုက်လာမှုအပေါ် ရပ်တန့်အောင် မလုပ်နိုင်ဘဲဖြစ်နေသည်။

အိုင်ဆက်ဟု လူသိများသည့် ဆွန်နီမွတ်စလင် ဂျီဟတ်အုပ်စုက ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် ဘေးကင်းလုံခြုံမှုနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းနှင့်ရင်ဆိုင်နေရသည်။ လူပေါင်း ၁ ဒသမ ၂ သန်းမှာ နေအိမ်များကို စွန့်ခွာထွက်ပြေးကြရသည်။

မစ္စတာမာလီကီက ၎င်း၏ သဘောဆန္ဒအတိုင်း နုတ်ထွက်ရန် မကြေညာမီအကြမ်းဖက်သမားများကို မြေမြှုပ်ပစ်မည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်ဟု မစ္စတာအဘာဒီနှင့် အခြားသောရှီးယိုက်နိုင်ငံရေးသမားများက ပြောသည်။

"ဒီကနေ့အချိန်မှစပြီး အီရတ်နိုင်ငံရဲ့ နိုင်ငံရေးအခြေအနေမှာ တိုးတက်လာပြီး အစိုးရသစ်ဖွဲ့စည်းနိုင်တော့မှာပါ"ဟု အဘာဒီက ပြောကြားသည်။

(ဘီဘီစီ)

အီဘိုလာရောဂါထိန်းချုပ်ရေး အနည်းဆုံးခြောက်လကြာမည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဦးဆောင်မှုဖြင့် အစိုးရအားလုံးပါဝင်

ဂျီနီဗာ ဩဂုတ် ၁၅

အနောက်အာဖရိကတွင် အီဘိုလာရောဂါဖြစ်ပွားလျက်ရှိရာ ယင်းရောဂါကိုထိန်းချုပ်နိုင်ရန်မှာ အနည်းဆုံး ခြောက်လကြာလိမ့်မည် ဖြစ်ကြောင်း ဆန်ဖရွန်တီယာဆေးဘက်ဆိုင်ရာအဖွဲ့(အမ်အက်စ်အက်ဖ်) က ပြောကြားလိုက်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဦးဆောင်လျက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ ပိုမိုပြုလုပ်ရန်လည်း အမ်အက်စ်အက်ဖ်အဖွဲ့ဥက္ကဋ္ဌ ဂျိုယာနီလူက ဂျီနီဗာ၌ ပြောကြားလိုက်သည်။

စောစောပိုင်းတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အဆိုပါ ရောဂါထိန်းချုပ်သွားနိုင်ရေး အစီအမံများ ပြုလုပ်နေကြောင်းဖြင့်လည်း ပြောကြားသည်။ ထူးခြားသော အစီအမံများပြုလုပ်ရန်လည်းလိုကြောင်း ၎င်းအဖွဲ့ကပြောသည်။

ဖေဖော်ဝါရီလတွင် ဂီနီနိုင်ငံ၌ စတင်ဖြစ်ပွားခဲ့သော အဆိုပါရောဂါသည် လိုက်ဘေးရီးယား၊ ဆီရာလီယွန်းနှင့် နိုင်ဂျီးယားနိုင်ငံများသို့ ပျံ့နှံ့ခဲ့သည်။ ယနေ့အထိ သေဆုံးသူ ၁၀၆၉ ဦး ရှိသွားပြီဖြစ်သည်။

လူပေါင်း ၃၀၀ ကျော်သေဆုံးခဲ့သည့် လိုက်ဘေးရီယားတွင် အဆိုပါရောဂါကို စတင်ထိန်းချုပ်နေပြီဖြစ်ကြောင်း မစ္စစ်လူက ပြောသည်။ "ကျွန်မတို့ လိုက်ဘေးရီးယားကို မထိန်းချုပ်နိုင်ဘူးဆိုရင် ဒေသတွင်းတည်ငြိမ်အောင် ထိန်းချုပ်လို့ရမှာမဟုတ်ပါဘူး" ဟု ပြောသည်။

နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဦးဆောင်မှုဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်ရန်လည်း ၎င်းကတိုက်တွန်းလိုက်သည်။ "အစိုးရအားလုံးက ဒီကိစ္စကို အရေးယူဆောင်ရွက်မှုလုပ်ကို လုပ်ရမှာပါ။ မလုပ်လို့ မဖြစ်ပါဘူး" ဟုလည်း ၎င်းကဆက်လက်ပြောကြားသည်။

ဘီဘီစီ

ကိုင်ရိုမြို့၌ဆန္ဒပြသူများကို ရဲတပ်ဖွဲ့ဝင်များတိုက်ခိုက်

ကိုင်ရို ဩဂုတ် ၁၅

ကိုင်ရိုမြို့၌ သမ္မတဟောင်းမော်စီထောက်ခံသူများ အများအပြားသေဆုံးခဲ့သည့် အထိမ်းအမှတ် ပထမဆုံးနှစ်ပတ်လည်အဖြစ် ဆန္ဒပြသူများကို အီဂျစ်ရဲတပ်ဖွဲ့ဝင်များက တိုက်ခိုက်မှုပြုလုပ်ခဲ့ရာ ခြောက်ဦးထက်မနည်းသေဆုံးခဲ့သည်။

ပြီးခဲ့သည့်ကြာသပတေးနေ့က နိုင်ငံတစ်ဝန်းတိုက်ခိုက်မှု၌ ရဲတပ်ဖွဲ့ဝင်ဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်။ ယခင်တပ်မတော် အကြီးအကဲ ယခုသမ္မတစီစီသည် အီဂျစ်နိုင်ငံ၏ ပထမဆုံး လွတ်လပ်စွာရွေးချယ်တင်မြှောက်ခဲ့သောသမ္မတကို ဖြုတ်ချခဲ့ပြီးနောက် ၂၀၁၃ ခုနှစ် ဩဂုတ် ၁၄ ရက်က စတင်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သပိတ်စခန်းနှစ်ခု၌ မော်စီထောက်ခံသူရာပေါင်းများစွာကို ထိထိရောက်ရောက်နှိမ်နင်းမှုများပြုလုပ်ခဲ့ရာ ရာပေါင်းများစွာသေဆုံးခဲ့ရသည်။

မော်စီဖြုတ်ချခံရပြီးကတည်းက အီဂျစ်နိုင်ငံသည် မော်စီထောက်ခံသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား တိုက်ခိုက်မှုများအဆက်မပြတ်ဖြစ်ပွားခဲ့သည်။

အစိုးရက မော်စီထောက်ခံသူများကို နှိမ်နင်းမှုများပြုလုပ်ခဲ့ရာ ၁၄၀၀ ကျော် သေဆုံးခဲ့ပြီး ၁၅၀၀၀ ထက်မနည်းကို ဖမ်းဆီးထောင်ချခဲ့ရာ ရာပေါင်းများစွာ တစ်သက်တစ်ကျွန်း (သို့မဟုတ်) သေဒဏ်ချခံခဲ့ရကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောခဲ့သည်။ **(ပရက်စ်တီဗွီ)**

အိုကီနာဝါကျွန်း စစ်စခန်းသစ်ဆောက်ရန် ဆန့်ကျင်ဆန္ဒပြ

အိုကီနာဝါ ဩဂုတ် ၁၅

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်း၌ အမေရိကန်စစ်အခြေစိုက်စခန်းအငြင်းပွားဖွယ် ပြန်လည်နေရာချထားရေးအစီအစဉ်ကို ဂျပန်ပြည်သူများက လက်မခံဘဲ ဆန့်ကျင်ဆန္ဒပြခဲ့သည်။ ကြာသပတေးနေ့က ဆန္ဒပြသူပေါင်း ၂၀၀ ခန့်သည် ပူတမာလေတပ်အခြေစိုက်စခန်းကို ပိတ်သိမ်းရန် ဆော်ဩတိုက်တွန်းလိုက်ပြီး အဆိုပါအမေရိကန်အခြေစိုက်စခန်းကို ကျွန်း၏ကမ်းလွန်သို့ ရွှေ့ပြောင်းပေးရန် တောင်းဆိုလိုက်သည်။

ဆန္ဒပြသူအချို့က "အခြေစိုက်စခန်းသစ်အလိုမရှိ"ဟူသော ဆိုင်းဘုတ်များကိုင်ဆောင်၍ ဆန္ဒပြခဲ့ကြသည်ဟု ဆိုသည်။ အမေရိကန်၏ အဆိုပါ အစီအစဉ်သည် ပူတမာလေတပ်အခြေစိုက်စခန်းကို အိုကီနာဝါကျွန်းပေါ်ရှိ နာဂိုမြို့သို့ ပြောင်းရွှေ့ရန်စီစဉ်လျက်ရှိသည်။ ကြာသပတေးနေ့က အဆိုပါအစီအစဉ်၏ ပထမဆင့်ကို စတင်လျက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းကို ဟီနိုကိုကမ်းရိုးတန်း၌ စတင်ဆောက်လုပ်သွားမည်ဟု ဆိုသည်။

(ပရက်စ်တီဗွီ)

ဒိုးနက်မြို့၌ သုံးရက်ကြာတိုက်ခိုက်မှု ပြည်သူ ၇၀ ကျော်သေဆုံး

ကီယက်ဗ် ဩဂုတ် ၁၅

ယူကရိန်းတပ်ဖွဲ့ဝင်များနှင့် ရုရှားလိုလားသူခွဲထွက်ရေးသမားများအကြား သုံးရက်ကြာတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အရပ်သား ၇၀ ကျော် သေဆုံးခဲ့ကြောင်း အရာရှိများက ပြောခဲ့သည်။ ဒိုးနက်မြို့အရှေ့ပိုင်း၌ ကီယက်ဗ်အစိုးရတပ်ဖွဲ့ဝင်များနှင့် ရုရှားလိုလားသူခွဲထွက်ရေးသမားများအကြား တိုက်ခိုက်မှုများအပြင်းအထန် ဖြစ်ပွားလျက်ရှိသည်။

ယူကရိန်းတပ်ဖွဲ့ဝင်များသည် ရုရှားလိုလားသူခွဲထွက်ရေးသမားများ၏ နယ်မြေဖြစ်သည့် ဒိုးနက်မြို့ကို ပြင်းပြင်းထန်ထန်တိုက်ခိုက်ခဲ့ရာ လူနေအိမ်များစွာပျက်စီးခဲ့ကြောင်း ဒေသသတင်းရပ်ကွက်က ဖော်ပြခဲ့သည်။

ယူကရိန်းအရှေ့ပိုင်း၌ ထိခိုက်ဒဏ်ရာရရှိသူ အရေအတွက်သည် ပြီးခဲ့သည့် ရက်သတ္တနှစ်ပတ်ကျော်ကထက် နှစ်ဆနီးပါးရှိလာခဲ့ကြောင်း၊ အဆိုပါတိုက်ခိုက်မှုများကြောင့် ပြည်သူ ၃၀၀၀၀၀ ခန့်သည် နေအိမ်များ စွန့်ခွာထွက်ပြေးခဲ့ရကြောင်း ကုလသမဂ္ဂက ပြောခဲ့သည်။

ဒိုးနက်မြို့ရှိ ရုရှားလိုလားသူ ခွဲထွက်ရေးသမားများသည် ၎င်းဒေသရှိ လူ့အခွင့်အရေးဆိုင်ရာ ဘေးဒုက္ခများကို ဖယ်ရှားရန် အပစ်အခတ် ရပ်စဲရေးအတွက် ကမ်းလှမ်းခဲ့သော်လည်း ကီယက်ဗ်အစိုးရဘက်က ငြင်းဆိုခဲ့သည်ဟု နောက်ဆုံးရသတင်းများအရ သိရသည်။ **(ပရက်စ်တီဗွီ)**

ဟေတီသမ္မတဟောင်း ထောက်ခံသူများ ကုလသမဂ္ဂတပ်ဖွဲ့ဝင်များနှင့် အဓိကရုဏ်းဖြစ်

ပို့အော်ပရင့်စ် ဩဂုတ် ၁၅

ဟေတီရောက် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များနှင့် သမ္မတဟောင်း ဂျင်းဘတ်ထရန်းအရစ္စတိုက်ကို ထောက်ခံသူများသည် အဓိကရုဏ်းဖြစ်ပွားခဲ့သည်။

ဒါဇင်ပေါင်းများစွာသော မစ္စတာအရစ္စတိုက်ထောက်ခံသူများက ၎င်းအား ဖမ်းဆီးမည်စိုး၍ နေအိမ်အပြင်ဘက်၌ အတားအဆီးများ ပြုလုပ်ထားသည်။

ကုလသမဂ္ဂတပ်ဖွဲ့ဝင်များကၡင်းတို့၏ဝန်ထမ်းတစ်ဦးအားသယ်ဆောင်လာသောကားကို တိုက်ခိုက်ခဲ့ပြီးနောက် ဆန္ဒပြသူများအား မီးခိုးလက်ပစ်ဗုံးများသုံး၍ ပစ်ခတ်ခဲ့သည်။

မစ္စတာအရစ္စတိုက်သည် ငွေကြေးခဝါချသည်ဟူသော စွပ်စွဲမှုများနှင့် ရင်ဆိုင်နေရသည်။ သို့သော်လည်း ၎င်းအားထောက်ခံသူများက ယင်းစုံစမ်းစစ်ဆေးမှုသည် နိုင်ငံရေးသည် အရင်းခံအကြောင်းဖြစ်ကြောင်း ဆန္ဒပြသူများက ပြောသည်။

ဗုဒ္ဓဟူးနေ့က မစ္စတာအရစ္စတိုက်အား အကျင့်ပျက်ခြစားမှုနှင့် မူးယစ်ဆေးဝါးမှောင်ခိုမှုများ အပါအဝင် စွပ်စွဲထားသော အမှုများကို ရုံးထုတ်စစ်ဆေးရန် မအောင်မြင်ခဲ့ပြီးနောက် ၎င်းအားတရားရုံးက ဖမ်းဝရမ်းထုတ်လိုက်သည်။

သို့သော်လည်း ဆင့်ခေါ်စာမရသည့်အတွက် တရားရုံးသို့ လာရောက်စစ်ဆေးခံရန် ပျက်ကွက်ခဲ့ကြောင်း မစ္စတာအရစ္စတိုက်၏ ရှေ့နေက ပြောသည်။ ၎င်းအားထောက်ခံသူများက နေအိမ်ကို ဝိုင်းရံထားကြပြီး ဖမ်းဆီးရန် လာရောက်သူများအား ကာကွယ်ပေးလျက်ရှိသည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ “ရတနာပုံ” စစ်ဆင်ရေး မန္တလေးတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၅

နိုင်ငံတော်က မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိရာတွင် နေရာဒေသနှင့် အချိန်ကာလပေါ်မူတည်၍ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အထူးစစ်ဆင်ရေးများအသွင်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

၂၀၁၄ ခုနှစ် မတ် ၃၁ ရက်မှ ဇွန် ၂၄ ရက်အထိ မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်အတွင်းရှိ အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ ပုသိမ်ကြီး၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ မဟာအောင်မြေ၊ အမရပူရမြို့နယ်များ၊ ကျောက်ဆည်ခရိုင်အတွင်းရှိ ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦး၊ မြစ်သားမြို့နယ်များနှင့် ပြင်ဦးလွင်ခရိုင်အတွင်းရှိ ပြင်ဦးလွင်၊ မိုးကုတ်၊ သပိတ်ကျင်း၊ စဉ့်ကူး၊ မတ္တရာမြို့နယ်များတွင် “ရတနာပုံ”စစ်ဆင်ရေး သတ်မှတ်၍ တပ်ဖွဲ့ဝင် ၁၆၉ ဦးဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ဘိန်းဖြူ ၃၉ မှု၊ အလေးချိန် ၂ ဒသမ ၂၀၁၄ ကီလို၊ ဘိန်းစိမ်း ၈ မှု၊ အလေးချိန် ၂၈ ဒသမ ၉၆၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၆ မှု၊ ၄၁၀၆၅ ပြား၊ ဆူဒိုဆက်ဖီဒရင်းအမှုန့် ၃ မှု၊ အလေးချိန် ၅ ဒသမ ၉ ကီလို၊ ဘိန်းဆီခဲ ၈ မှု၊ အလေးချိန် ၃၈၀ ဒသမ ၂ ဂရမ်၊ ဘိန်းညိုမှုန့် ၁ မှု၊ အလေးချိန် ၂၅ ကီလို၊ ဆေးခြောက် ၁ မှု၊ အလေးချိန် ၅ ဒသမ ၃ ဂရမ်၊ အဆင့်နိမ့်ဘိန်း ၁ မှု၊ ၁ ဒသမ ၀၂ ကီလို၊ အိုက်စ် ၁ မှု၊ အလေးချိန် ၁ ဒသမ ၇၅ ကီလို၊ ထရာမဒေါလ် ၈၈ တောင့် စုစုပေါင်း မူးယစ်ဆေးဝါးတန်ဖိုး ကျပ်သိန်းပေါင်း ၆၀၇၂ ဒသမ ၁၅ နှင့် သက်သေခံပစ္စည်း ဆိုင်ကယ် ၄၉ စီး၊ ကား ၇ စီး၊ လက်ကိုင်ဖုန်း ၆၂ လုံး၊ မြန်မာငွေ ၃၀ ဒသမ ၃၈ သိန်းနှင့် မူးယစ်ဆေးဝါးအမှုပေါင်း ၁၂၀ မှုအား မူးယစ်ဆေးဝါးပြစ်မှု ကျူးလွန်သူ အမျိုးသားတရားခံ ၁၄၈ ဦး၊ အမျိုးသမီးတရားခံ ၂၃ ဦး စုစုပေါင်းတရားခံ ၁၇၁ ဦးတို့နှင့်အတူ အမှုဖွင့်အရေးယူနိုင်ခဲ့သည်။

အဆိုပါ “ရတနာပုံ” စစ်ဆင်ရေးကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ ၃၅ ကြိမ်ပြုလုပ်ခဲ့ရာ ပြည်သူလူထု ၇၅၀၅ ဦးအား အသိပညာပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုမှန်သမျှ တိုက်ဖျက်ကြ

ပင်လုံ၊ မြိတ်၊ တောင်ကြီးတို့တွင် ဘိန်းစိမ်း၊ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၅

ဩဂုတ် ၁၃ ရက်က မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လုံမြို့နယ် နောင်ပလူးကျေးရွာနေ မြင့်ဇော်(ခ)တမောင်း၏ နေအိမ်အား သတင်းအရ ရှာဖွေရာ ဘိန်းစိမ်း ၁၁၀ ဂရမ် ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ပင်လုံမြို့နယ် နောင်ပိန်းကျေးရွာနေ ထွက်မောင်၏ နေအိမ်အား ဆက်လက်ရှာဖွေရာ ဘိန်းစိမ်း ၁ ဒသမ ၆ ကီလို ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် မြင့်ဇော်(ခ)တမောင်း(၃၉နှစ်)နှင့် ထွက်မောင်(၆၅နှစ်) တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားသည်။

ထို့အတူ ဩဂုတ် ၁၂ ရက်က မြိတ်ခရိုင် အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြိတ်မြို့ ကန်ခေါင်းရပ်ကွက် သစ္စာလမ်းနေ စိုးလွင်(ခ) ဂျာမား၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မတင်တင်အေးအား တွေ့ရှိပြီး စိုးလွင်မှာ ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ ကန်ခေါင်းရပ်ကွက် အဏ္ဏဝါရေမြောင်းဘေးတွင် ဖမ်းမိခဲ့သည်။

ပူးပေါင်းအဖွဲ့သည် ၎င်း၏နေအိမ်အား ဆက်လက်ရှာဖွေရာ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၈၃ပြားနှင့် ၎င်းထံမှ မူးယစ်ဆေးဝါး ရောင်းချရငွေကျပ် ၂၂ ဒသမ ၀၀၅ သိန်း၊ မတင်တင်အေးထံမှ ဘိန်းစာမှုန့် ၀ ဒသမ ၃၅ ကီလိုနှင့် မြန်မာငွေစက္ကူရောရာ ငွေကျပ် ၄၄၀၀၀ သိမ်းဆည်းရမိသည်။ စစ်ဆေးဖော်ထုတ်ချက်အရ ကန်ခေါင်းရပ်ကွက် အဏ္ဏဝါရေမြောင်းဘေးတွင် စိတ်ကြွရူးသွပ်ဆေးပြားများအား ပစ်ချခဲ့ကြောင်း သိရှိရ၍ သွားရောက်ရှာဖွေရာ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၇၄ ပြား ထပ်မံသိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးများအား တနင်္သာရီမြို့နယ် မရင်ကြီးကျေးရွာနေ လှမောင်နှင့် မြိတ်မြို့ ကန်ခေါင်းရပ်ကွက် နွားနို့ကလက်လမ်းနေ မန်အင်တို့ထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် စိုးလွင်(ခ) ဂျာမား (၃၈နှစ်)၊ မတင်တင်အေး(၅၈နှစ်)၊ မန်အင်(၃၃နှစ်)(ဖမ်းမမိသေး)နှင့် လှမောင်(၄၀နှစ်)ခန့် (ဖမ်းမမိသေး)တို့ လေးဦးအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားသည်။

အလားတူ မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်နေ ညီထွေး၏ ဆေးဆိုင်ကို ရှာဖွေရာ WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၃ ပြား သိမ်းဆည်းရမိခဲ့သည်။ စစ်ဆေးဖော်ထုတ်ချက်အရ စိုင်းထွန်းအောင်က ရောင်းချခိုင်းသော မူးယစ်ဆေးဝါးများဖြစ်ကြောင်းသိရ၍ တောင်ကြီးမြို့ သစ်တောရပ်ကွက် ဗိုလ်ချုပ်လမ်း သစ်တောကားကြီးဝင်းနေ စိုင်းထွန်းအောင်အား ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ညီထွေး(၃၇နှစ်)နှင့် စိုင်းထွန်းအောင်(၃၉နှစ်)တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားသည်။

(သတင်းစဉ်)

မြင့်ဇော်(ခ)တမောင်းအား ဖမ်းဆီးရမိ ဘိန်းစိမ်းများနှင့် အတူ တွေ့ရစဉ်။

စိုးလွင်(ခ)ဂျာမားအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ညီထွေးနှင့် စိုင်းထွန်းအောင်တို့အား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

လယ်ဝေးရဲစခန်းရှိ တပ်ဖွဲ့ဝင်များက ဆိုင်ကယ်ခိုးမှုများ ဖော်ထုတ်

နေပြည်တော် ဩဂုတ် ၁၅

နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆိုင်ကယ်ခိုးယူ ပျောက်ဆုံးမှုများ မကြာခဏ ဖြစ်ပွားနေသဖြင့် နေပြည်တော် ရဲတပ်ဖွဲ့မှူးက မြို့နယ်ရဲစခန်းများအလိုက် ဆိုင်ကယ်ခိုးမှု တားဆီးကာကွယ်ရေးနှင့် ဖော်ထုတ်ဖမ်းဆီးရေး အစီအမံများ ရေးဆွဲကြီးကြပ်ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၄ ရက် နံနက် ၄ နာရီခွဲတွင် လယ်ဝေးမြို့မရဲစခန်း နယ်ထိန်းအဖွဲ့မှ ရဲအုပ်မျိုးအောင်နှင့်အဖွဲ့သည် အရပ်ဝတ်ဖြင့် အသွင်ယူသတင်းစုံစမ်းနေစဉ် နယ်ထိန်းရဲတပ်ကြပ်နိုင်ဝင်းထွန်းက မသင်္ကာဖွယ်လူတစ်ဦး လယ်ဝေးမြို့ အမှတ်(၂) ရပ်ကွက်အတွင်း လှည့်လည်၍ ဆိုင်ကယ်တစ်စီးရောင်းချနေကြောင်း သတင်းရရှိသဖြင့် ရဲအုပ်မျိုးအောင်၊ အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်တို့နှင့်အတူ ဆိုင်ကယ်ရောင်းသူကို စစ်ဆေးရာ သန်းစိုး(၂၄နှစ်) အလျှင်လိုရွာ ဇမ္ဗူသီရိမြို့နယ်နေသူဖြစ်ပြီး ၎င်းရောင်းချရန် ယူဆောင်လာသော ဆိုင်ကယ်မှာ Kenbo(125) နီနက်ကျားဖြစ်ပြီး ၎င်းဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထားများ ခိုင်လုံစွာပြသနိုင်ခြင်းမရှိသဖြင့် သန်းစိုးသည် ဆိုင်ကယ်ကို တစ်နေရာမှ ခိုးယူလာသည်ဟု မသင်္ကာသဖြင့် လယ်ဝေးမြို့မရဲစခန်းက စစ်ဆေးခဲ့ရာ ၎င်းနှင့်အတူ မသင်္ကာ ဖမ်းဆီးရမိခဲ့သော ဆိုင်ကယ်မှာ ဩဂုတ် ၃ ရက် ညက ဇမ္ဗူသီရိ မြို့နယ် ရွှေကြာပင်ဈေးအနီးကား ဝပ်ရှော့တန်းရှိ သံပန်းတံခါးနှင့် သံဂဟေလုပ်သည့် ဆိုင်ရှေ့မှ ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ ၎င်းနောက် ဆက်လက်ပြီး စဉ်ဆက်မပြတ် စစ်ဆေးဖော်ထုတ်ခဲ့ရာ သန်းစိုးက ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ စတင်ပြီး ဇမ္ဗူသီရိမြို့နယ်အတွင်းမှ ခိုးယူပြီး လယ်ဝေးမြို့နယ် ကျေးရွာများသို့ လှည့်လည်ရောင်းချထားကြောင်း၊ စစ်ဆေးဖော်ထုတ်ရရှိသော သက်သေခံပစ္စည်း ဆိုင်ကယ်ကိုးစီးကို ထပ်မံသိမ်းဆည်းရရှိခဲ့ကြောင်းနှင့် ဆိုင်ကယ်ပျောက်ဆုံးသူများထံ ဆက်သွယ် အကြောင်းကြားထားပြီး အမှုများကို သက်ဆိုင်ရာ ရဲစခန်းသို့ လွှဲပြောင်းပေးအပ်ရန် စီစဉ်ထားကြောင်း သိရသည်။

ဇော်မျိုးနိုင်

Junction Cineplex တွင် 15 . 8 . 2014 မှ စတင်ပြသမည့် ဇာတ်ကားများ

Junction Square (Ph - 01 527055, 09 2544 24544)		
Rage	Sun to Thu	10 AM , 1 PM , 4 PM , 7 PM
	Fri & Sat	10 AM , 1 PM , 4 PM , 7 PM , 9 . 30 PM
Guardians Of The Galazy (Dell Digital Cinema)	Sun to Thu	10 AM , 1 PM , 4 PM , 7 PM
	Fri & Sat	10 AM , 1 PM , 4 PM , 7 PM , 9 . 30 PM
အဆုံးမဲ့အချစ်	Sun to Thu	10 AM , 12 . 30 PM , 3 . 30 PM , 6 . 30 PM
	Fri & Sat	10 AM , 12 . 30 PM , 3 . 30 PM , 6 . 30 PM , 9 . 30 PM
Junction Nay Pyi Taw (Ph - 067 421 615)		
အချစ်များနှင့် ဖန်ဆင်းမယ်	Mon to Thu	11 AM , 2 PM , 6 . 30 PM
	Fri to Sun	10 . 30 AM , 1 . 30 PM , 4 . 30 PM , 7 . 30 PM

အရည်အသွေးစစ်မှန် စိတ်ချရသည့် SIEMENS တံဆိပ် Low Voltage products များဖြစ်သော ACB, MCCB, Fuse System, MCB,RCCB, RCBO များအား ကိုယ်စားလှယ်အဖြစ် ရောင်းချလိုသည့် လျှပ်စစ်ပစ္စည်းအရောင်းဆိုင်များသည် အောက်ပါလိပ်စာ သို့ ဆက်သွယ်ပြီး အရောင်းကိုယ်စားလှယ်များ အဖြစ်ညှိနှိုင်း ဆောင်ရွက်နိုင်ပါသည်။

ဆက်သွယ်ရန်း Myanma Power Spectrum Co., Ltd.
အမှတ်(A-7)၊ အခန်း (၀၀၁/၂)၊ မြေညီထပ်၊ ရွှေကျွန်းမှာအိမ်ရာ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ Tel: 01-655261, 655262, 655263

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ဈေးကွက်ဝင်မော်တော်ယာဉ်များ ထုတ်လုပ်လျက်ရှိသော အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း

ချော
(ညောင်လေးပင်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပြည်ထောင်စုဝန်ကြီးဌာနပေါင်း ၃၅ ဌာနရှိသည့်အနက် စက်မှုဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်အောင်အကောင်အထည်ဖော်ပေးနေသော ဝန်ကြီးဌာနတစ်ခု ဖြစ်ပေသည်။ စက်မှုဝန်ကြီးဌာနအနေဖြင့် မော်တော်ယာဉ်ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ လယ်ယာသုံးပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေး လုပ်ငန်းများ၊ တာယာထုတ်လုပ်ခြင်းလုပ်ငန်းများ၊ စက္ကူနှင့်အိမ်သုံးကုန်ပစ္စည်း ထုတ်လုပ်သောလုပ်ငန်းများ၊ ဆေးဝါးနှင့်စားသောက်ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ၊ ဘိလပ်မြေနှင့် ကြွေထည်မြေထည်ပစ္စည်းထုတ်လုပ်သောလုပ်ငန်းများ၊ အထည်ထုတ်လုပ်သောလုပ်ငန်းများကို အဓိကထားဆောင်ရွက်လျက်ရှိပါသည်။

လုပ်ငန်းဌာနအသီးသီးအနက် အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းသည် ကုန်တင်ယာဉ်များ၊ လူစီးမော်တော်ယာဉ်များနှင့် မော်တော်ယာဉ်အစိတ်အပိုင်းများကို ပြည်သူအများ လမ်းပန်းဆက်သွယ်မှု အဆင်ပြေစေရေးနှင့် ခေတ်မီမော်တော်ယာဉ်များ လူတိုင်းစီးနင်းနိုင်ရေးအတွက် အဓိကထား ထုတ်လုပ်ရောင်းချပေးလျက်ရှိသော ဌာနတစ်ခုဖြစ်ပေသည်။

အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းလက်အောက်၌အမှတ်(၁၁) အကြီးစားစက်ရုံ (ရန်ကုန်)၊ အမှတ် (၁၂)အကြီးစားစက်ရုံ(ထုံးဘို)၊ အမှတ်(၁၃) အကြီးစား စက်ရုံ(မကွေး)၊ အမှတ်(၁၄) အကြီးစားစက်ရုံ(သာဂရ)၊ အမှတ်(၁၅)အကြီးစားစက်ရုံ(သာဂရ)၊ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)၊ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)အပါအဝင် စက်ရုံခုနစ်ရုံ ပါဝင်ပြီး ၎င်းစက်ရုံများ၏ ယန္တရားများအဆင်ပြေစွာ လည်ပတ်နိုင်ရေးအတွက် နေပြည်တော်(ရုံးချုပ်)ရှိ စီမံရေးဌာန၊ ထုတ်လုပ်ရေးဌာန၊ ဘဏ္ဍာရေးဌာန၊ ရောင်းချ ဖြန့်ဖြူးရေးဌာန၊ အုပ်ချုပ်ရေးဌာနများဖြင့် တိုက်ရိုက်ဆက်သွယ်ပံ့ပိုးဆောင်ရွက်လျက်ရှိပေသည်။

အမှတ်(၁၁)အကြီးစားစက်ရုံ(ရန်ကုန်)တွင် (10~15)Ton ကုန်တင်မော်တော်ယာဉ်များ ထုတ်လုပ်လျက်ရှိပြီး ၎င်းကိုအခြေခံ၍ ရေသယ်ယာဉ် (Water Bowser)၊ ဆီသယ်ယာဉ် (Oil Tanker)၊မီးသတ်ယာဉ် (Fire Fighting) ယာဉ်များ ထုတ်လုပ် ရောင်းချပေးလျက်ရှိသည်။ ၂၀၁၃ -၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ HOWO Truck မော်တော်ယာဉ်အမျိုးအစား Cargo Truck(6x4)(336 HP), Tractor Truck (371 HP), Dump Truck (6x4) (336 HP) ယာဉ်များ ထုတ်လုပ်မည့် စီမံကိန်းအားစတင်ခဲ့ပြီး ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြီးစီးမည်ဖြစ်သည်။

လူစီးမော်တော်ယာဉ်များဖြစ်သော ၁၂ ယောက်စီး Myanmar Royal Lounge (MRL) မော်တော်ယာဉ်များ၊ ၃၅ ယောက်စီး Myanmar City Bus မော်တော်ယာဉ်များကို ထုတ်လုပ်ရောင်းချပေးနိုင်ခဲ့သလို ဆီစားအနည်းဆုံးနှင့် Taxi ကားလောကတွင် ရေပန်းစားနေသော Myanmar Mini Saloon (812 CC) မော်တော်ယာဉ်များကိုလည်း အမှတ်(၁၁) အကြီးစားစက်ရုံ(ရန်ကုန်)မှပင် ထုတ်လုပ်ပေးခဲ့ခြင်းဖြစ်သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်လည်း (1000)CC Saloon ကားများထုတ်လုပ်ရောင်းချပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိနေပြီဖြစ်သဖြင့် ပြည်သူများဈေးနှုန်းချိုသာ၊ အရည်အသွေးကောင်းမွန်သော လူစီးမော်တော်ယာဉ်များ လွယ်ကူစွာဝယ်ယူရရှိစေရန် ကြိုးပမ်းဆောင်ရွက်နေသည့် စက်ရုံတစ်ရုံအဖြစ် အခိုင်အမာရပ်တည်နိုင်မည်မှာလည်း အသေအချာပင်ဖြစ်ပါသည်။

ဧရာဝတီမြစ်အနောက်ဘက်ကမ်း ပန်းတောင်းမြို့နယ်အတွင်း၌တည်ရှိသော အမှတ်(၁၂) အကြီးစားစက်ရုံ(ထုံးဘို) တွင် Myanmar Double Cab (MDC) Grand Tiger မော်တော်ယာဉ်များ၊ Myanmar Single Cab(MSC)မော်တော်ယာဉ်များ၊ Myanmar Sport Utility Vehicle (Land Mark) မော်တော်ယာဉ်များနှင့် Myanmar Station Wagon (MSW) မော်တော်ယာဉ်များအား ထုတ်လုပ်ရောင်းချလျက်ရှိနေပေသည်။ မော်တော်ယာဉ်ထုတ်လုပ်မှု လုပ်ငန်းများအပြင် Engine, Gear Box, Axle အစရှိသည့် ကားပစ္စည်းအစိတ်အပိုင်းများ စက်ခုတ်စားခြင်း၊ Grinding ပြုလုပ်ခြင်း၊ Heat Treatment အမာတင်ခြင်း လုပ်ငန်းများကို ကုန်ကြမ်းပေး ကုန်ချောယူလက်ခစားစနစ်ဖြင့် ဆောင်ရွက်နိုင်သည့်အပြင် Aluminum Casting သံရည်ကျိုသွန်းလောင်းခြင်းလုပ်ငန်းများ ၊ Piston နှင့် Piston Ring ထုတ်လုပ်မှုလုပ်ငန်းများ၊ Press Parts မျိုးစုံကို (Electronic System)ဖြင့် ဆေးစိမ်ခြင်းလုပ်ငန်းများ၊ ပြင်ပစက်မှုလုပ်ငန်းများမှ အပ်နှံလာသော လုပ်ငန်းများအား လက်ခံဆောင်ရွက်ပေးနေခြင်းဖြင့် အမှတ်(၁၂)အကြီးစားစက်ရုံ(ထုံးဘို)၏ မော်တော်ယာဉ်ထုတ်လုပ်မှု နည်းပညာကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိနေပေသည်။

အမှတ်(၁၃)အကြီးစားစက်ရုံမှာ မကွေးမြို့တွင် တည်ရှိ၍ (TATA) Heavy Turbo Truck (6×2) (160 HP)နှင့် (TATA) Heavy Turbo Truck (6×4) (230 HP)မော်တော်ယာဉ်များ၊ ၂၉ ယောက်စီးနိုင်သော Myanmar Mini Bus (MMB) (118 HP) ဘတ်စ်ကားများကို ထုတ်လုပ်တပ်ဆင်ပေးလျက်ရှိပြီး Truck ကားများအတွက် Gear Box S6-90 (220~340 HP) ကိုလည်း ရောင်းချပေးလျက်ရှိပါသည်။ မော်တော်ယာဉ်ထုတ်လုပ်မှု လုပ်ငန်းများအပြင် မော်တော်ယာဉ် ဂီယာဘောက်အတွင်းရှိ ဂီယာအမျိုးမျိုးကိုအဆင့်မြင့် CNC စက်ကြီးများဖြင့် စက်ခုတ်စားပေးခြင်း၊ သံထည်ပစ္စည်းများအား Electrolysis Deposition အဆင့်မြင့်နည်းစဉ်ဖြင့် အောက်ခံဆေးတင်ပြီး ဆေးမှုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ သင့်တင့်သော ဈေးနှုန်းနှင့်မြင့်မားသော အရည်အသွေးရှိသည့် Brand New ကုန်တင်ယာဉ်များကို ထုတ်လုပ်ထားခြင်း၊ လိုအပ်သော Spare Parts များ အလွယ်တကူ ရရှိနိုင်ခြင်း၊ After Sale Service ထားရှိ ပေးခြင်းတို့ကြောင့် အစိုးရဌာနအသီးသီးသို့လည်းကောင်း၊ ပုဂ္ဂလိကသို့ လည်းကောင်း ဆက်သွယ်ရောင်းချပေးနိုင်ခဲ့ပါသည်။

အမှတ်(၁၃)အကြီးစားစက်ရုံ၏ လုပ်ငန်းခွဲများအဖြစ် Mould & Die ထုတ်လုပ်ရေးစက်ရုံနှင့် Truck Axle ထုတ်လုပ်ရေး စီမံကိန်းတို့ကို ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ စက်မှုလုပ်ငန်းများအတွက်လိုအပ်မည့် Mould နှင့် Die များ၊ မော်တော်ယာဉ်အမျိုးမျိုးအတွက် Axle များကို မကြာမီတွင် ထုတ်လုပ်ပေးနိုင်တော့မည်ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီး သာဂရစက်ရုံနယ်မြေ၌ တည်ဆောက်ထားသော အမှတ်(၁၄) အကြီးစားစက်ရုံ(သာဂရ)တွင် အကြီးစားကုန်တင်ယာဉ်များ၊ ဘတ်စ်ကားများ၊ ရေယာဉ်ငယ်များ၊ လျှပ်စစ်ဓာတ်အားပေးစက်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ယာဉ်ယန္တရားများ၊ တွင်းတူးစက်များတွင် တပ်ဆင်အသုံးပြုနိုင်သည့် (250 HP)ရှိ 6V 128 ZC Diesel Engine များ၊ ရေယာဉ်ငယ်များ၊ လျှပ်စစ်ဓာတ်အားပေးစက်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးယန္တရားများ၊ကျောက်ခွဲစက်များ၊ တွင်းတူးစက်များ၌ အသုံးပြုနိုင်သော (330 HP) ရှိ 8V 128 ZC Diesel Engine များ၊ လျှပ်စစ်ဓာတ်အားပေးစက်များ၊ မီးရထားခေါင်းတွဲများ (ရှန်တိန်)၊ ရေယာဉ်ကြီးများတွင်တပ်ဆင်နိုင်သည့် (500 HP)ရှိ 12V 128 ZC Diesel Engine များ၊ မီးရထား ခေါင်းတွဲကြီးများတွင် သုံးနိုင်သည့် (2000 HP)ရှိ 16 V 170 ZC Diesel Engine များ၊ (108) HP ရှိ Double Cab မော်တော်ယာဉ်သုံး Diesel Engine များ ထုတ်လုပ်ပေးလျက်ရှိပြီး မြန်မာနိုင်ငံတွင် Engine Power အများဆုံး Diesel Engine များ တပ်ဆင်ထုတ်လုပ်ပေးနိုင်သည့်စက်ရုံအဖြစ် ဂုဏ်ယူစွာ ရပ်တည်လျက်ရှိပေသည်။

နိုင်ငံတစ်နိုင်ငံ၏ အောင်မြင်မှုပေတံကို စက်မှုကဏ္ဍဖြင့် အများဆုံး တိုင်းတာ သတ်မှတ်ကြသည့်အတွက် စက်မှုကဏ္ဍ တိုးတက်ရေးသည် အထူး အရေးကြီးလှသည်။ စက်မှုကဏ္ဍဟုဆိုရာတွင်ပုဂ္ဂလိကစက်မှုကဏ္ဍနှင့်နိုင်ငံပိုင် စက်မှုကဏ္ဍများအချိုးညီမျှစွာတိုးတက်ပါမှ အောင်မြင်မှုကို ဘက်ညီစွာ ထိန်းသိမ်းဆောင်ရွက်နိုင်မည် ဖြစ်ပေသည်။

အမှတ်(၁၅) အကြီးစားစက်ရုံ (သာဂရ)သည်လည်း သာဂရစက်မှုနယ်မြေ၌ပင် တည်ရှိ၍ ဆောက်လုပ်ရေးသုံး ယန္တရားများဖြစ်သည့် (22 Ton) Bulldozer (မြေထိုးစက်)များ၊ (29 Ton)Excavator (မြေတူး၊ မြေကော်စက်)များ၊ (3.5 Ton) Mini Excavator ၊ (Mini Backhoe) ငယ်များ၊ (14 Ton) Vibratory Soil Compactor (တုန်ခါလမ်းကြိတ်စက်) များ ၊ 3 Ton Forklift (ဝန်ချီစက်ငယ်)များကို ထုတ်လုပ်လျက်ရှိပြီး နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်လုပ်ငန်းများမှ လိုအပ်ချက်များကို အချိန်မီ ရောင်းချထုတ်လုပ်ပေးနိုင်ရေးအတွက် စက်ရုံဝန်ထမ်းများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်နေကြသည်မှာ အားတက်ဖွယ်မြင်ကွင်းတစ်ခုပင် ဖြစ်ပါသည်။

အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)မှ Steel Billet များ ထုတ်လုပ်လျက်ရှိပြီး နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့်သံပြားများ ၊ I ပုံ၊ H ပုံ၊ U ပုံ၊ L ပုံ သံမဏိချောင်းများ၊ သံလုံးချောင်းများ၊ အိမ်မိုးသွပ်ပြားများ၊ မီးရထားသံလမ်းများထုတ်လုပ်ရောင်းချနိုင်ရေးအတွက် တည်ဆောက်အကောင်ထည်ဖော်လျက် ရှိပါသည်။ သက်တမ်းလွန် မော်တော်ယာဉ်များ အပ်နှံခြင်းကိုလည်း လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး ကားသံရည်ကျိုလုပ်ငန်းမှ Steel Billet ထုတ်လုပ်မှုအတွက် တစ်စိတ်တစ်ပိုင်း ကုန်ကြမ်းအဖြစ် ရရှိနိုင်အောင် ဆောင်ရွက်လျက်ရှိသည်။

အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) မှာမူ စက်ရုံတည်ဆောက်မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေဆဲကာလဖြစ်၍ စီမံကိန်းကာလပြီးဆုံးပါက သံသတ္တုရိုင်းများအား စက်မှုလုပ်ငန်းများတွင် အဓိကကုန်ကြမ်းအဖြစ် လိုအပ်သော Pig Iron အဖြစ် ထုတ်လုပ်ရောင်းချနိုင်ရန် ရည်မှန်းဆောင်ရွက်နေပြီး အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ) အတွက် လိုအပ်ကုန်ကြမ်းဖြစ်သော Pig Iron (သံစိမ်း)ကို ဖြည့်ဆည်းပေးမည်ဖြစ်ပါသည်။

အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းမှ ထုတ်လုပ်သော မော်တော်ယာဉ်များနှင့် မော်တော်ယာဉ်အစိတ်အပိုင်းများ၊ Diesel Engine များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ကြီးများ၊ Steel Billet များကို ဝယ်ယူလိုပါက အမှတ်(၁) အကြီးစား စက်မှုလုပ်ငန်း ရောင်းချဖြန့်ဖြူးရေးဌာန ရုံးအမှတ် (၃၀) နေပြည်တော်နှင့် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ရွှေမြန်မာအရောင်းဆိုင်တို့တွင် လွတ်လပ်စွာ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်မည်ဖြစ်ပေသည်။

နိုင်ငံတစ်နိုင်ငံ၏ အောင်မြင်မှုပေတံကို စက်မှုကဏ္ဍဖြင့် အများဆုံး တိုင်းတာ သတ်မှတ်ကြသည့်အတွက် စက်မှုကဏ္ဍ တိုးတက်ရေးသည် အထူးအရေးကြီးလှသည်။ စက်မှုကဏ္ဍဟုဆိုရာတွင် ပုဂ္ဂလိက စက်မှုကဏ္ဍနှင့် နိုင်ငံပိုင်စက်မှုကဏ္ဍများ အချိုးညီမျှစွာ တိုးတက်ပါမှ အောင်မြင်မှုကို ဘက်ညီစွာ ထိန်းသိမ်းဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။ ထို့ကြောင့် နိုင်ငံပိုင်ဖြစ်သော စက်မှုဝန်ကြီးဌာနသည် နိုင်ငံတော်၏ စက်မှုကဏ္ဍအောင်မြင်တိုးတက်ရေးကို အဓိက ရှေ့ဆောင်ပံ့ပိုး ကူညီဆောင်ရွက်နေသော ပြည်ထောင်စုဝန်ကြီးဌာနဖြစ်သည်ဆိုသောအချက်မှာ မည်သူမှ ငြင်းပယ်၍မရနိုင်ပေ။ ထို့အတူ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၏ ပင်မလုပ်ငန်းဖြစ်သော လူစီးမော်တော်ယာဉ်များစွာနှင့် ကုန်တင်ယာဉ်များအား နိုင်ငံခြားတိုင်းပြည်အသီးသီး၏ နည်းပညာများကို ရယူ၍ အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ကြသည်မှာ ထင်ရှားသော သာဓကများဖြစ်ပါသည်။

ယနေ့ကာလတွင် လူ့ပတ်ဝန်းကျင်၏တောင်းဆိုမှုများ၊ အချိန်ကာလ၏ လိုလားချက်များနှင့် ပြောင်းလဲတိုးတက်လာသော ထုတ်ကုန်ပစ္စည်း အမယ်သစ်များစွာ၏ ယှဉ်ပြိုင်ထိုးဖောက်မှုများကြောင့် စက်မှုဝန်ကြီးဌာန၏ ထုတ်လုပ်ခဲ့သော၊ ထုတ်လုပ်ဆဲ ထုတ်ကုန်များစွာမှသည် တိုးတက်ခေတ်မီသော Products များစွာသို့ ချိန်ပြောင်း ထုတ်လုပ်ဆောင်ရွက်ရမည့်အခြေအနေသို့ ရောက်ရှိလာခဲ့သည်မှာလည်း အသေအချာပင်။ မည်သည့်အခန်းကဏ္ဍ၌မဆို အမြဲတိုးတက်အောင်မြင်စေရေးအတွက် အတိတ်သမိုင်းကောင်းခဲ့ကြရန် အထူးလိုအပ်လှပါသည်။ အမှတ်(၁) အကြီးစား စက်မှုလုပ်ငန်းအနေဖြင့် လက်ရှိလုပ်ငန်းများတွင် အရည်အသွေးမီ ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ အတိတ်သမိုင်းကြောင်း၏ အောင်မြင်မှုမှတ်တိုင်များကိုလည်း အထင်အရှား စိုက်ထူနိုင်ခဲ့ကြပေသည်။

ခေတ်စနစ်၏ပြောင်းလဲမှုများကြောင့် အခိုက်အတန့်ရင်ဆိုင်ကြရသော ပြဿနာများအား ရင်ဆိုင်ကျော်လွှားလျက် အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းရှိ အရာထမ်း၊ အမှုထမ်းများစွာ၏ ကျွမ်းကျင်မှုအတတ်ပညာ၊ ညီညွတ်မှုအင်အား၊ စိတ်ဓာတ်ကြံ့ခိုင်မှုကိုယ်စီဖြင့် ရောင်းတန်းဝင်၊ စံချိန်မီမော်တော်ယာဉ်များကို ထုတ်လုပ်ရောင်းချလျက်ရှိသလို နိုင်ငံခြားတိုင်းပြည်များမှ မှန်ကန်သော မော်တော်ယာဉ်ထုတ်လုပ်မှု နည်းပညာများ၊ တိကျသေချာသော လုပ်ငန်းခွင်စည်းကမ်းများ၊ ကောင်းမွန်သော Training များဖြင့် မော်တော်ယာဉ်ထုတ်လုပ်မှု အတတ်ပညာတွင် စနစ်တကျ တတ်ကျွမ်းထူးချွန်သော ကျွမ်းကျင်ဝန်ထမ်းများစွာကို နိုင်ငံတော်အတွက် လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပေသည်။

ထို့ကြောင့် နိုင်ငံတော်၏ အဓိကမဏ္ဍိုင်ဖြစ်သော စက်မှုကဏ္ဍအောင်မြင်ရေးကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသော စက်မှုဝန်ကြီးဌာန လက်အောက်တွင် အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းရှိ စက်ရုံများမှ ထုတ်လုပ်သော မော်တော်ယာဉ်များအား ပြည်တွင်းဈေးကွက်တွင် ထိုးဖောက်ဝင်ရောက်ရောင်းချနိုင်ရေးအတွက် အရာထမ်း၊အမှုထမ်းများစွာ၏ ပံ့ပိုးဆောင်ရွက်နေမှုများ၊ Customer များ၏ ဝယ်ယူအားပေးမှုများကြောင့် စက်မှုဝန်ကြီးဌာန၏ အောင်မြင်မှုဂုဏ်ကို ယနေ့တိုင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိနေသည်မှာ အမှန်ပင်ဖြစ်ပေတော့သည်။

မကွေးမြို့ရှိ တက္ကသိုလ်နှင့် ကျောင်းများ စစ်ဆေး

နေပြည်တော် ဩဂုတ် ၁၅

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရွှေသည် ဩဂုတ် ၁၂ ရက် နံနက် ၈ နာရီက နည်းပညာတက္ကသိုလ်(မကွေး)စုဝေးခန်းမ၌ ခေတ္တကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံကာနိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ ပညာရေးမူဝါဒများ၊ ဝန်ကြီးဌာနနှင့်ဦးစီးဌာနတို့မှ ဆောင်ရွက်လျက်ရှိသော အစီအမံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မကွေးမြို့ရှိ အစိုးရနည်းပညာ အထက်တန်းကျောင်းနှင့် ကွန်ပျူတာတက္ကသိုလ်များသို့ သွားရောက်၍ ခေတ္တကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယအကြိမ် လူငယ်အိုလံပစ်အားကစားပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်ကျင်းမြို့၌ ဩဂုတ် ၁၆ ရက်မှ ၂၈ ရက်အထိ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ဒုတိယအကြိမ် လူငယ်အိုလံပစ်အားကစားပြိုင်ပွဲသို့ မြန်မာအားကစားအဖွဲ့များအနေဖြင့် ပြိုင်ပွဲတိုင်းတွင် တရားမျှတစွာ ယှဉ်ပြိုင် အနိုင်ယူ၍ မိမိနိုင်ငံကို အားကစားဖြင့်မြှင့်တင်နိုင်ရေး၊ ယှဉ်ပြိုင်ရာတွင်လည်း အိမ်ရှင်နိုင်ငံ၏ ပြိုင်ပွဲကျင်းပရေးကို ထိခိုက်မှုမရှိစေဘဲ မိမိတို့စွမ်းဆောင်နိုင်သမျှ အကောင်းဆုံးကြိုးစားယှဉ်ပြိုင်သွားကြ၍အတွေ့အကြုံရရှိစေရေး၊ နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရေးစသည့် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံမှ မြားပစ်၊ အလေးမ၊ ပြေးခုန်ပစ်နှင့်ရွက်လှေအားကစားနည်းတို့မှ အသက်(၁၈နှစ်)အောက် လက်ရွေးစင်လူငယ်အားကစားသမားများနှင့် ဝူရှူးထောက်လှအားကစားပြိုင်ပွဲသို့ အားကစားသမား ခြောက်ဦးဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ဒုတိယအကြိမ် လူငယ်အိုလံပစ်အားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဇော်ဝင်းဦးဆောင်၍ အားကစားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးသက်လွင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းသန်းနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးလင်းအောင်၊ ဦးဖုန်းကျော်မိုးမြင့် နည်းပြ(ရွက်လှေ)၊ အားကစားသမား မင်းသီဟကျော်(မြားပစ်)၊ နှင်းယုစိုး(ပြေးခုန်ပစ်)၊ ဇင်မေဦး(အလေးမ)၊ ဆက်နိုင်အောင်(ရွက်လှေ)တို့သည် ဩဂုတ် ၁၄ ရက် နံနက် ၂ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်ကျင်းမြို့သို့ ထွက်ခွာသွားသည်။ ဒုတိယအကြိမ် လူငယ်အိုလံပစ်အားကစားပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၉၂ နိုင်ငံမှ ပြိုင်ပွဲဝင်အားကစားသမား စုစုပေါင်း ၃၀၀၈ ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ရေလွှမ်းမိုးခံရသည့် စာသင်ကျောင်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် အမှတ်(၃)အခြေခံပညာဦးစီးဌာနမှတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်အတူ ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် လှည်းကူးမြို့နယ် ဘားလားကျေးရွာနှင့် ငွေနံ့သာကျေးရွာများရှိ ရေလွှမ်းမိုးခံရသည့် စာသင်ကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ဘားလားကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်းသို့ ရောက်ရှိပြီး လှည်းကူးမြို့နယ်ဒုတိယပညာရေးမှူး ဒေါ်စန္ဒာဦးနှင့် တာဝန်ရှိသူများက စာသင်ကျောင်းအတွင်းသို့ ရေများဝင်ရောက်နေမှုအခြေအနေများကိုရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဘားလားကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်းတွင် မူလတန်း ၂၅၉ ဦး၊ အလယ်တန်း ၁၃၅ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၉၄ ဦးအား ဆရာ ဆရာမပေါင်း ၁၃ ဦးတို့ဖြင့် ပညာသင်ကြားပေးလျက်ရှိသည်။

ထို့နောက် လှည်းကူးမြို့နယ် ငွေနံ့သာစံပြအခြေခံပညာအလယ်တန်းကျောင်းသို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ချစ်ခင်နှင့်တာဝန်ရှိသူများက စာသင်ကျောင်း၏လက်ရှိအခြေအနေများအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ငွေနံ့သာစံပြ အခြေခံပညာအလယ်တန်းကျောင်းတွင် မူလတန်း၂၆၃ ဦး၊ အလယ်တန်း ၂၅၄ ဦး စုစုပေါင်းကျောင်းသား ကျောင်းသူ ၅၁၇ ဦးအား ဆရာ ဆရာမပေါင်း ၁၈ ဦးတို့ဖြင့် ပညာသင်ကြားပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် မိုးရေချိန် (၉၃) လက်မကျော်ရှိခဲ့ပြီး မှော်ဘီမြို့နယ်အတွင်းရှိ အမှတ်(၂)၊ အမှတ်(၃)၊ အမှတ်(၄) ရပ်ကွက်နှင့် လှည်းကူးမြို့နယ်ဘားလားကျေးရွာနှင့် ငွေနံ့သာကျေးရွာအနီးတစ်ဝိုက်တွင် ရေလွှမ်းမိုးမှုများရှိခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ လှည်းကူးမြို့နယ် ဘားလားကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ရေဝင်ရောက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရေလွှမ်းမိုးမှုကြောင့် မှော်ဘီမြို့နယ် အမှတ်(၃) ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၄)ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာမူလတန်းလွန်ကျောင်း၊ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၊ ကွက်သစ်အခြေခံပညာမူလတန်းကျောင်းများနှင့် လှည်းကူးမြို့နယ်အတွင်းရှိ ဘားလားကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်းနှင့် ငွေနံ့သာစံပြအခြေခံပညာအလယ်တန်းကျောင်းတို့ ခေတ္တပိတ်ထားခဲ့ရပြီး ယခုအခါ သုံးရက်ခန့်မိုးရွာသွန်းမှု မရှိတော့သဖြင့် မှော်ဘီမြို့နယ်အတွင်းရှိ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ခဲ့ပြီးဖြစ်သည်။

လှည်းကူးမြို့နယ် ဘားလားကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် ငွေနံ့သာစံပြအခြေခံပညာအလယ်တန်းကျောင်းတို့ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဘားလားကျေးရွာရေထွက်ချောင်းဖြစ်သည့် ဦးတိုက်ရိုးချောင်းအား Amphibious Excavator မြေတူးစက်နှစ်စီးဖြင့်ပေ ၁၄၀၀၀ တူးဖော်လျက်ရှိရာ ယနေ့အချိန်အထိပေ ၇၀၀၀ တူးဖော်ပြီးစီးခဲ့ပြီး ဆက်လက်တူးဖော် ဆောင်ရွက်သွားမည်ဖြစ်၍ မကြာမီ ရေများပြန်လည်ကျဆင်းသွားမည်ဖြစ်ပြီး ရေကျသွားသည်နှင့် ကျောင်းများအမြန်ဆုံးဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် ပျက်စီးမှုများအား စစ်ဆေးပြုပြင်ဆောင်ရွက်ရေး တိုင်းဒေသကြီးဝန်ကြီးချုပ်က စီစဉ်ညွှန်ကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဆိုင်ရာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၁၅

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဆိုင်ရာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ကျင်းပရာ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဆိုင်ရာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၁၄)တွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ(၁) ၏ လမ်းညွှန်ချက်ဖြစ်သည့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် Development Plan ရေးဆွဲနိုင်ရေး၊ မိမိတို့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီအနေဖြင့် အဓိက အခြေခံစဉ်းစားရမည့်အချက်(၂) ချက် ရှိပါကြောင်း၊ ယင်းတို့မှာ ဝန်ကြီးဌာနအလိုက် ရေးဆွဲထားပြီးဖြစ်သည့် Action Plan နှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ရေးဆွဲထားသည့် ရခိုင်ပြည်နယ်အတွင်း နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးစီမံချက်တို့ဖြစ်ပါကြောင်း၊ မိမိတို့ရေးဆွဲမည့် စီမံချက်သည် ရေရှည်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် မိုးတွင်းကာလ အချိန်မီဆောင်ရွက်ရမည့်ကိစ္စရပ်များကို တစိုက်မတ်မတ် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မျိုးစပါးနှင့် ဓာတ်မြေဩဇာများဖြန့်ဝေခြင်း၊ လယ်ယာမြေများအား ထွန်ယက်စိုက်ပျိုးပေးခြင်းတို့အပြင် လိုအပ်သည့်စက်သုံးဆီများကိုလည်း စွမ်းအင်ဝန်ကြီးဌာနနှင့် ညှိနှိုင်းဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍများအပြင် ဆိုက်ကားနှင့် သုံးဘီးဆိုင်ကယ်များ ထောက်ပံ့ပေးရေးကိစ္စ၊ အပ်ချုပ်စက်ထောက်ပံ့ပေးရေးကိစ္စ၊ ရေလုပ်ငန်းသုံး ပစ္စည်းများဖြည့်ဆည်းပေးရေးကိစ္စ၊ ဒေသခံလူငယ်များ အသက်မွေးပညာသင်တန်းပို့ချပေးနိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသည့်ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများအနေဖြင့် ရခိုင်တစ်ပြည်လုံးလွှမ်းခြုံအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် Development Plan ရေးဆွဲနိုင်ရေး ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြပါရန် ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဆိုင်ရာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်က လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် အသီးသီး ရှင်းလင်းဆွေးနွေးတင်ပြကြရာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်မှာကြားခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စဥ့်ကူးမြို့နယ်၌ ကျူးကျော်ထွန်ယက်သူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား တုတ်၊ လေးခွ၊ ကျောက်ခဲများဖြင့် ပစ်ခတ်၊ တပ်ဖွဲ့ဝင် ၁၄ ဦးဒဏ်ရာရရှိပြီး ကျေးရွာသူတစ်ဦး ခြေသလုံး၌ မစိုးရိမ်ရ သေနတ်ဒဏ်ရာ တစ်ချက်ရရှိ

နေပြည်တော် ဩဂုတ် ၁၅

မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ်၌ ဩဂုတ် ၁၄ ရက်တွင် ကျူးကျော်ထွန်ယက်သူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား တုတ်၊ လေးခွ၊ ကျောက်ခဲများဖြင့် ဝိုင်းဝန်းပစ်ခတ်သဖြင့် တပ်ဖွဲ့ဝင် ၁၄ ဦး ဒဏ်ရာများရရှိကာ ကျေးရွာသူတစ်ဦး ဝဲဘက်ခြေသလုံး၌ မစိုးရိမ်ရ သေနတ်ဒဏ်ရာတစ်ချက် ရရှိသွားခဲ့ကြောင်း သိရသည်။

စဥ့်ကူးမြို့နယ် ညောင်ဝန်းကျေးရွာအနီး ငွေတောင်ပြင်ပကွင်းမြေတွင် ဇွန် ၆ ရက်မှစတင်၍ ညောင်ဝန်းကျေးရွာသူ ကျေးရွာသားများက ကျူးကျော်ထွန်ယက်မှု ၁၁ ကြိမ်နှင့် ပေါင်းရှင်းဆိုင်းဘုတ်ထူမှု လေးကြိမ်ဆောင်ရွက်ခဲ့သဖြင့် သက်ဆိုင်ရာက တိုင်တန်းသည့်အတွက် လက်ပံလှရဲစခန်းတွင် အမှုဖွင့်အရေးယူခဲ့ကြောင်း၊ ကျူးလွန်သူများအား သုံးကြိမ် ဆင့်ခေါ်သော်လည်း လာရောက်ခြင်းမရှိသည့်အပြင် ဆက်လက် ကျူးကျော်ထွန်ယက်နေသည့်အတွက် စဥ့်ကူးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆောင်သော စီမံခန့်ခွဲရေးကော်မတီ၏ ဆုံးဖြတ်ညွှန်ကြားချက်အရ ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီခန့်တွင် မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်များပါဝင်သော စဥ့်ကူးမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့၊ လက်ပံလှရဲစခန်းမှူးနှင့်အဖွဲ့တို့က ကျူးကျော်ထွန်ယက်သူများအား တားဆီးရန် သွားရောက်ခဲ့ကြောင်း သိရသည်။

လက်ပံလှ ရဲစခန်းမှူးနှင့်အဖွဲ့ ညောင်ဝန်းကျေးရွာသို့ ရောက်ရှိပြီး ကျူးလွန်သူများအား ခေါ်ယူရန် ဆောင်ရွက်စဉ် ကျူးကျော်ထွန်ယက်ရန် ဘောလုံးကွင်းတွင် စုဖွဲ့နေသော တုတ်၊ ဓားလက်နက်များ ကိုင်ဆောင်ထားသည့် ရွာသူရွာသား ၂၀၀ ခန့်က တုတ်၊ လေးခွ၊ ကျောက်ခဲများဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သဖြင့် သေနတ်တစ်ချက်ပစ်ခတ် သတိပေးခဲ့ရကြောင်း၊ ထို့နောက် လူအင်အား ၃၀၀ ခန့် ဖြစ်လာပြီး ရဲတပ်ဖွဲ့ဝင်များအား ဆက်လက်ပစ်ပေါက်ကာ ဝိုင်းဝန်းထားသဖြင့် အနီးရှိ အိမ်ဝင်းအတွင်း ဝင်ရောက်နေရာယူရန် ကြိုးစားခဲ့ရကြောင်း။

ဆက်လက်၍ လူအုပ်စုက ဝိုင်းဝန်းပိတ်ဆို့ကာ အတင်းဝင်ရောက်ရိုက်နှက်သဖြင့် တပ်ဖွဲ့ဝင်တစ်ဦး၏ ရိုင်ဖယ်ပြောင်းကာ ကွဲထွက်သွားခဲ့ကြောင်း၊ ထို့နောက် ၎င်းတပ်ဖွဲ့ဝင်အား နောက်ကျောဘက်မှ ထပ်မံရိုက်နှက်ကာ လက်နက်ကိုဝင်ရောက်လုယက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်မှာ လဲကျသွားပြီး ကျည်ထွက်သွားခဲ့ရာမှ မစန်းကြင်နု (၃၅ နှစ်)၏ ဝဲခြေသလုံးသို့ မစိုးရိမ်ရဒဏ်ရာတစ်ချက် ထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း၊ ထိုဖြစ်စဉ်တွင် သေနတ်ဖြင့် ၁၀ ချက် သတိပေးပစ်ခတ်ဟန့်တားခဲ့ရပြီး တပ်ဖွဲ့ဝင် ၁၄ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့က အဆိုပါရဲကင်းစခန်းမှူးနှင့်အဖွဲ့အား အကူအညီပေးရန်အတွက် သွားရောက်ပူးပေါင်းဆောင်ရွက်စဉ် ရွာသူ၊ ရွာသား ၈၀၀ ခန့် ဖြစ်လာပြီး ထပ်မံ၍ တုတ်၊ ခဲများဖြင့် ပစ်ပေါက်ခဲ့ကြောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့က အင်အားသုံးဖောက်ထွက်ပါက နှစ်ဦးနှစ်ဖက် အထိအခိုက်ရှိနိုင်သဖြင့် တစ်စုံတစ်ရာ ပြန်လည်ပစ်ခတ်မှုမပြုလုပ်ဘဲ ဒိုင်းများဖြင့်သာ ကာကွယ်ခဲ့ကြကြောင်း၊ ထိုအခြေအနေကို ထိန်းသိမ်းနိုင်ရန် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့သည် ညောင်ဝန်းကျေးရွာ သုံးထပ်ဘုန်းကြီးကျောင်းသို့ မွန်းလွဲ ၂ နာရီခွဲတွင်ရောက်ရှိခဲ့ပြီး ခရိုင်ရဲတပ်ဖွဲ့မှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်များက သုံးထပ်ကျောင်းဆရာတော် ဦးကေသရ ဦးစီး ကျေးရွာရှိ ဘုန်းကြီးကျောင်း လေးကျောင်းမှ ဆရာတော်များ၏ ဩဝါဒကိုနာခံ၍ ပြဿနာကို အေးချမ်းစွာ ဖြေရှင်းနိုင်ရေး ညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

ယင်းသို့ ညှိနှိုင်းမှုအရ ပိတ်မိနေသောမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစီးအဖွဲ့များအား သုံးထပ်ကျောင်းဆရာတော်နှင့်အဖွဲ့မှတစ်ဆင့်ခေါ်ယူပြီး ပြန်လည်အပ်နှံပေးခဲ့ကြောင်း၊ ထို့နောက် ဆရာတော် ဦးကေသရက ပြည်သူများနှင့်သံဃာများကိုယ်စား ပြဿနာကို ပြေလည်အောင် ဆောင်ရွက်ပေးကြရန်၊ ဥပဒေအရ လုပ်ပေးနိုင်သည့် အတိုင်းအတာအထိ ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်၊ ရွာသားများအနေဖြင့်လည်း အဆိုပါကိစ္စကို သက်ဆိုင်ရာမှ ဆောင်ရွက်ပေးသည်ကို ယုံကြည်မှုရှိကြရန် မိန့်ကြားခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့ကလည်း ဒေသခံများအား ဥပဒေနှင့်အညီ ကာကွယ်ပေးမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လယ်ယာမြေကိစ္စများအား စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးရွာပြည်သူများ ဘက်ကလည်း ဥပဒေအတိုင်းအထက်အဆင့်ဆင့်သို့ တင်ပြဆောင်ရွက်ကြရန်လိုကြောင်း၊ တောင်သူများအနေဖြင့် သိမ်းဆည်းမြေ ပြန်လည်ရရှိအောင်ဆောင်ရွက်ပေးနေခြင်းနှင့် အချိန်ကာလကြန့်ကြာမှုအပေါ် နားလည်မှုဖြင့်ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယခုဖြစ်စဉ်တွင် ရဲတပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိသည့်အပြင် တပ်ဖွဲ့ဝင်များ၏ ဆိုင်ကယ် ၁၀ စီး ရိုက်ချိုးဖျက်ဆီးခံခဲ့ရကာ လက်ပံလှကျေးရွာမှ လောကဟိတလူမှုကူညီရေးအသင်းပိုင် စူပါကာစတန် မော်တော်ယာဉ်တစ်စီး ရှေ့လေကာမှန် အက်ကွဲခဲ့ကြောင်း၊ ညောင်ဝန်းကျေးရွာမှ မစန်းကြင်နုကို မန္တလေး ပြည်သူ့ဆေးရုံကြီးသို့တင်ပို့ပြီး ဆေးကုသပေးထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

❈ ရှေ့ဖုံးမှ

မြို့ရွာဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင်လည်း မြေအသုံးချမှုမူဝါဒနှင့် မြေအသုံးချမှုစီမံခန့်ခွဲရေးတို့ကို စနစ်တကျစီမံဆောင်ရွက်ရန် လိုအပ်သည့်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် မြေယာခွဲဝေအသုံးချမှု စိစစ်ဆောင်ရွက်ရေးကော်မတီကို ဖွဲ့စည်းပြီး ပြည်တွင်း ပြည်ပပညာရှင်များ၊ Stakeholder များ၊ Development Partner များနှင့် အချိန်ယူညှိနှိုင်းဆွေးနွေးကာ ချမှတ်သင့်သည့် မူဝါဒ (မူကြမ်း)များကို ဖော်ထုတ်၍ ယနေ့ အလုပ်ရုံဆွေးနွေးပွဲတွင် ကျယ်ကျယ်ပြန့်ပြန့် ထပ်မံဆွေးနွေးညှိနှိုင်းကြမည်ဖြစ်ပါကြောင်း။

တိုးတက်လာသော လူဦးရေနှင့် မြေမဲ့ယာမဲ့ ပြည်သူများအတွက် သစ်တောမြေ၊ မြေလွတ်မြေရိုင်းနှင့် ရွာမြေအခင်းအကျင်းများ ပြင်ဆင်စီမံချထားရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် သောက်သုံးရေရှားပါးလာမှုအပေါ် သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေးအတွက် သစ်တောပြုစုပျိုးထောင်မှု အစီအမံများကို ဥပဒေနှင့်အညီ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သစ်တောမြေအဖြစ်မှ စွန့်လွှတ်လျက် ကျေးရွာပေါင်း ၁၂၁၃ ရွာကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အတည်ပြုချထားပေးခဲ့ပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွား လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပါကြောင်း။

အမှန်တကယ် မြေမဲ့ယာမဲ့ဖြစ်နေသည့် ပြည်သူများကို မြေယာချထားပေးခြင်းသည် ပြည်သူတို့၏ လူမှုစီးပွားတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တွင် အရေးပါသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားတိုးတက်ရေး ဦးစားပေးဆောင်ရွက်နေသည့် မိမိတို့အစိုးရအနေဖြင့် ဤလုပ်ငန်းကို အလေးထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ရာတွင် အမှန်တကယ်မြေမဲ့ယာမဲ့ဖြစ်နေသူများမဟုတ်ဘဲ သစ်တောမြေ၊ မြေလွတ်မြေရိုင်းနှင့်မြို့ပြများတွင် သွားရောက်ကျူးကျော်နေထိုင်ကြသူများ ရောနှောနေသည့်အတွက် သန်းခေါင်စာရင်းစစ်ဆေးမှုနှင့်အတူ ပြန်လည်စိစစ်ရမည့်လုပ်ငန်းကို ဥပဒေနှင့်အညီ စိစစ်ပြီးမှသာလျှင် စစ်မှန်သောမြေမဲ့ယာမဲ့များကို မြို့ပြ၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့်အညီ နေရာချထားပေးရမည်ဖြစ်ပါကြောင်း။

ထို့အပြင် သစ်တောမြေ၊မြေလွတ်မြေရိုင်း၊ လယ်ယာမြေ၊ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ၊ မြို့ပြ ကျေးရွာမြေများနှင့် စပ်လျဉ်းပြီး မြေအသုံးချရေးစီမံခန့်ခွဲမည်ဆိုလျှင် ဌာနဆိုင်ရာ အသီးသီးက သူ့ကဏ္ဍနှင့်သူ ရှိပြီးဖြစ်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းအဆင့်ဆင့် ဖြေရှင်းဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာနေသည်ကို တွေ့ရှိရပါကြောင်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ လွယ်ကူရှင်းလင်းအောင်နှင့် လုပ်ငန်းအဆင့်များ လျှော့ချနိုင်မည့်နည်းလမ်း အကြံပြုချက်များကိုလည်း ယခု အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးညှိနှိုင်း ဖော်ထုတ်ပေးကြစေလိုပါကြောင်း၊ သို့မှသာ လက်ရှိမြေယာပြဿနာများ ဖြေရှင်းဆောင်ရွက်ရာတွင် လည်းကောင်း၊ မြေမဲ့ယာမဲ့များအတွက် မြို့ကွက် ရွာကွက်ချဲ့ထွင်ခြင်းနှင့် မြေယာအခင်းအကျင်းများ ပြင်ဆင် စီမံချထားရာတွင်လည်းကောင်း လွယ်ကူလျင်မြန်ချောမွေ့မည်ဖြစ်ပါကြောင်း။

ရှေးယခင်နှစ်များစွာက ထူထောင်ခဲ့ကြသည့် လက်ရှိ မြို့ပြ၊ ကျေးရွာများသည် ယခုအခါ လူဦးရေတိုးတက်များပြားလာမှု၊ အိမ်ခြေတိုးပွားလာမှုတို့ကြောင့် သောက်သုံးရေရှားပါးလာခြင်း၊ လမ်းများကျပ်တည်းလာခြင်း၊ ရေစီးရေလာကောင်းမွန်ရန် လိုအပ်လာခြင်း၊ အလုပ်အကိုင်ရှာဖွေရန် မြို့တက်လာသူများ၊ ပျံကျဈေးရောင်းသူများ၊ ရထားလမ်း၊ ကားလမ်းဘေး ကျူးကျော်နေထိုင်သူများ တိုးပွားလာခြင်းတို့ကို ဥပဒေနှင့်အညီ မြို့ပြ၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကိုရေးဆွဲပြီး စနစ်တကျ အကောင်အထည်ဖော်မှသာ လက်ရှိဖြစ်ပေါ်နေသော လူမှုစီးပွားပြဿနာများနှင့် သဘာဝပတ်ဝန်းကျင် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော ပြဿနာများကို ရင်ဆိုင်ဖြေရှင်းနိုင်မည် ဖြစ်ပါကြောင်း၊ **အခြားနိုင်ငံများတွင်လည်း အလားတူပြဿနာများကို ဖြေရှင်းရာတွင် မြို့ပြဥပဒေ (Urban Act) ကဲ့သို့ ဥပဒေနှင့် မြို့ပြစီမံကိန်းများ ရေးဆွဲဆောင်ရွက်ကြသည့် နည်းတူ မိမိတို့နိုင်ငံတွင်လည်း လိုအပ်သည့် ဥပဒေနှင့် စီမံကိန်းများကို မည်ကဲ့သို့ ရေးဆွဲသင့်သည်ကို ယခုအလုပ်ရုံ ဆွေးနွေးပွဲတွင် ဆွေးနွေးညှိနှိုင်း အကြံပြုကြစေလိုပါကြောင်း။**

မိမိတို့နိုင်ငံ စီးပွားရေးတံခါးဖွင့်ပြီးသည့်အချိန်မှစပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာသကဲ့သို့ မြေကစားမှုနှင့်အတူ မြေဈေးနှုန်းများ အဆမတန်တက်လာသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။ ငွေကြေး ကြွယ်ဝသူများအနေဖြင့် နိုင်ငံကုန်ထုတ်လုပ်မှု တိုးတက်အောင် ကုန်ထုတ်လုပ်မှု လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြရမည့်အစား ကားအရောင်းအဝယ်၊ မြေအရောင်းအဝယ်၊ ဘဏ်လုပ်ငန်း၊ အဆောက်အအုံ ဆောက်လုပ်ရောင်းချသည့် လုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံလာကြသည့်အတွက် မြေဈေးနှုန်းများ ကြီးမြင့်လာခြင်း၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ခက်ခဲတုံ့ဆိုင်းလာခြင်း၊ ငွေကြေးဖောင်းပွမှု အန္တရာယ်ရှိလာခြင်းတို့ ကြုံတွေ့လာနိုင်သည့်အတွက် ကိုယ်ကျိုးနှင့် အမျိုးသားအကျိုးစီးပွားကို ချိန်ဆလုပ်ကိုင်ကြရန် ပြောကြားလိုပါကြောင်း။

အချို့သည် မြို့စွန်၊ မြို့ပြင်များတွင် လယ်မြေယာမြေများဝယ်ယူပြီး ကိုယ်တိုင် စက်ရုံအလုပ်ရုံ ထူထောင်ရန်၊ စိုက်ခင်းထူထောင်ရန်၊ ဟိုတယ်နှင့်စားသောက်ဆိုင်၊ စက်သုံးဆီဆိုင် ထူထောင်ရန် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ကြိုတင်ရင်းနှီးမြှုပ်နှံကြပြီး လယ်မြေယာမြေကို အခြားနည်းဖြင့် ပြောင်းလဲသုံးစွဲခွင့်ရအောင် နည်းမျိုးစုံကြိုးပမ်းဆောင်ရွက်ကြရာ လာဘ်ပေးလာဘ်ယူနှင့် ဥပဒေနှင့် မညီသောလုပ်ရပ်များ ပါဝင်လာသည်ကို တွေ့ရှိရပါကြောင်း၊ အရေးအကြီးဆုံးမှာ မြို့ပြစီမံကိန်းနှင့် မညီညွတ်ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ပြည်နယ်အစိုးရများက ဥပဒေနှင့်အညီ ကြပ်ကြပ်မတ်မတ်စိစစ်ပြီး မြို့ပြစီမံကိန်းနှင့်အညီဖြစ်စေရေး တည့်မတ်သွားကြရန် မှာကြားလိုပါကြောင်း။

မြို့ပြများကို နိုင်ငံတကာနည်းတူ ဖွံ့ဖြိုးတိုးတက်စေချင်လျှင် လူနေထိုင်ရာ Residential Area၊ စီးပွားရေးလုပ်ကိုင်ရန် Commercial Area၊ စက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်ရန် Industrial Zone၊ စိုက်ခင်းများထူထောင်ရန် Zone စသဖြင့် စနစ်တကျ ခင်းကျင်းစီမံမှသာ ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ပြီး တစ်ယောက်တစ်မျိုး ဆောက်ချင်သည့်နေရာတွင် ဆောက်နေကြလျှင် နောင်တစ်ချိန်တွင် ပြန်ဖျက် ပြန်ပြင်ရသည့် အခြေအနေမျိုး ဆိုက်ရောက်နိုင်သည်ကို ဂရုပြုကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် Land Law, Urban Act ဥပဒေများနှင့်အညီ စီမံကိန်းရေးဆွဲဆောင်ရွက်ရေး ယနေ့ အလုပ်ရုံဆွေးနွေးပွဲတွင် အရေးကြီးသော မြေအသုံးပြုမှုမူဝါဒနှင့် မြေအသုံးပြုမှုစီမံခန့်ခွဲရေးတို့ကို ချမှတ်နိုင်အောင် ဆွေးနွေးဖော်ထုတ်အကြံပြုကြစေလိုပါကြောင်း။

ထို့အပြင် မြေသယံဇာတအရင်းအမြစ် အကန့်အသတ်ရှိလာသည့်အတွက် အချို့နေရာများတွင် မြေကို အကျိုးရှိစွာ အသုံးချသည့်အနေဖြင့် Horizontal Extension အစား Vertical Extension ပြုလုပ်ရန် စဉ်းစားရမည်ဖြစ်ပါကြောင်း၊ အိုးပိုင်အိမ်ပိုင်မရှိသေးသည့် ဝင်ငွေနည်းပြည်သူများအတွက် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများ ထည့်သွင်းစီမံသွားရမည်ဖြစ်ပါကြောင်း၊ အစိုးရပိုင်မြေများအသုံးပြုရာတွင် စုပေါင်းရုံးများအဖြစ် ဖွဲ့စည်းတည်ဆောက်ပြောင်းလဲခြင်း၊ စာသင်ကျောင်း၊ ဆေးရုံ၊ ရဲစခန်း၊ မီးသတ်နှင့်ဈေးနေရာများ တိုးချဲ့ရန် လိုအပ်လာသည့်အတွက် အထပ်မြင့်အဆောက်အအုံများကို စဉ်းစားရတော့မည်ဖြစ်ပါကြောင်း၊ သို့မဟုတ်ပါက မြေနေရာခက်ခဲမှုကြောင့် မြို့ပြင်ပသို့ ပြောင်းရွှေ့ဆောက်လုပ်ပါက ပြည်သူများအတွက် သွားလာရေးအခက်အခဲပေါ်ပေါက်လာမည် ဖြစ်ပါကြောင်း၊ လမ်းဖောက်လုပ်ခြင်း၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးလိုင်းများ သွယ်တန်းခြင်း၊ ရေနုတ်မြောင်းနှင့် အညစ်အကြေး စွန့်ထုတ်မှုလုပ်ငန်းများကိုလည်း ဌာနအလိုက် ကိုယ့်ဌာနအလုပ်ကိုယ်ဆင်းလုပ်သည့်ပုံစံဖြင့် မလုပ်သင့်တော့ဘဲ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး Integrated Plan ရေးဆွဲ ပူးပေါင်းအကောင်အထည်ဖော်သွားကြရန် မှာကြားလိုပါကြောင်း။

ယနေ့ရင်းနှီးမြှုပ်နှံမှုဥပဒေရေးဆွဲပြီး ရင်းနှီးမြှုပ်နှံမှုကော်မရှင်က သတ်မှတ်ရက်အတွင်း ပြီးစီးအောင် One Stop Service ဆောင်ရွက်ပေးရန် မူဝါဒချမှတ်ပြီး ဖြစ်သော်လည်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ နှောင့်နှေးရခြင်း၏ အကြောင်းအရင်းသည် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအကြား မည်သည့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို မည်သည့်မြို့နယ်၊ မည်သည့်နေရာတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ မြို့ပြစီမံကိန်းတို့နှင့်အညီ ခွင့်ပြုနိုင်သည်ကို ကြိုတင်ညှိနှိုင်း လျာထားသတ်မှတ်မှုနှင့် Investment Plan ရေးဆွဲထားရှိရန် လိုအပ်မှုတို့ကြောင့်ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် Investment Plan ကို မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ မြို့ပြစီမံကိန်းတို့နှင့်အညီ ရေးဆွဲဆောင်ရွက်သွားကြစေလိုပါကြောင်း။

ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်ရာတွင် ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမည့်နေရာသည် မြို့ပြစီမံကိန်းနှင့် ညီညွတ်မှုရှိ/မရှိ၊ မြို့နယ်ဒေသ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်/မဖြစ်၊ ပြည်သူတို့၏လူမှုစီးပွားရေးကို ထိခိုက်နိုင်မှုရှိ/မရှိ၊ သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်မှုရှိ/မရှိ စိစစ်ပြီး မြေအသုံးချမှု အကျိုးရှိ ထိရောက်စွာဆောင်ရွက်သွားရန် ဖြည့်စွက်ပြောကြားလိုပါကြောင်း။

မြို့ပြ၊ ကျေးရွာစီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရာတွင် ကျေးရွာများ၏ အခန်းကဏ္ဍကို ဒေသအခြေအနေ၊ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို မထိခိုက်စေဘဲ ခေတ်နှင့်အညီ လူမှုစီးပွားတိုးတက်ရေး၊ လူနေမှုအဆင့်အတန်း မြင့်မားလာရေးအတွက် ဦးစားပေး ဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း၊ လက်ရှိ ကျေးရွာအိမ်ထောင်စုစာရင်းသာမက တစ်အိမ်ထောင်ချင်း၏ မြေယာပိုင်ဆိုင်မှု တိုင်းတာပေးပြီး ပိုင်ဆိုင်မှု အသိအမှတ်ပြုမှတ်ပုံတင်ပေးရမည် ဖြစ်ပါကြောင်း။

မြို့ပြတွင်ဖြစ်စေ၊ ကျေးလက်တွင်ဖြစ်စေ မြို့ပြ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများရေးဆွဲပါက ယာယီတာဝန်ကျသော ဌာနဆိုင်ရာများကသာ ရေးဆွဲခြင်းမျိုးမဖြစ်စေဘဲ မြို့မိမြို့ဖ၊ မြို့လူထုနှင့် လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် ပူးပေါင်းညှိနှိုင်း ရေးဆွဲမှုမျိုးဖြစ်ရန် လိုအပ်ပါကြောင်း၊ ကျေးရွာတွင်လည်း အလားတူ ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် ညှိနှိုင်းရေးဆွဲကြရမည်ဖြစ်ပါကြောင်း။

မြို့ပြ၊ ကျေးရွာ စီမံကိန်းများကို ပွင့်လင်းမြင်သာမှုရှိအောင် မြို့လူထုအား ချပြအသိပေးခြင်း၊ ဆိုင်းဘုတ်ကြီးများ စိုက်ထူကြေညာထားခြင်း ပြုလုပ်ရမည်ဖြစ်သည့်အပြင် လက်တွေ့ မြို့ကွက် ရွာကွက်ချဲ့ထွင်ပါကလည်း ပြည်သူလူထုပူးပေါင်းညှိနှိုင်းပြီး အများဆန္ဒဖြင့် မြေယာပြဿနာများမရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ယခု အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတို့ နေထိုင်လုပ်ကိုင်စားသောက်သွားလာမှု အဆင်ပြေစေရန် မြို့ပြ၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရာတွင် ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့်ဆောင်ရွက်ရေး၊ မြေအသုံးချမှုအား မူဝါဒ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျစီမံခန့်ခွဲနိုင်မည့်အစီအမံများကို ချမှတ်နိုင်ရေးတို့အတွက် ဆွေးနွေးညှိနှိုင်းဖော်ထုတ်သွားကြစေလိုကြောင်းနှင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းကော်မတီ၊ ကြီးကြပ်ရေးကော်မတီ၊ ဆပ်ကော်မတီများကို ပညာရှင်များ၊ Stakeholder များ၊ Development Partner များနှင့် အမြန်ဆုံးဖွဲ့စည်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယနေ့ကျင်းပသည့် မြို့ပြ၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအတွက် မြေအရင်းအမြစ်စီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသည် ပြည်သူတို့၏ လူမှုစီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် မြေသယံဇာတအရင်းအမြစ် အသုံးချရာတွင် မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို အခြေခံအုတ်မြစ်အဖြစ် ချမှတ်နိုင်စေရန်နှင့် ပြည်သူတို့၏ နေမှုထိုင်မှုလိုအပ်ချက်၊ သောက်သုံးရေလိုအပ်ချက်နှင့် အလုပ်အကိုင်အခွင့်အလမ်းလိုအပ်ချက်၊ သွားလာရေးလိုအပ်ချက်၊ လျှပ်စစ်၊ ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကူးသန်းရောင်းဝယ်ရေးစသည့် လူမှုစီးပွားလိုအပ်ချက် ကိစ္စအဝဝတို့ကို မြို့ပြ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများရေးဆွဲပြီး အကောင်အထည်ဖော်ဖြည့်ဆည်းရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြို့ပြ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအတွက် မြေအရင်းအမြစ်စီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ တက်ရောက်ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား စားပွဲဝိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၅

ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား စားပွဲဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲက သမ္မတရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ USAID, Monitor Deloitte, Mitsui, Sojitz တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (ယာပုံ)

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသော ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများက မိမိတို့ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့သည်။

ညှိနှိုင်းအဖြေရှာ

အဆိုပါ ဆွေးနွေးပွဲတွင် ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများအားလည်းကောင်း၊ NGOs များ၊ ရင်းနှီးမြှုပ်နှံသူများ၊ အလှူရှင်များ၊ သုတေသနအဖွဲ့အစည်းများ၏ လေ့လာတွေ့ရှိချက် အခက်အခဲများဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ သက်ဆိုင်ရာဌာနများအကြား သတင်းအချက်အလက်ရယူဖြန့်ဝေခြင်း၊ မြေယာဖော်ထုတ်ပြင်ဆင်၊ သုံးစွဲမှုများ၊ ဘဏ္ဍာငွေကျခံသုံးစွဲမှုများနှင့် ဌာနတွင်း စွမ်းရည်တည်ဆောက်မှုများအပေါ် ဆွေးနွေးညှိနှိုင်းအဖြေရှာခဲ့ကြသည်။

ယင်းဆွေးနွေးပွဲမှ ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှုအတွက် ဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတိုးတက်မြင့်မားရေး၊ ခေတ်နှင့်အညီပြင်ဆင်ထားသည့် ရင်းနှီးမြှုပ်နှံမှုမူဝါဒများ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ စိုက်ပျိုး မွေးမြူရေးကဏ္ဍရင်းနှီးမြှုပ်နှံမှုများတိုးတက်မြင့်မားရေးအတွက် အစိုးရဌာနများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး စသည့်နယ်ပယ်များကို ဦးစားပေးလုပ်ငန်းများအဖြစ် သတ်မှတ်၍ ရှေ့ဆက်ဆောင်ရွက်သွားရန် အကြံပြုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေပေးဝေမှု ခေတ္တပြတ်တောက်မည်

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်မြို့တော်သို့ သောက်သုံးရေပေးပို့ဖြန့်ဝေလျက်ရှိသည့် လှော်ကားရေလှောင်ကန်မှ ရေတွန်းစက်ကြီးများ ကြံ့ခိုင်မှုရှိစေရန်ပြုပြင်ဆောင်ရွက်မည်ဖြစ်ပါ၍ အဓိကအားဖြင့် ရေပေးဝေလျက်ရှိသော မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ အင်းစိန်၊ မရမ်းကုန်း၊ လှိုင်သာယာ၊ လှိုင်၊ ကမာရွတ်၊ ရန်ကင်း၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်နှင့် သာကေတမြို့နယ်များ၌ ဩဂုတ် ၁၉ ရက် နံနက် ၆ နာရီမှ ဩဂုတ် ၂၀ ရက် ညနေ ၆ နာရီအထိ ရေပေးဝေမှုခေတ္တ ပြတ်တောက်မည်ဖြစ်သည်။ ကျန်ရှိသည့် မြို့နယ်များသို့ အခြားရေလှောင်ကန်ကြီးများမှ ရေပုံမှန်ပေးမည်ဖြစ်သည်။

အင်ဂျင်နီယာဌာန(ရေ/သန့်)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

❍ *ကျောဖုံးမှ*

နယ်ပယ်အားလုံးအတွက် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုကို အာမခံချက်ပေးနိုင်အောင် ပေါင်းစပ်ညှိနှိုင်းပေးသော ဂေဟ

မြို့ပြ၊ကျေးရွာလူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

စနစ်အခြေပြု လက်သုံးကိရိယာတစ်ခုဖြစ်ပါကြောင်း။

သဘာဝ ပတ်ဝန်းကျင်စံများ၊ လူမှုစီးပွားစံများအား ပေါင်းစပ်ပေးခြင်း၊ မြေဆိုင်ရာအငြင်းပွားမှုများကို ညှိနှိုင်းဖြေရှင်းပေးခြင်း၊ မြေအသုံးချမှုဘုံရည်မှန်းချက်များကို ချမှတ်ပေးခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ အားလုံးပါဝင်နိုင်ခြင်း၊ ဒေသဆိုင်ရာ၊ နိုင်ငံဆိုင်ရာ၊ ကမ္ဘာလုံးဆိုင်ရာလိုအပ်ချက်များနှင့် လိုက်လျောညီထွေဖြစ်ခြင်းတို့ကို အာမခံချက်ပေးသည့် မြေအရင်းအမြစ်စီမံခန့်ခွဲရေးဖြစ်ရန် လိုအပ်ပါကြောင်း။

မြေအရင်းအမြစ်စီမံခန့်ခွဲရာတွင် လူမှုအဖွဲ့အစည်းတစ်ရပ်လုံး၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့်သာယာဝပြောရေးကို ကာကွယ်မြှင့်တင်ပေးရန်အတွက် လမ်းညွှန် ထိန်းကျောင်းမှုများ လိုအပ်ပါကြောင်း၊ အဆိုပါထိန်းကျောင်းမှုများတွင် အစိုးရမှ ပြဋ္ဌာန်းပေးရသည့်ဥပဒေ၊ ညွှန်ကြားချက်၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများရှိသကဲ့သို့ ပုဂ္ဂလိကတစ်ဦးချင်းအလိုက်၊ အဖွဲ့အစည်းအလိုက် သဘောတူထားကြသည့် စာချုပ်စာတမ်း ကတိကဝတ်ပဋိညာဉ်များလည်း ပါဝင်ပါကြောင်း၊ မြေအရင်းအမြစ်စီမံခန့်ခွဲရာတွင် ဒေသခံပြည်သူလူထု၏ လိုအပ်ချက်နှင့်လိုလားချက်များ၊ မြေအမျိုးအစားနှင့် တန်ဖိုးသတ်မှတ်ချက်များ၊ မြေအသုံးချမှုအရန်နည်းလမ်းများကို ထည့်သွင်းသုံးသပ်ရမည် ဖြစ်ပါကြောင်း။

မြေအရင်းအမြစ်စီမံခန့်ခွဲခြင်း၏ အခြေခံမှုများအဖြစ် မြေယာများ၏ တစ်မူထူးခြားသည့် ဝိသေသလက္ခဏာများကို ဖော်ထုတ်မှတ်တမ်းတင်ခြင်း၊ ယဉ်ကျေးမှုနှင့် သမိုင်းတန်ဖိုးထိန်းသိမ်းခြင်း၊ အများပြည်သူနှင့် သဘာဝပတ်ဝန်းကျင်အတွက် နေရာလွတ်များ စီမံထားခြင်း၊ မြေပြောင်းလဲအသုံးချမှုအတွက် ထပ်ဆောင်းကုန်ကျစရိတ်များ တွက်ချက်ခြင်း၊ မြေအသုံးပြုမှုအမျိုးမျိုးအတွက် အံဝင်ခွင်ကျနေရာချထားခြင်း၊ သယ်ယူပို့ဆောင်ရေးနည်းအမျိုးမျိုးကို ထည့်သွင်းစီမံခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုပုံစံများနှင့် ကန့်သတ်ချက်များချမှတ်ခြင်း၊ အခြေခံ အဆောက်အအုံများရှိပြီးဖြစ်သည့်နယ်မြေများတွင် ဖွံ့ဖြိုးမှုလုပ်ငန်းလုပ်ဆောင်မှုကို အားပေးခြင်းစသည့်အချက်များကို အခြေခံမှုများအဖြစ် ထားရှိသွားသင့်ပါကြောင်း၊ မြေနှင့်ပတ်သက်သော တိကျပြည့်စုံသည့် စာရင်းဇယား၊ သတင်းအချက်အလက်များအပေါ် အခြေခံ၍ မှန်ကန်သော မြေယာဈေးကွက်နှင့် ထိရောက်သောမြေအသုံးချမှုစီမံခန့်ခွဲရေးစနစ် ပေါ်ထွန်းလာရေးအတွက် မြေယာမူဝါဒနှင့်ဖွဲ့စည်းမှု မူဘောင်များ ချမှတ်နိုင်မှသာလျှင် စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ရှုထောင့်စုံမှ ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်ကို ရရှိနိုင်မည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဆင့်မှ မြို့နယ်အဆင့်အထိ အုပ်ချုပ်မှုယန္တရားများနှင့်အညီ မြေအသုံးချမှုစီမံခန့်ခွဲရေးကို နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ အဆင့်ဆင့်ခွဲဝေတာဝန်ယူ ဆောင်ရွက်ပေးနိုင်ရေးသည် အရေးကြီးသည့်အတွက် စီမံခန့်ခွဲအုပ်ချုပ်လုပ်ကိုင်ပုံ ခေတ်မီတိုးတက်မြန်ဆန်အောင် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

သို့ဖြစ်ပါ၍ ယခုအလုပ်ရုံဆွေးနွေးပွဲတွင် လက်တွေ့အကောင်အထည်ဖော်နိုင်မည့် မှန်ကန်ပြည့်စုံသော မူဝါဒများ၊ ခိုင်မာသော ဥပဒေမူဘောင်များ၊ အားကောင်းသည့် ဖွဲ့စည်းမှုမူဘောင်များ၊ ရိုးရှင်းလွယ်ကူသည့် လုပ်ထုံးလုပ်နည်းများကို ဖော်ထုတ် အကြံပြုသွားနိုင်ရေး ဦးတည် ဆွေးနွေးပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာဇော်ဦးက အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးမည့် အကြောင်းအရာများနှင့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစုအဖွဲ့အလိုက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မြို့ပြ၊ ကျေးရွာလူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်နှင့် ပတ်သက်၍ သဘာပတိအဖြစ် ဒေါက်တာဇော်ဦးက ဆောင်ရွက်ပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနတို့မှ စာတမ်းရှင်များက စာတမ်းများဖတ်ကြားကြကာ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

ထို့အပြင် နယ်မြေနေရာဒေသဖွံ့ဖြိုးရေးစီမံကိန်းခေါင်းစဉ်နှင့် ပတ်သက်သည့်ဆွေးနွေးပွဲတွင် သဘာပတိအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ် ဦးဝင်းမြင့်က ဆောင်ရွက်ပြီး မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ စာတမ်းရှင်များက စာတမ်းများဖတ်ကြားကြကာ တက်ရောက်လာသူများက ဆွေးနွေးကြသည်။

အလားတူ ကဏ္ဍ၊ ဌာနများ၏ မြေစီမံခန့်ခွဲမှုများခေါင်းစဉ်နှင့် ပတ်သက်၍ ဆွေးနွေးပွဲတွင် သဘာပတိအဖြစ် မြန်မာဖွံ့ဖြိုးတိုးတက်ရေးအရင်းအမြစ် အဖွဲ့အစည်း၏စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန်းထွန်းကဆောင်ရွက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနတို့မှ စာတမ်းရှင်များကစာတမ်းများဖတ်ကြားကြကာ တက်ရောက်လာသူများက ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် မြေအရင်းအမြစ်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းရေးခေါင်းစဉ်နှင့်ပတ်သက်သည့် ဆွေးနွေးပွဲတွင် သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ အရပ်ဘက်လူမှုအဖွဲ့အစည်း (Civil Society) နှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ စာတမ်းရှင်များက စာတမ်းများဖတ်ကြားကြပြီး တက်ရောက်လာသူများက ဆွေးနွေးကြသည်။

နယ်မြေနေရာဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် ပတ်သက်၍ ဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ထို့အတူ မြေအသုံးချမှုနှင့် တန်ဖိုးသတ်မှတ်မှု မူဝါဒခေါင်းစဉ်နှင့် ပတ်သက်၍ သဘာပတိအဖြစ် ဒေါက်တာဇော်ဦးက ဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ စာတမ်းရှင်များက စာတမ်းများ ဖတ်ကြားကြသည်။

အလားတူ မြေအရင်းအမြစ်ဆိုင်ရာ ဥပဒေများခေါင်းစဉ်နှင့် ပတ်သက်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဥပဒေပညာရှင် ဦးကျော်ဆန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရှေ့နေချုပ်ရုံးတို့မှ စာတမ်းရှင်များက စာတမ်းများ ဖတ်ကြားကြကာ တက်ရောက်လာကြသူများက ဆွေးနွေးကြသည်။

ထို့နောက် ခြုံငုံသုံးသပ်ဆွေးနွေးခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များဖော်ထုတ်ခြင်းတွင် ဒေါက်တာဇော်ဦး၊ ဦးဝင်းမြင့်၊ ဒေါက်တာ ညီညီကျော်၊ ဒေါက်တာသန်းထွန်းနှင့် ဦးကျော်ဆန်းတို့က ဆွေးနွေးပြီး ဒေါက်တာဇော်ဦးက ဆွေးနွေးမှုအပိုင်းများ၏ ရှေ့လုပ်ငန်းစဉ်များ ဖော်ထုတ်ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဦးဝင်းထွန်းတို့က သုံးသပ်ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

ကမ်းစပ်တွင် မသိသာသော်လည်း မြစ်လယ်တွင် လှိုင်းထန်လျက်ရှိရာ စက်လှေအသေးဖြင့် စီးနင်း၍ ကြည့်ရှုခဲ့သောသူများမှာ လှိုင်းပုတ်ဒဏ်ကြောင့် အဝတ်အစားများ ရေစိုခြင်းကို ခံကြရသည်။

ပူဇော်ထား

မွန်းလွဲ ၁ နာရီတွင် ဧည့်ပရိသတ်ပို၍စည်ကားလာပြီး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိသည်။ ဆရာတော်များ ပရိတ်ရွတ်ဖတ်ပူဇော်သော ဗညားလတ် သုံးထပ်သင်္ဘောပေါ်တွင် သာသနာပွဲများကို အစီအရီပူဇော်ထားပြီး အကြံအစည်အောင်မြင်မှုနှင့် သာသနာတော်ကို ဆည်းကပ်ကိုးကွယ်ရာအဖြစ် ကြံပင်နှင့် ငှက်ပျောပင်တို့ မညှိုးနွမ်းစေရန်စိုက်ထူပူဇော်ထားကြောင်း၊ သင်္ဘောပေါ်ရှိ သက်သတ်လွတ် စားသုံးနေသော လူဦးရေ ၈၀ အတွက် အစားအသောက်များလှူဒါန်းပြီး ပြန်လာသူ လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ရှာဖွေလျက်

ညနေ ၃ နာရီ ၃ မိနစ်တွင် သုံးထပ်သင်္ဘောမှ မီးစိမ်းတိုင်အနီးရှိ ရေပေါ်အမှတ်အသား ပြုလုပ်ထားသည့် ဘောလုံးအစိမ်းအမည်းနေရာတွင် ရေငုပ်သမားများ စတင်ငုပ်ကြရာ မြစ်ကမ်းပေါ်မှ ကြည့်ရှုနေသူများ၊ စက်လှေဖြင့် တစ်ဖုံ၊ မှန်ပြောင်းဖြင့် တစ်သွယ် ကြည့်ရှုသူများ လှုပ်လှုပ်ရှားရှား ဖြစ်ကြသည်။ ထိုအချိန်တွင် မြစ်ဆုံနေရာသည် မိုးဖွဲဖွဲ တစ်ကြိမ်သာ ရွာသွန်းခဲ့သည်။ ဆလုံ ရေငုပ်အဖွဲ့က လည်ပင်းတွင်ကြိုး ချည်ထားသော သံတုံးကိုစွပ်၍ အသက်ရှူပိုက်နှင့် အချက်ပြကြိုးတစ်ချောင်းကိုကိုင်ကာ အလှည့်ကျဆင်း၍ ရှာဖွေလျက်ရှိပြီး ညနေ ၃ နာရီ ၁၅ မိနစ်တွင် တွန်းသင်္ဘော NAWATU ရောက်ရှိလာကာ တွန်းသင်္ဘောဦးပိုင်းတွင် ပါလာသော ဆရာတော်ကြီးက ပရိတ်ရေများကို ငွေဖလားအတွင်းမှ မြစ်အတွင်းသို့ ပက်ဖျန်းကာ ဗညားလတ်သင်္ဘောကြီးပေါ်သို့ ပြန်လည်ကြွရောက်၍ သင်္ဘောဦးခန်း လက်တန်းမှ မေတ္တာဘာဝနာ ပွားများလျက်ရှိသည်။

ဗညားလတ် သင်္ဘောပေါ်မှ လက်ကိုင်စပီကာဖြင့် ရေငုပ်ရှာဖွေနေသော လုပ်ငန်းခွင်အတွင်းသို့ မဝင်ရောက်ရန်နှင့် ကိုက် ၅၀ မှ ကြည့်ရှုလေ့လာကြရန် မေတ္တာရပ်ခံ အသိပေးလျက်ရှိသည်။ မီးစိမ်းတိုင်၏ ကိုက် ၃၀၀ အကွာတွင် ထပ်မံငုပ်ကြပြီး ညနေ ၃ နာရီခွဲတွင် မီးစိမ်းတိုင်မှ ကိုက် ၅၀၀ ခန့်ရှိသော နေရာတွင် ကျောက်ဆူးချ၍ ဆက်ငုပ်ကြသည်။ ပင်လယ်ဝမှ ရေတက်လာပြီဖြစ်၍ ပဲခူးမြစ်ရေအကျနှင့် မြစ်ဆုံတွင် ဆုံနေရာ လှိုင်းထလေတိုက်လျက်ရှိနေသည်။ လှိုင်းထန်လာသည့်အတွက် မြစ်ပြင်တွင် ကြည့်ရှုလေ့လာသော စက်လှေများ ကမ်းသို့ပြန်လှည့်သွား၍ ရှင်းလင်းလျက်ရှိပြီး ရေငုပ်သမားနှစ်ဦး ရေအောက်သို့ ထပ်မံဆင်းသွားသည်။

ညနေ ၄ နာရီအထိ ဓမ္မစေတီခေါင်းလောင်းရှာဖွေသော ရေငုပ်အဖွဲ့သည် မြစ်ဆုံတွင် ဆက်လက်ရှာဖွေလျက်ရှိသည်။

အဆိုပါ နေရာတွင် ခေါင်းလောင်းကြီးရှိလျှင် မြစ်ကမ်းပေါ်မှ ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်တို့၏ ပို့သသောမေတ္တာနှင့် ရေလယ်မှ ဆရာတော်များ ရွတ်ဖတ်သရဇ္ဈာယ်သည့် ပရိတ်တရားတော်တို့ ပေါင်းစည်းမိကာ ရေအောက်တွင်နစ်မြုပ်နေသော ဓမ္မစေတီခေါင်းလောင်းကြီးရရှိမည်ဟု ပြည်သူအချို့က ပြောဆိုသုံးသပ်လျက်ရှိသည်။

(၁၆၄)

အလိမ္မာစာမှာရှိ

❖ *ကျောဖုံးမှ*

မြို့သုံးမြို့၏ မြေအနေအထား၊ အကျယ်အဝန်းစသည်တို့ကို အခြေခံ၍ဖြစ်နိုင်ခြေရှိသည့်မြို့ကို ရွေးချယ်ဒီဇိုင်းဆွဲကာ ပို့ဆောင်ရေးဝန်ကြီးဌာနသို့ တင်ပြသွားရန်ရှိကြောင်း သိရသည်။

ယင်းစီမံကိန်းအတွက် ကျပ်သန်းပေါင်း ၂၀၀ ခန့် အကုန်အကျခံနိုင်ကြောင်း ဖလမ်းမြို့နယ် ဆန်ဘုံတောင်တွင် ကွင်းဆင်းလေ့လာတိုင်းတာရေး လုပ်ငန်းဆောင်ရွက်နေမှုအပေါ် ချင်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ယခုလို ပြောကြားခဲ့သည်။

ထို့အတူ ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၃၀ ရက်က ချင်းပြည်နယ် ဒေသများသို့ ဆေးဝါးများ သဘာဝဘေးဒဏ်သင့် ဒေသများကို ကူညီနိုင်ရန် အခြေခံ၍ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့် Mission Aviation Fellowship (MAF-USA)မှ တာဝန်ရှိသူများက လေယာဉ်ငယ်များပြေးဆွဲပျံသန်းနိုင်ရေးကိုလည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

ကူညီဆောင်ရွက်ပေး

လက်ရှိအခြေအနေတွင် ချင်းပြည်နယ်အတွင်း ကမ္ဘာလှည့် ခရီးသည်များ ဝင်ရောက်မှု တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းတိုးတက်ရန်အတွက် လိုအပ်သည်များကိုလည်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းသတင်း

ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူ့ကျန်းမာရေး မြှင့်တင်ဆောင်ရွက်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်လျက်ရှိ

(ကျန်းမာရေးဝန်ကြီးဌာန)

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူ့ကျန်းမာရေးမြှင့်တင်ဆောင်ရွက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးရှိ ဒေသခံပြည်သူများ၊ လွှတ်တော် ကိုယ်စားလှယ်များကလည်း မိမိတို့မြို့နယ်ရှိ ဆေးရုံများ အဆင့်မြှင့်တင်လိုခြင်း၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ၏ လိုအပ်ချက်များကို တင်ပြလျက်ရှိပါသည်။

ယင်းအခြေအနေတို့ကို **တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှစ်အလိုက် စီမံကိန်းများအရ ဦးစားပေးအစီအစဉ်အတိုင်း ဆေးရုံ၊ ဆေးခန်းများအား အဆင့်မြှင့်တင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက် ကျန်းမာရေးဌာနခွဲများတွင် ဆရာဝန်၊ သူနာပြု၊ သားဖွားနှင့် ကျန်းမာရေးဝန်ထမ်းများအား ခန့်ထားပေးခြင်း၊ ဆေးပစ္စည်းကိရိယာများကို ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။**

မြို့နယ်ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲများ အသုံးပြုရန် Drip, Drip Set များ၊ ဆေးထိုးပိုက်များ၊ ဂွမ်း၊ ပတ်တီး၊ အရက်ပြန်နှင့် ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်းသုံး လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရန် သက်ဆိုင်ရာမြို့နယ်ဆေးရုံများသို့ ကျပ်သန်း ၁၆၆၁ သန်း ရန်ပုံငွေ ထပ်မံခွဲဝေပေးပြီးဖြစ်ပါသည်။ ရုံးချုပ်မှ ကြီးကြပ်၍လည်း ဆေးဝါးများ ဝယ်ယူရန် ကျပ်သန်း ၂၀၀၀၀ လျာထားပါသည်။

ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲများ ပြုပြင်ရန်အတွက် မြို့နယ်တစ်မြို့နယ်လျှင် ပျမ်းမျှ ကျပ်သန်း ၅၀ နှုန်းဖြင့် တွက်ချက်၍ တိုင်းဒေသကြီး၊ ပြည်နယ် ကျန်းမာရေးဦးစီးဌာနများသို့ ရန်ပုံငွေ ကျပ်သန်း ၁၄၉၀၀ ခွဲဝေပြီးဖြစ်ပါသည်။

၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အရန်သားဖွား ဆရာမ ၂၉၂ ဦး မွေးထုတ်ရန်နှင့် လိုအပ်သော ရန်ပုံငွေကျပ်သန်း ၅၉၂ ဒသမ ၄၁၆ သန်း ခွဲဝေလျာထား သတ်မှတ်ထားပါသည်။

ထို့ပြင် လူနာဝတ်စုံများ ထောက်ပံ့ရန်အတွက် စီစဉ်လျက်ရှိပြီး ရန်ပုံငွေကျပ်သန်း ၈၀၀ ခွဲဝေလျာထားပါသည်။ သွေးသွင်းကုသရန် လိုအပ်သော လူနာများအတွက် လိုအပ်သော သွေးခံအိတ်များ၊ သွေးစစ်ဆေးခြင်းများ၊ သွေးလှူရှင်များအတွက် ကုန်ကျစရိတ်များ ကျခံသုံးစွဲရန် ငွေကျပ်သန်း ၂၄၀၀ ခွဲဝေလျာထားပါသည်။

အလားတူ ငွေကျပ် ၁၀၃၅၅၇ ဒသမ ၄၅၃ သန်း တန်ဖိုးရှိ ဆေးဘက်ဆိုင်ရာ ကိရိယာများ ဝယ်ယူရန်အတွက် ပထမအကြိမ် အိတ်ဖွင့်တင်ဒါ ခေါ်ယူပြီးဖြစ်၍ တင်ဒါဖွင့်ဖောက်ရန်အတွက် ပညာရှင်များဖြင့် Specification စစ်ဆေးလျက်ရှိပါသည်။ ထို့အပြင် ဆေးဘက်ဆိုင်ရာ ကိရိယာများ ဝယ်ယူရန် ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူပြီး ဖြစ်ပါသည်။

ရုံးသုံးစက်ကိရိယာများ ဝယ်ယူခြင်းအတွက်လည်း ၃၁-၇-၂၀၁၄ ရက်နေ့တွင် အိတ်ဖွင့်တင်ဒါဖွင့်၍ အဖွဲ့ဖြင့် ရွေးချယ်ပြီးဖြစ်ပါသည်။ လူနာတင်မော်တော်ယာဉ်များ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူပြီး တင်ဒါဖွင့်ရန် စီစဉ်လျက်ရှိပါသည်။

ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံးအပြင် နယ်စပ် အစားအသောက်နှင့် ဆေးဝါး စစ်ဆေးရေးဌာနများအဖြစ် ရှမ်းပြည်နယ်တွင် မူဆယ်မြို့၊ တာချီလိတ်မြို့နှင့် ချင်းရွှေဟော်၊ ကရင်ပြည်နယ်တွင် မြဝတီမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့တို့တွင် ဖွင့်လှစ်ထားပါသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ကော့သောင်းမြို့နှင့် မြိတ်မြို့တို့တွင် ထပ်မံဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

ငွေလုံးငွေရင်း အသုံးစရိတ် (ဆောက်လုပ်ရေး)တွင် တိုင်းဒေသကြီး၊ ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနရုံး ခြောက်နေရာ ဆောက်လုပ်နိုင်ရန် ရန်ပုံငွေ စုစုပေါင်းကျပ်သန်း ၁၂၀၀ ခွင့်ပြုချက်ရရှိခဲ့ပါသည်။

ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ရုံးသုံးစက်ပစ္စည်းကိရိယာနှင့် ပရိဘောဂများ ဝယ်ယူနိုင်ရန် ငွေလုံးငွေရင်း အသုံးစရိတ်(စက်ပစ္စည်း)တွင် ကျပ်သန်း ၁၇၀၁ ဒသမ ၅၆ သန်း ခွင့်ပြုချက်ရရှိခဲ့ပြီးဖြစ်ပါသည်။ ဓာတ်ခွဲခန်းသုံးပစ္စည်းများ ဝယ်ယူခြင်းဖြင့် ပြည်သူများအရည်အသွေးပြည့်မီ၍ ဘေးဥပဒ်အန္တရာယ်ကင်းစင်သော အစားအသောက်နှင့် ဆေးဝါးများ ရရှိသုံးစွဲနိုင်ရန်အတွက် လည်းကောင်း၊ အလှကုန်၊ လူသုံးကုန်ကဲ့သို့သော ကျန်းမာရေးဆိုင်ရာ ပစ္စည်းများနှင့် ဆေးပစ္စည်းများ၏ အရည်အသွေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များ အတွက်လည်းကောင်း ဓာတ်ခွဲစစ်ဆေးရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းအဖွဲ့အစည်း၏ အသိအမှတ်ပြုလက်မှတ် (ISO 17025) ရရှိရန် ရည်ရွယ်ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်တွင် အစားအသောက်နှင့် ဆေးဝါးဆိုင်ရာ ဓာတ်ခွဲစစ်ဆေးခြင်းများအတွက် ၃၀-၆-၂၀၁၄ ရက်နေ့အထိ ဆောင်ရွက်မှုရငွေဖြစ်သည့် ငွေကျပ်သန်း ၃၆၈ ဒသမ ၆၄၃ သန်းကို နိုင်ငံတော်၏ ဘဏ္ဍာငွေအဖြစ် ကောက်ခံရရှိခဲ့ပါသည်။

ထို့အပြင် ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်မြို့ ဘုရင့်နောင်ငါးပိပွဲရုံသို့သွားရောက်၍ အစားအသောက်ဌာနခွဲနှင့်ဓာတ်ခွဲဌာနခွဲတို့ ပူးပေါင်းကာ ငါးပိနမူနာ ၃၈ မျိုး ကောက်ယူပြီး ချက်ချင်းဓာတ်ခွဲစစ်ဆေး၍ အဖြေထုတ်ပေးခဲ့ပါသည်။

စာသင်ကျောင်း မုန့်ဈေးတန်း အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစီမံချက်ကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် နေပြည်တော် လယ်ဝေး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ ကျောင်းမုန့်ဈေးတန်းများမှ အသင့်ထုပ်ပိုးပြီး အရောင်ပါသော မုန့်များအား ဈေးကွက်နမူနာ ကောက်ယူပြီး အစားအသောက်တွင် သုံးစွဲရန် ခွင့်မပြုသော ဆိုးဆေးများပါဝင်မှု ရှိ/မရှိ ဓာတ်ခွဲစစ်ဆေးခဲ့ပါသည်။ ထိုသို့ စစ်ဆေးရာတွင် ဈေးကွက်နမူနာပေါင်း ၅၉၃ ခု အနက် နမူနာ ငါးမျိုးသည် အစားအသောက်တွင် သုံးစွဲရန် ခွင့်မပြုသော ဆိုးဆေးပါဝင်ကြောင်း တွေ့ရှိခဲ့ရသည်။ သို့ဖြစ်၍ အများပြည်သူသိရှိစေရန် ၁၅-၅-၂၀၁၄ ရက်နေ့တွင် နိုင်ငံပိုင်သတင်းစာများမှ ထုတ်ပြန်ကြေညာခဲ့ပါသည်။

အလားတူ ၂၀၁၄ ခုနှစ် မတ်လတွင် တမူးမြို့ရှိ ဈေးများ၌ ရောင်းချလျက်ရှိသော အစားအသောက်နမူနာများ ကောက်ယူ၍ ဓာတ်ခွဲစမ်းသပ်ခဲ့ပါသည်။ ထိုသို့ စစ်ဆေးစဉ်တွင် နှင်းပုလဲအမှတ်တံဆိပ် ငရုတ်သီး အရောင်တင်မှုန့်နှင့် နန္ဒင်းမှုန့်၊ သိန်းကမ္ဘာအမှတ်တံဆိပ် ငရုတ်သီးအရောင်တင်မှုန့်တို့တွင် အစားအသောက်၌ သုံးစွဲရန်ခွင့်မပြုသော ဆိုးဆေးများပါဝင်ကြောင်း တွေ့ရှိရပါသည်။ ဧပြီလတွင် လားရှိုးမြို့ရှိ တရုတ်နိုင်ငံမှ တင်သွင်းသည့် ဟင်းချက်ဆီများ၊ အစားအသောက်နှင့် ဆေးဝါးများကို ဈေးကွက်နမူနာကောက်ယူ၍ ဓာတ်ခွဲစစ်ဆေးခဲ့ရာတွင်လည်း စားသုံးဆီ နမူနာ ၂၄ မျိုးအနက် လေးမျိုးမှာ စားအုန်းဆီအတွက် တင်သွင်းခွင့်ပြု အရည်အသွေး သတ်မှတ်ချက် မပြည့်မီခြင်း၊ မြေပဲဆီဟု ဖော်ပြထားသည့် ဆီအချို့၌ မြေပဲဆီ အရောများဖြစ်ကြောင်း တွေ့ရှိရခြင်းနှင့် အစားအသောက် နမူနာ ၃၈ မျိုးအနက် ရွှေဝါဝင်းအမှတ်တံဆိပ် ငရုတ်သီးအရောင်တင်မှုန့်၌ အစားအသောက်တွင် သုံးစွဲရန် ခွင့်မပြုသော ဆိုးဆေးပါဝင်မှုရှိကြောင်း တွေ့ရှိခဲ့ပါသည်။

ဈေးကွက်ထောက်လှမ်းစစ်ဆေးသည့် အလှကုန်ပစ္စည်း ၂၁ မျိုးအနက် အလှကုန်ပစ္စည်း ကိုးမျိုးတွင် တားမြစ်ဓာတုပစ္စည်းများ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်း မရှိသော အဆိုပါအလှကုန်ပစ္စည်း ကိုးမျိုးကို အများပြည်သူသုံးစွဲခြင်း မပြုရန်သတင်းစာနှင့် မီဒီယာများတွင် ကြော်ငြာများထည့်သွင်းပြီး တိုင်းဒေသကြီး၊ ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီများသို့လည်း အကြောင်းကြား၍ ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ဆက်လက်၍လည်း ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူဗဟိုပြု ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

(၂၀၁၄-၂၀၁၅) ခု၊ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေရရှိသောဘဏ္ဍာငွေများသုံးစွဲရေးအတွက်ခွဲဝေမှုစာရင်း

ကျပ်(သန်းပေါင်း)

စဉ်	ဌာန	သာမန် အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်				သာမန် + ငွေလုံးငွေရင်း အသုံးစရိတ်
			ဆောက်လုပ်ရေး	စက်ပစ္စည်း	အခြား	စုစုပေါင်း	
၁။	ဝန်ကြီးရုံး	၅၁၀. ၇၅၇	၁၀၁. ၅၀၀	၅၀. ၀၀၀	၅. ၈၄၂	၁၅၇. ၃၄၂	၆၆၈. ၀၉၉
၂။	ကျန်းမာရေးဦးစီးဌာန	၃၅၉၇၃၅. ၇၄၄	၁၀၃၃၄၁. ၇၃၄	၁၀၆၉၈၀. ၀၉၈	၁၀၀. ၀၀၀	၂၁၀၄၂၁. ၈၃၂	၅၆၉၈၉၇. ၅၇၆
၃။	ဆေးသိပ္ပံပညာဦးစီးဌာန	၁၄၀၉၁. ၁၄၈	၃၂၀၇၇. ၇၂၇	၃၄၆၅. ၄၉၂	၁၁၄. ၈၃၀	၃၅၆၅၈. ၀၄၉	၄၉၇၄၉. ၁၉၇
၄။	တိုင်းရင်းဆေးပညာဦးစီးဌာန	၃၇၅၉. ၂၇၈	၁၇၆၄၁. ၂၄၀	၉၉၉. ၈၆၀	-	၁၈၆၄၁. ၁၀၀	၂၂၄၀၀. ၁၇၈
၅။	ကျန်းမာရေးစီမံကိန်းဦးစီးဌာန	၁၃၆၈. ၄၈၁	-	၄၂၅. ၉၃၀	-	၄၂၅. ၉၃၀	၁၇၉၄. ၄၁၁
၆။	ဆေးသုတေသန ဦးစီးဌာန(အောက်မြန်မာပြည်)	၁၆၇၈. ၈၃၀	၁၉၀. ၀၀၀	၁၀၈၃. ၉၄၈	၄၂၂. ၂၅၉	၁၆၉၆. ၂၀၇	၃၃၇၅. ၀၃၇
၇။	ဆေးသုတေသန ဦးစီးဌာန(အထက်မြန်မာပြည်)	၆၅၁. ၂၂၈	၁၄၉. ၅၈၅	၃၆၀. ၃၂၅	၅. ၀၀၀	၅၁၄. ၉၁၀	၁၁၆၆. ၁၃၈
၈။	အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန	၇၄၁. ၉၉၃	၁၂၀၀. ၀၀၀	၁၇၀၁. ၅၆၀	၅၀. ၀၀၀	၂၉၅၁. ၅၆၀	၃၆၉၃. ၅၅၃
	စုစုပေါင်း	၃၈၂၂၇၇·၆၅၉	၁၅၄၇၀၁·၇၈၆	၁၁၅၀၆၇·၂၁၃	၆၉၇·၉၃၁	၂၇၀၄၆၆·၉၃၀	၆၅၂၇၄၄·၅၈၉

ဝန်ကြီးဌာနပေါင်းစုံ(အမျိုးသား)ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကျင်းပ

နေပြည်တော် ဩဂုတ် ၁၅

၂၀၁၄ ခုနှစ် သတ္တမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား)ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ညနေပိုင်းက နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းအမှတ် (၃)နှင့် (၄)တို့တွင် ဆက်လက်ကျင်းပရာ ကွင်းအမှတ်(၃)တွင် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို ခုနစ်ဂိုး-ငါးဂိုးဖြင့်လည်းကောင်း၊ ကွင်းအမှတ် (၄)၌ ပြန်ကြားရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာန အသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

ဩဂုတ် ၁၆ ရက်ညနေပိုင်းတွင် ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် လေ့ကျင့်ရေးကွင်းအမှတ် (၃)တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၄)တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ *ရွှေဖုံးမှ*

ရွှေဂုံတိုင်လမ်းဆုံ၊ ရှစ်မိုင်လမ်းဆုံကဲ့သို့သောလမ်းဆုံများ၌ ယာဉ်ကြောကျပ်တည်းမှုမှာ အချိန်နှင့်အမျှဖြစ်ပေါ်လျက်ရှိနေခဲ့သည်။

ထို့အတွက် လှည်းတန်းခုံးကျော်တံတား၊ ဘုရင့်နောင်ခုံးကျော်တံတား၊ ရွှေဂုံတိုင် ခုံးကျော်တံတားများကို တည်ဆောက်ပေးခဲ့သည်။ ယာဉ်ကြောကျပ်တည်းမှုပြဿနာများ အတိုင်းအတာတစ်ခုအထိ ဖြေလျှော့လာခဲ့သည်။ သို့သော် ရန်ကုန်မြို့နှင့် ယာဉ်အစီးရေအချိုးအစား မမျှတမှုကြောင့် အချို့သောလမ်းဆုံလမ်းခွတို့၌ယာဉ်ကြောကျပ်တည်းမှုများက ရှိမြဲရှိနေခဲ့သည်။

လှည်းတန်းခုံးကျော်တံတားဖွင့်လှစ်ပေးပြီးခဲ့သော်လည်း ခုံးကျော်တံတားမှ မြေနီကုန်းမီးပွိုင့်ဘက်သို့လာသည့်လမ်းကြောမှာ ကျပ်မြဲကျပ်နေဆဲဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အထူးစီမံကိန်းအဖြစ် မြေနီကုန်း ခုံးကျော်တံတားကြီးကို တည်ဆောက်ခြင်းဖြစ်သည်။

မြို့တော် စည်ပင်သာယာရေးကော်မတီလမ်းတံတားမှ တာဝန်ရှိသူတစ်ဦးက "တံတားကမြေနီကုန်းမီးပွိုင့်နဲ့ ရှင်စောပုမီးပွိုင့် နှစ်ခုကိုဖြတ်ကျော်ဆောက်သွားမှာပါ" ဟု ဆိုခဲ့သည်။

တည်ဆောက်မည့် တံတားမှာ ယာဉ်လေးလမ်းသွားအကျယ်ဖြစ်ပြီး အရှည်အားဖြင့် ၂၃၇၆ ပေ ရှိသည်ဟု သိရသည်။

တက္ကစီယာဉ်မောင်း ကိုညွန့်အောင်(ကြည့်မြင်တိုင်)က "ဒီမြေနီကုန်း ခုံးကျော်တံတားပြီးသွားရင်တော့ လှည်းတန်းကနေ အလုံလမ်းအထိ ယာဉ်ကြောအတော်ရှင်းသွားမယ်။ ကြားမှာ ဒီမြေနီကုန်းမီးပွိုင့်ရယ်၊ ရှင်စောပုမီးပွိုင့်ရယ် ကြားကတောင့်ခံနေတဲ့အတွက် ယာဉ်ကြောကျပ်နေတာ" ဟု သုံးသပ်ပြခဲ့သည်။

စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်

နေပြည်တော် ဩဂုတ် ၁၅

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယနေ့နံနက် ၆ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၆ စင်တီမီတာ (နှစ်လက်မခွဲခန့်) ကျော်လွန်နေကာ ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

တက္ကသိုလ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေး ဂျပန်နိုင်ငံ မီဇူဟိုဘဏ်လီမိတက်ကငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၅

ပညာရေးဝန်ကြီးဌာနတက္ကသိုလ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဂျပန်နိုင်ငံ မီဇူဟိုဘဏ်လီမိတက်က အလှူငွေများ လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ပညာရေး ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးဒေါက်တာ ဒေါ်ခင်စန်းရီထံ မီဇူဟိုဘဏ်လီမိတက် ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စတာ နိုဘုဟိဒဲဟရရှိက အလှူငွေများ ပေးအပ်လှူဒါန်းပြီး ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

တာချီလိတ်အနိမ့်ပိုင်းရပ်ကွက်အချို့ ရေလွှမ်း

တာချီလိတ် ဩဂုတ် ၁၅

ဩဂုတ် ၁၃ ရက် ညဦးပိုင်းမှစတင်ကာ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကျရေများကျဆင်းကာ တာချီလိတ်မြို့ အနိမ့်ပိုင်းရပ်ကွက်အချို့တွင် ရေလွှမ်းမိုးမှု ဖြစ်ပေါ်ခဲ့သည်။ တောင်ကျရေကျဆင်းမှုကြောင့် မယ်ခေါင်၊ ရန်အောင်မြေနှင့် ဆေးခမ်းရပ်ကွက်များတွင် ဩဂုတ် ၁၄ ရက် နံနက်ပိုင်းမှစတင်ကာ ရေတဖြည်းဖြည်းဝင်ရောက်လာရာ မွန်းလွဲပိုင်းတွင် ရေအနက် တစ်ပေခွဲမှ လေးပေခန့်အထိ မြင့်တက်လာပြီး လယ်ယာစိုက်ခင်းများ၊ စာသင်ကျောင်းများ၊ နေအိမ်များ ရေလွှမ်းခံရကာ တာချီလိတ်-ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် အမြင့်ပေ ၂ ပေခန့်အထိ လွှမ်းမိုးခဲ့သော်လည်း ယာဉ်သွားလာမှုပြတ်တောက်ခြင်းမရှိခဲ့ပါ။ **(အပေါ်ပုံ)**

ရေလွှမ်းမိုးမှုဖြစ်ပေါ်ရာရပ်ကွက်၊ ကျေးရွာများသို့ တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပြီး ရေလွှမ်းမိုးမှုကြောင့် လယ်ယာစိုက်ခင်းများ ပျက်စီးမှုမရှိသလို လူနှင့် ကျွဲ၊ နွားတိရစ္ဆာန်များ သေကျေပျက်စီးမှုမရှိကြောင်း သိရသည်။ **မောင်ယဉ်ကျေး**

ဌာနဆိုင်ရာ စီမံကိန်းများရေးဆွဲရေး စည်းဝေးကျင်းပ

စလင်း ဩဂုတ် ၁၅

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် စီမံကိန်းရုံးအစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများမှ နိုင်ငံတော်သမ္မတ၏ လုပ်ငန်းလမ်းစဉ်(၇)ရပ်အပေါ်အခြေခံ၍ ဖွံ့ဖြိုးတိုးတက်ရန် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီအစည်းအဝေးကို ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။ ၂၀၁၅-၂၀၁၆ ကာလကို ငါးနှစ်စီမံကိန်းအတွက် ပြည်သူဗဟိုပြုဒေသန္တရဖွံ့ဖြိုးမှုစီမံကိန်းများ ရေးဆွဲရာ၌ ရေး/ဖော်ကော်မတီ၊ စီမံကော်မတီ၊ ဖွံ့ထောက်ကော်မတီ၊ စည်ပင်ကော်မတီလေးရပ်ဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများမှ ပြည်သူများ၏လိုအပ်ချက်များပေါင်းစပ်ကာ ငါးနှစ်စီမံကိန်း၊ နှစ် ၂၀ စီမံကိန်းများ လျာထားရေးဆွဲရန် ညှိနှိုင်းကြသည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းက အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးမှူး ဦးတင်မျိုးအောင်က ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

မိုးညှင်းမြို့၌ ရေကြီးနစ်မြုပ်မှုဖြစ်ပွားခဲ့သော်လည်း ရေကျဆင်းသွား၍ ပုံမှန်အခြေအနေပြန်လည်ရောက်ရှိ

မိုးညှင်း ဩဂုတ် ၁၅

ကချင်ပြည်နယ် မိုးညှင်းမြို့တွင် ဩဂုတ် ၁၃နှင့် ၁၄ရက်က မိုးရေချိန် ၅ ဒသမ ၇၉လက်မအထိ မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် စိုးရိမ်ရေအမှတ်ထက် ၈၀ စင်တီမီတာ ကျော်လွန်ခဲ့ပြီး မိုးညှင်းမြို့လယ်ရှိ နန့်ရင်းချောင်း ရေကြီးမှုနှင့်အတူ ချောင်းဘေးပတ်ဝန်းကျင်ရှိ ရေလယ်ကျွန်းရပ်ကွက်၊ နားခါရပ်ကွက်၊ မြို့မရပ်ကွက် အရှေ့စုရပ်ကွက် နေအိမ်အချို့ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ကြောင်း၊ သို့သော် ရေပြန်လည်ကျဆင်းသွားပြီးဖြစ်သဖြင့် **(ယာပုံ)** ဩဂုတ် ၁၅ ရက်တွင် မူလအခြေအနေအတိုင်း ပြန်လည်ရောက်ရှိနေပြီဖြစ်၍ ကျန်းမာရေးဌာနက ရေတွင်းရေကန်များ ဆေးခတ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းများပြုလုပ်လျက်ရှိကြောင်း သိရသည်။

ယမန်နေ့က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အခြေခံပညာကျောင်းကိုးကျောင်းအား ယာယီပိတ်ထားခဲ့ရသော်လည်း ယခုအခါကျောင်းများ ပြန်လည် ဖွင့်လှစ်ထားပြီဖြစ်ကြောင်း၊ ရေလွှမ်းမိုးခဲ့သော လယ်မြေ ၅၃၄ဧကမှာလည်း၊ ပျက်စီးဆုံးရှုံးမှုမရှိဘဲ မိုးစပါးသီးနှံများကို ကောင်းမွန်စွာစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ ကျေးလက် လမ်းနှစ်ခုနှင့် ကျေးလက်တံတားခြောက်စင်း အနည်းငယ်ပျက်စီးခဲ့သော်လည်း သက်ဆိုင်ရာဌာန အဖွဲ့အစည်းများက ပြန်လည်ပြုပြင်တည်ဆောက်နေပြီ ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်ထံမှ သိရသည်။

ကေဆိုင်းနော်(ဖားကန့်)

TOTAL
TOTAL E&P MYANMAR

Total E&P Myanmar, a subsidiary of the TOTAL Group, a major International Energy Company is presently operating the Yadana Gas Field situated offshore Myanmar.

We now have requirement for the following position in our company.

OPERATIONS TECHNICIANS

Location – Offshore / Onshore work sites (Rotational Staff)

Selected candidates will undergo an intensive Basic Field Operations Training Programme (estimated duration of 11 months) at the company training centre in Yangon supplemented with on-the-job training at company work sites to enhance practical and technical skills.

Required Qualifications and Experience:

- Degree or Diploma in Mechanical, Electrical, Electronics, Petroleum and Chemical Engineering (Experience in Oil and Gas Industry would be an advantage)
- Good interpersonal skills with team spirit
- Good Computer Skills
- Willingness to learn and ability to adapt in offshore/onshore work environment

Candidates must be Myanmar Nationals with good command of spoken and written English.

Application Procedure

Candidates who meet these requirements should send their applications (electronic CV or Resume in English language, giving clear details of their qualifications and work experience to-date with contact telephone numbers and mailing address) **by e-mail** to the company mail address **HRD.TEPM-YGN@total.com** by 10th September 2014 at the latest.

Only short-listed candidates will be contacted to attend English language and technical tests and will be requested to bring Labour Registration Card, National Registration Card (NRC) and education/professional training certificates originals.

(For Local Services Only)
Total E&P Myanmar
No. 5, Sacred Tooth Relic Lake Avenue, Punn Pin Gone Quarter No.5
Mayangone Township, Yangon
e-mail : HRD.TEPM-YGN@total.com

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
အဆောက်အအုံဆောက်လုပ်ရန် တင်ဒါခေါ်ယူခြင်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ခွဲရုံဝင်းအတွင်း ပေ (၆၀×၅၀) (တစ်ထပ်သံကူကွန်ကရစ်) အဆောက်အအုံဆောက်လုပ်မည်ဖြစ်ပါ၍ ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန်အတွက် လျှောက်လွှာများကို ၁-၈-၂၀၁၄ ရက်မှစတင်၍ ရုံးချိန်အတွင်း ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၃၀-၈-၂၀၁၄ ရက် ၁၆:၃၀ နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

ဖုန်း-၀၇၄-၂၁၃၅၄၊ ၀၉-၆၄၀၀၉၈၀၊ ၀၉-၅၁၈၆၅၇၂
တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ

ဖောင်းကြွပျောက်
လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/2013 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး၊
(ရန်ကုန်အရှေ့ပိုင်း)

ကံကောင်း
အိမ်၊ ခြံ၊ မြေ
သီလဝါ၊ ကျောက်တန်း၊ သန်လျင်
မြေကွက်များ ရောင်းလို/ဝယ်လိုသည်။
PH-09-49300967
09-420185599

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၈၆၊မြေကွက်အမှတ်-၈၁၀ ၊ဦးစောလှထွန်းအမည်ပေါက်၊ဧရိယာ- (၄၀ × ၆၀) နှင့်မြေကွက်အမှတ်-၈၁၁၊ဦးစိန်ညွန့်အမည်ပေါက်၊ဧရိယာ-(၄၀×၆၀) ပေရှိ ပါမစ်မြေနှင့်ယင်းမြေကွက်များပေါ် ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုပါမစ်မူရင်းအပါအဝင်စာချုပ်အဆက်ဆက်ဖြင့်လက်ရောက်ဝယ်ယူပိုင်ဆိုင်ပြီးတရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူဒေါ်ခင်စန္ဒာကျော်(ကိုယ်စား) ဒေါ်ယုယုခိုင် (၁၂/တကန(နိုင်)၁၉၅၃၃၃၉) ထံမှကျွန်ုပ်၏မိတ်ဆွေမှလွှဲပြောင်းဝယ်ယူရန်ရောင်းဖိုးငွေ၏တစ်စိတ်တဒေသကိုစရံငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်ဝယ်ယူခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါကဤကြော်ငြာပါသည့်နေ့မှစ၍(၃)ရက်အတွင်းခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များဖြင့်ကျွန်ုပ်ထံကန့်ကွက်နိုင်ပြီးကန့်ကွက်သူမရှိပါကဥပဒေနှင့်အညီ အရောင်းအဝယ်ကိုတရားဝင် ဆောင်ရွက်မည်ဖြစ်သည်ဟုမှတ်ယူကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ကလျာဦး (LL.B, D.B.L)
အထက်တန်းရှေ့နေ (စဉ်-၂၂၅၅၂)
အမှတ်-(၂၂)၊ ဘုရားလမ်း၊
(၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။
ဖုန်း၊ ၀၉၇၃၃၀၀၄၂၅၈

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

စစ်တွေမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ်သိန်း ၇၈၀၀ ကျော် သုံးစွဲမည်

စစ်တွေ ဩဂုတ် ၁၅

စစ်တွေမြို့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက် ငွေကျပ် ၇၈၄၈ ဒသမ ၄၃ သိန်း သုံးစွဲကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်တွေမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ဩဂုတ် ၁၅ ရက်က အတည်ပြုပြောကြားသည်။ စစ်တွေမြို့ရှိ မြို့ပေါ်ရပ်ကွက် ၃၂ ခုတွင် လိုအပ်သောလုပ်ငန်း ၃၂ ခု အတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အဆိုပါငွေကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ခွင့်ပြုထားကြောင်း သိရသည်။

"ဒီလုပ်ငန်းတွေဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော် တစ်ရပ်ကွက်ချင်းစီသွားပြီးတော့ ပြောပြနေပါတယ်။ စနစ်တကျဖြစ်အောင် ဆောင်ရွက်သွားမှာပါ။ ကျွန်တော်က ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေ၊ ရပ်ကွက်အထောက်အကူပြု ကော်မတီတွေ၊ ရပ်မိ ရပ်ဖတွေ၊ ရပ်ကွက်လူထုတွေနဲ့ သွားတွေ့ပြီးတော့ ရလာတဲ့ငွေတွေကို မိမိတို့ရပ်ကွက်အတွက် တင်ပြတောင်းခံထားတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ စနစ်တကျသုံးဖို့ အားလုံးပူးပေါင်းပြီးတော့ လုပ်ငန်းပြီးစီးအောင်ဆောင်ရွက်ကြဖို့ တိုက်တွန်းပေးနေပါတယ်" ဟု စစ်တွေမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်ဝင်းက ပြောပြသည်။

မြို့ပေါ် ၃၂ ရပ်ကွက်တွင် လမ်းများ အဆင့်မြှင့်တင်ခြင်း(ကွန်ကရစ်လမ်း၊ ကတ္တရာခင်းလမ်း)၊ လမ်းသစ်ဖောက်လုပ်ခြင်း၊ ရေပိုက်သွယ်တန်းခြင်း၊ ရေကန်တူးဖော်ခြင်း၊ စာသင်ကျောင်းများ အသစ်ဆောက်လုပ်ခြင်း၊ စာသင်ကျောင်းများ ပြုပြင်ခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းကော်မတီများဖွဲ့ကာ ဆောင်ရွက်သွားမည်ဖြစ်သည်။ ကော်မတီဖွဲ့စည်းရာတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး အပါအဝင် ရပ်ကွက် အထောက်အကူပြု ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်အတွင်းမှ ယုံကြည်လေးစားထိုက်သူများ ပါဝင်ရမည်ဖြစ်သည်။ စစ်တွေမြို့ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဩဂုတ်လနောက်ဆုံးပတ်မှစ၍ စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းအမျိုးအစားကိုလိုက်၍ ဆောင်ရွက်ချိန် ကွာခြားသကဲ့သို့ လုပ်ငန်းပြီးဆုံးချိန်လည်း ကွာခြားမည်ဖြစ်သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မကုန်မီ ပြီးစီးအောင်ဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ငန်းများ အလျင်အမြန်ပြီးစီးရန် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လုပ်ငန်းများ စနစ်တကျဖြစ်စေရေး၊ ပွင့်လင်းမြင်သာမှုရှိစေရေး၊ လုပ်ငန်းများ အလျင်အမြန်ပြီးစီးရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အထောက်အကူပြု ကော်မတီဝင်များက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ စစ်တွေမှာ ယခင်က လုပ်ခဲ့တဲ့လုပ်ငန်းတွေမှာ အချို့ အားနည်းချက်တွေ့ခဲ့ရတယ်။ အခုပြုလုပ်မယ့် လုပ်ငန်းတွေကို သင်ခန်းစာယူပြီး စနစ်တကျဖြစ်စေချင်ပါတယ်။ စေတနာထားကြစေချင်ပါတယ်။ စေတနာနဲ့ပဲ လုပ်ပေးကြပါလို့လည်း တိုက်တွန်းချင်ပါတယ်" ဟု စစ်တွေမြို့သားတစ်ဦးက ယခင်က ဆောင်ရွက်ခဲ့မှုနှင့် ယခုလုပ်ဆောင်မည့်လုပ်ငန်းများကို ပြောပြသည်။

လေးဝတီထွန်းစောခိုင်

ဖျာပုံခရိုင် အမာမြို့နယ်ခွဲ ဆိပ်မကျေးရွာအုပ်စု ခါချဉ်ချောင်းအတွင်း ယင်းရွာနေ ဘဲမွေးမြူသူ ဦးမောင်လှိုင်၏ ကျားပိုက်ဟောင်းများဖြင့် ကာရံထားသော ဘဲခြံအတွင်းသို့ အလျား ၇ ပေ ၈ လက်မ၊ လုံးပတ် ၂ ပေ ၆ လက်မ ရှိ မိကျောင်းတစ်ကောင် ဘဲအုပ်များကိုဝင်၍ စားရာမှ မိကျောင်းမှာ ကျားပိုက်နှင့် လုံးထွေးရစ်ပတ်ပြီး သေဆုံးသွားရာ သစ်တောဦးစီးဌာနမှတာဝန်ရှိသူများ တိုင်းတာနေစဉ်။ (သတင်းဖော်ပြပြီး) (၀၃၀)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၅-၈-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၅၈၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၅၈၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၅၅၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၁၀၀၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၂၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၄၀

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၇၀၀-၄၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၄၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၃၀၀၀-၁၅၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၅၅၀၀-၇၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၅၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၆၀၀၀-၉၅၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၅၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၀-၉၈၂
ဥရောပ	တစ်ယူရို	၁၃၂၅-၁၃၄၀
စင်ကာပူ	တစ်ဒေါ်လာ	၇၇၉-၇၈၅
ထိုင်း	တစ်ဘတ်	၃၀.၉-၃၂.၁၃
အိန္ဒိယ	တစ်ရူပီး	၁၅.၇-၁၆
တရုတ်	တစ်ယွမ်	၁၆၀-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၀၅-၃၁၀

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန် (ဧည့်ယာအသစ်)	တစ်အိတ်	၁၇၅၀၀-၁၇၈၀၀
ပေါ်ကွဲ (အသစ်)	တစ်အိတ်	၂၂၅၀၀-၂၃၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၇၀၀၀-၃၁၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၆၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၅၃၀-၁၅၃၅
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၀၀-၅၉၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၃၅၀-၁၇၅၀
ကြက်သွန်ဖြူ(ကြုံကုတ်)	တစ်ပိဿာ	၁၃၆၅-၁၃၇၅
အာလူး(ရှမ်း)	တစ်ပိဿာ	၂၈၀-၇၀၀
ငရုတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၄၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၀၀၀-၄၅၀၀
သကြား	တစ်ပိဿာ	၉၁၀-၉၄၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

ဗဟန်းမြို့နယ် ရွှေနံ့သာရပ်ကွက်ရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ရပ်ကွက်ရုံး၌ ဩဂုတ် ၁၂ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်၊ မြို့နယ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးရဲစိုးမြင့်တို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်စဉ်။

သန္တာမေ(iprd)

နှစ်လုံးထိ ရောင်းချနေသူအား ဖမ်းဆီးရမိ

အုတ်ဖို ဩဂုတ် ၁၅

သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်တွင် မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့က လောင်းကစားမှုများပပျောက်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၄ ရက် နံနက် ၁၁ နာရီက သာလိကာကျေးရွာနေ ဒေါ်အေးနွဲ့ (၅၈ နှစ်)၏ နေအိမ်တွင် နှစ်လုံးထီရောင်းချနေကြောင်း သတင်းအရ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်ပြည့်စုံနှင့်အဖွဲ့ ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်း စားပွဲဝိုင်းဖြင့်ထိုင်၍ နှစ်လုံးထီရောင်းချလောင်းကစားနေသူ ဒေါ်အေးနွဲ့ကို တွေ့ရှိပြီး ၎င်းထံမှ နှစ်လုံးထီဂဏန်းနှင့်ဘောက်ချာစာအုပ်သုံးအုပ်၊ ဘောက်ချာစာအုပ်အသစ်နှစ်အုပ်၊ နှစ်လုံးထီအကွက်စာအုပ် တစ်အုပ်၊ မှင်ခံစက္ကူအသေးနှစ်ရွက်၊ ဘောပင်တစ်ချောင်း၊ ကာစီနိုဂဏန်းပေါင်းစက်တစ်လုံး၊ လောင်းကြေးငွေကျပ် ၂၃၀၀၀၊ စားပွဲဝိုင်းတစ်လုံးတို့ကို သိမ်းဆည်းရမိကြောင်း သိရသည်။ **အောင်သူ(အုတ်ဖို)**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ အစိုးရနည်းပညာအထက်တန်းကျောင်း(မုံရွာ)မှ အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	သစ်သားဗီရို(ကျွန်း)(၆'×၃'×၁'- ၆")	၁၃ လုံး
၂။	စားပွဲရှိုးရှိုး(၄'×၃'×၂'- ၆")	၃ လုံး
၃။	ဆက်တီ(ကျွန်း)	၁ စုံ

တင်ဒါပုံစံများစတင်ရောင်းချမည့်ရက် - ၁၈-၈-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၉-၈-၂၀၁၄ရက် မွန်းလွဲ ၂နာရီ

၂။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အစိုးရနည်းပညာအထက်တန်းကျောင်း(မုံရွာ)၊ မုံရွာမြို့
ဖုန်း-၀၉-၂၅၆၀၆၆၆၂၈၊ ၀၇၁-၂၄၁၆၃

ရောင်းမည်

ပေ(၆၀×၈၀)၊ RC နှစ်ထပ် FMI
အရှေ့လှည့်၊ ထောင့်အိမ်၊ ဂရန်အမည်ပေါက်
ပိုင်ရှင်ကိုယ်တိုင်နေ
ဂိတ်ဝအနီး၊ City Martနှင့် ရေကူးကန်နီး
ဖုန်း-၀၉-၂၅၄၁၄၂၁၅၇

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
မွန်ပြည်နယ်ကျန်းမာရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ သံဖြူဇရပ်မြို့နယ်၊ ဝဲခမိတိုက်နယ်ဆေးရုံ အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းအား ဆောင်ရွက်လိုသော လိုင်စင်ရဆောက်လုပ်ရေး ကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးရုံးသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၈-၈-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၂၅-၈-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀ နာရီ
ဆက်သွယ်ရမည့်ဖုန်း - ၀၅၇-၂၁၁၉၅၊ ၀၅၇-၂၁၉၈၆၊၀၅၇-၂၄၈၁၃၊ ၀၉-၃၃၃၃၄၄၄၀

တင်ဒါခေါ်ယူရေးအဖွဲ့

အမည်ပြောင်း

ဦးတင်ဌေး၏ သမီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြမြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မယွန်းနဒီဌေးအား မလဲ့ရတီအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မလဲ့ရတီအောင်**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၅၃၅၃ Toyota Hilux LN 130,S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးစီကေနိုချမ်း ၄/ဟခန(နိုင်)၁၁၅၄၉၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၊ မြေကွက်အမှတ်၉၆၆၊ မြေကွက်တည်နေရာ ၄၀/၉၆၆ဦးဘချိုလမ်း၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးဘအောင် BQ-၀၀၀၉၇၁ အမည်ပေါက် နှစ်၆၀ဂရန်မြေအားအမည်ပေါက် ဦးဘအောင် (တရားရှုံးကိုယ်စား) ဘီလစ် ဒေါ်လှဲ့လှဲ့ခိုင် ၁၃/တကန(နိုင်)၀၀၃၄၁၉ တရားရုံး တရားမကြီးအမှုအမှတ်၆၉/၁၄(၇-၇-၁၄)၊ စာချုပ်အမှတ် ၇၇/၁၄တို့ကိုတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ရန် အရောင်းမြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

ကျွန်မ နန်းခင်ဦး ၁၃/လလန(နိုင်)၀၈၀၈၈၁ ၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၄၈၃၉၃၀

ပျောက်ဆုံးကြောင်း

ကျွန်မ မဂျိန်ရှန်ယွင် MSE-045448 ၏ နိုင်ငံကူးလက်မှတ်အမှတ် မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၆၄၂၆၄၅

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မ/ဥက္ကလာပမြို့နယ်၊ (၅) ရပ်ကွက်၊ခေမာ ၆လမ်း၊ အမှတ် ၂၂၀နေ ဦးမြသန်း၏သမီး မမြကေသွယ် ၁၄/ရကန(နိုင်)၁၁၇၅၄၁သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝတာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြသန်း ၁၂/မဂဒ(နိုင်)၀၅၀၄၀၇

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ်- ၂၁၊ မြေညီထပ် (ခေါင်းရင်းခန်း)ဟု ခေါ်တွင်သော အကျယ်အဝန်း အလျား (၆၀') ပေ × အနံ (၁၅')ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကွယ်လွန်သူ မြေပိုင်ရှင် ဒေါ်ကျော့၏ အမွေဆက်ခံသားသမီးများဖြစ်သော (၁)ဒေါ်မြမြထွန်း (၁၂/တပန (နိုင်) ၀၁၁၇၃၀)၊ (၂) ဦးခင်ထွန်း၊ (၃) ဒေါ်ရီရီထွန်း၊ (၄) ဦးဝင်းထွန်းတို့မှ တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုလာ၍ ၎င်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဦးကျော်မျိုးထွန်း (LL.B)**
အထက်တန်းရှေ့နေ (စဉ်- ၃၇၂၃၀)
'သစ္စာဓေ' ဥပဒေအကျိုးဆောင်လုပ်ငန်း
အမှတ် (၂၄၅)၊ ၃-လွှာ၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃ ၂၅၆၅၃၆၊ ၀၉ ၅၁၀၇၇၀၀

သွေးသည် အသက်

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ကျိုက်ထိုမြို့နယ် ကော့ထင်းနှင့် ဘိုရားကြီးကျေးရွာတို့ ဆက်သွယ်သော ကွန်ကရစ်တံတားချဉ်းကပ်လမ်း အောက်ခြေမြေသားများ ပြိုကျမှုဖြစ်ပွား

ကျိုက်ထို ဩဂုတ် ၁၅

ကျိုက်ထိုမြို့နယ် ဘိုရားကြီး ကျေးရွာအဝင် ကော့ထင်းကျေးရွာ ဆက်သွယ်ထားသည့် ကွန်ကရစ် တံတား၏ အောက်ခြေမြေထိန်းနံရံ နှင့်ချဉ်းကပ်လမ်းများသည် ဩဂုတ် ၁၀ ရက်နံနက် ၁၁ နာရီက တောင်ကျ ရေတိုက်စားမှုကြောင့် ကွဲအက်ပြီး မြေသားအချို့ ရိုးချောင်းအတွင်းသို့ ပြိုကျခဲ့၍ မွန်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဌေးလွင်၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမြင့်တို့က သွား ရောက်ကြည့်ရှုစစ်ဆေးပြီး မြေထိန်း နံရံနှင့် ချဉ်းကပ်လမ်းများ ထပ်မံ ပျက်စီးမှုမရှိစေရန်အတွက် ညွှန် ကြားပေးပြီး ဆောင်ရွက်စေရာ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဦးမြင့်နိုင်ဦး၊ ဘိုရားကြီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြင့်စိုးနှင့် ကျေးရွာ သူ ကျေးရွာသားများ၊ မြို့နယ်ရဲတပ်ဖွဲ့ ဝင်များ စုပေါင်း၍ တံတားအောက်ခြေ ၏ မြေထိန်းနံရံများကို သစ်ဝါးများဖြင့် တုတ်ရိုက်ကာ ကျောက်ခဲနှင့်မြေသား များဖို့၍ ဆက်လက်ပြိုကျမှုမရှိစေရန် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါတံတားသည် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် အနန္တမေတ္တာကုမ္ပဏီမှ တာဝန်ယူ တည်ဆောက်ခဲ့သော အရှည် ၁၉ ပေ၊ အကျယ် ၁၄ ပေရှိ ကွန်ကရစ်တံတားဖြစ်ပြီး ငွေကျပ် ၅၇ သိန်းကုန်ကျခဲ့ကြောင်း သိရ သည်။

ဝင်းမောင် (iprd)

ရန်ကုန်နှင့်မန္တလေး အဝေးသင်တက္ကသိုလ်တို့၏ ပထမအသုတ်စာမေးပွဲ အစီအစဉ်

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၁၄ ပညာသင်နှစ်ပထမအသုတ် အတန်းတင်စာမေးပွဲများကို အောက်တိုဘာ ၆ ရက်မှ ၁၃ ရက်အထိ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင် တက္ကသိုလ်တို့၏ ဌာနခွဲများ၌ ကျင်းပမည်ဖြစ်သည်။

ဌာနခွဲအသီးသီးတွင်မှတ်ပုံတင်ထားသည့် ပထမနှစ်(သိပ္ပံအထူးပြု)၊ ဒုတိယနှစ်(သိပ္ပံအထူးပြု)နှင့် တတိယ နှစ် (သိပ္ပံအထူးပြု) ကျောင်းသား ကျောင်းသူအားလုံးသည် မိမိတို့နှင့် သက်ဆိုင်ရာဌာနခွဲများ တည်ရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ဖြေဆိုကြရမည်ဖြစ်သည်။

အသေးစိတ် အစီအစဉ်ကြေညာချက်ကို ရန်ကုန်အဝေးသင်တက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် သက်ဆိုင်ရာဌာနခွဲများတည်ရှိရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ကြေညာထားမည်ဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ဒုတိယအသုတ် အနီးကပ်သင်တန်းနှင့်အတန်းတင်စာမေးပွဲ အစီအစဉ်

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၁၄ ပညာသင်နှစ် ဒုတိယအသုတ် အနီးကပ် ပို့ချသင်တန်းများကို အောက်တိုဘာ ၁၆ ရက်မှ ၂၅ ရက် အထိလည်းကောင်း၊ အတန်းတင် စာမေးပွဲများကို အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ လည်းကောင်း ရန်ကုန်အဝေးသင် တက္ကသိုလ်နှင့် မန္တလေးအဝေးသင် တက္ကသိုလ်တို့၏ ဌာနခွဲများ၌ ကျင်းပ မည်ဖြစ်သည်။

ဌာနခွဲအသီးသီးတွင် မှတ်ပုံတင် ထားသည့် အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ ဥပဒေ ပညာ၊ အရှေ့တိုင်းပညာ အထူးပြုများ ၏ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယ နှစ်သင်တန်းများနှင့် စတုတ္ထနှစ် ဥပဒေပညာ အထူးပြုကျောင်းသား ကျောင်းသူများသည် မိမိတို့နှင့် သက်ဆိုင်ရာဌာနခွဲများတည်ရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကော လိပ်များတွင် အနီးကပ်ပို့ချသင်တန်း များ တက်ရောက်ပြီး အဆိုပါဌာနခွဲ များတွင် စာမေးပွဲဖြေဆိုကြရမည်ဖြစ် သည်။

အသေးစိတ် အစီအစဉ် ကြေညာချက်ကို ရန်ကုန်အဝေးသင် တက္ကသိုလ်၊ မန္တလေးအဝေးသင် တက္ကသိုလ်နှင့် သက်ဆိုင်ရာ ဌာနခွဲ များတည်ရှိရာ တက္ကသိုလ်၊ ဒီဂရီ ကောလိပ်၊ ကောလိပ်များတွင် ကြေညာထားမည်ဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ တတိယအသုတ် အနီးကပ်သင်တန်းနှင့် အတန်းတင်စာမေးပွဲ အစီအစဉ်

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန် အဝေးသင်တက္ကသိုလ် နှင့် မန္တလေးအဝေးသင်တက္ကသိုလ် တို့၏ ၂၀၁၄ ပညာသင်နှစ် တတိယ အသုတ် အနီးကပ်ပို့ချသင်တန်းများ ကို နိုဝင်ဘာ ၈ ရက်မှ ၁၈ ရက် အထိလည်းကောင်း၊ အတန်းတင် စာမေးပွဲများကို နိုဝင်ဘာ ၂၀ ရက်မှ ၂၈ ရက်အထိလည်းကောင်း ရန်ကုန် အဝေးသင်တက္ကသိုလ်နှင့် မန္တလေး အဝေးသင်တက္ကသိုလ်တို့၏ ဌာနခွဲ များတွင် ကျင်းပမည်ဖြစ်သည်။

ဌာနခွဲအသီးသီးတွင် မှတ်ပုံတင် ထားသည့် မြန်မာစာ၊ မြန်မာ့ရာဇဝင်၊ ရသစာပေ၊ သမိုင်း၊ စီးပွားရေး၊ ပြည်သူ့ရေးရာ၊ အိမ်တွင်းစီးပွား၊ စီးပွားစီမံ အထူးပြုများ၏ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့နှင့် သက်ဆိုင်သည့် ဌာနခွဲများတည်ရှိ သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် အနီးကပ်ပို့ချ သင်တန်းများ တက်ရောက်ပြီး အဆိုပါဌာနခွဲများတွင် စာမေးပွဲ ဖြေဆိုကြရမည်ဖြစ်သည်။

အသေးစိတ် အစီအစဉ်ကြေညာ ချက်ကို ရန်ကုန်အဝေးသင်တက္ကသိုလ်၊ မန္တလေး အဝေးသင်တက္ကသိုလ်နှင့် သက်ဆိုင်ရာဌာနခွဲများတည်ရှိရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကော လိပ်များတွင် ကြေညာထားမည်ဖြစ် သည်။

(သတင်းစဉ်)

အသိပညာပေးဆွေးနွေးပွဲများ ကျင်းပ

မူဆယ် ဩဂုတ် ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ ဟိုမွန်ရပ်ကွက် သိန်းသန်းချီဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် အဝေးပြေးကားကွင်းခန်းမ ဆောင်၌ ဩဂုတ် ၁၁ ရက် ည ၇ နာရီက အသိပညာပေးဆွေးနွေးပွဲကျင်းပ သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးက အသိပညာပေးရှင်းလင်းဆွေးနွေး ပွဲကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းသည်။ ၎င်းနောက် မူးယစ် တပ်ဖွဲ့စု(၂၂)မှ ဒုတိယတပ်စုမှူး ဒုရဲမှူးဝင်းနိုင်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် သိသင့်သည့်အချက်များ၊ ရှောင်ရန်များကို အသိပညာပေးဟောပြောခြင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ ရဲအုပ်လှထွန်းဦးက လူကုန်ကူးမှုနှင့် ပတ်သက်သည့် သိသင့်သည့်အချက်များရှင်းလင်းခြင်း၊ အလုပ်သမားညွှန်ကြား ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ဝင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဦးစီးဌာနမှ ဒုလဝက ဦးထွန်းလင်းဦး၊ မူဆယ်မြို့နယ် မီးသတ်ဦးစီး ဌာနဦးစီးမှူး ဦးအောင်သူ၊ ယာဉ်ထိန်းတာဝန်ခံ ရဲအုပ်မောင်မောင်မြင့်နှင့် တာဝန်ရှိသူများ၊ ဟိုမွန်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုင်းသိန်းကျော်တို့က မိမိ တို့ဌာနနှင့်သက်ဆိုင်သော အချက်အလက်များကို အသိပညာပေးဆွေးနွေး ခဲ့ကြသည်။

သိန်းဇော်(ရွှေလီဦး)

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၆) စီမံချက်အရ အသက် ၁၀ နှစ်ပြည့်နှင့် အသက် ၁၈ နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားနေ့ချင်းပြီး ဆောင်ရွက်ပေးမှုကို ဩဂုတ် ၁၃ ရက်က ဇမ္ဗူသီရိ မြို့နယ် အောင်ဇမ္ဗူရပ်ကွက် နယ်မြေ (၁၁) အောင်ချမ်းသာရပ်ရှိ မဟာ သီရိမင်္ဂလာဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်ပေးစဉ်။ (၁၅၄)

G.G.G Co.,Ltd.
ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ (100 / 2013)
ဂျပန်နိုင်ငံအတွက် လုပ်သား အင်တာဗျူးခေါ်ယူခြင်း
ဂျပန်နိုင်ငံရှိ စက်ရုံကြီးများတွင် သွားရောက်
အလုပ်လုပ်ကိုင်လိုသော ထရိန်နင်လုပ်သား အမျိုးသမီးများ အလိုရှိသည်။
အသက်၂၀ မှ ၃၀နှစ်အတွင်း, အခြေခံပညာ အလယ်တန်းအောင်နှင့်အထက်
၉ လပိုင်း ၁၀ လပိုင်း လုပ်ငန်းမှတိုက်ရိုက် အင်တာဗျူးရှိသည်။
၁၄၅၊ ၃ လွှာ၊ ၄၅ လမ်း(အထက်)၊ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုံး (၀၉-၃၁၀-၅၅၉၈၉ ၊ ၀၉-၇၃၁-၉၇၇၁၂)

CLAIMS DAY NOTICE
MV TIME HOPE

Consignees of cargo carried by MV TIME HOPE are here by notified that the vessel will arrive of about 18-8-2014 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း-၂၃၀၁၁၈၆

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

နိုင်ငံတကာအားကစားသတင်း

အမှတ်ပြည့်ရဖို့ ကြိုးစားမယ့် မာဆေးနဲ့ မိုနာကို

မိုးမြင့်လင်းလက်

ပြင်သစ်လီဂူးပွဲစဉ်(၂)ကို ဩဂုတ် ၁၇ ရက် နံနက်မှာ ဆက်လက်ကစားမှာ ဖြစ်ပါတယ်။ ရာသီအဖွင့်ပွဲစဉ်(၁)မှာ ရလဒ်မကောင်းခဲ့တဲ့ မာဆေးနဲ့ မိုနာကိုတို့ရဲ့ ပေါက်ကွဲမှုသံစဉ်တွေကို ပရိသတ်တွေ မြင်တွေ့ခံစားအားပေးကြရဦးမှာ ဖြစ်ပါတယ်။

မာဆေးနှင့် မောင့်ပယ်လီယာ

ရာသီအဖွင့်ပွဲစဉ်(၁)မှာ အက်တီယာအသင်းကို သုံးဂိုးစီ သရေပွဲဖြစ်ခဲ့လို့ မာဆေးတို့ မျက်နှာမလှဖြစ်ခဲ့ရပါတယ်။ အဝေးကွင်းမှာ ကစားခဲ့တဲ့ မာဆေးဟာ အခုပွဲစဉ်(၂)ကိုတော့ အိမ်ကွင်းမှာ လက်ခံကစားရမှာ ဖြစ်ပါတယ်။ ခံစစ်ပိုင်းချွတ်ယွင်းမှုရှိနေတဲ့ မာဆေးဟာ ဒီပွဲမှာတော့ အမှတ်ပြည့်ရအောင် စွမ်းဆောင်ပါလိမ့်မယ်။ မောင့်ပယ်လီယာတို့ကတော့ ထက်မြက်တဲ့ ခြေစွမ်းမရှိတာမို့ မာဆေးကို ခြေရည်တူကစားနိုင်ဖို့ ခက်ခဲပါလိမ့်မယ်။

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှုသုံးပွဲမှာ မာဆေးတို့က သုံးပွဲစလုံး အနိုင်ရယူထားတာမို့ အခုပွဲလည်း ညှော့သည်တို့မလွယ်ပါဘူး။ မာဆေးရဲ့နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ ရလဒ်ကလည်း ရှုံးပွဲမရှိခဲ့တာမို့ အိမ်ကွင်းမှာ မာဆေးပရိသတ်တွေအတွက် နိုင်ပွဲလက်ဆောင် ပေးနိုင်ပါလိမ့်မယ်။

ဘော်ဒိုးနှင့် မိုနာကို

နာမည်ကြီးမိုနာကိုအသင်းဟာ အဖွင့်ပွဲစဉ်(၁)မှာ လိုရီယန့်အသင်းကို တစ်ဂိုး-နှစ်ဂိုးနဲ့ ရှုံးခဲ့လို့အခုပွဲမှာတော့ ခြေကုန်ထုတ်မှာ ဖြစ်ပါတယ်။ အဖွင့်ပွဲစဉ်မှာ အိမ်ကွင်းရှုံးပွဲကြုံခဲ့လို့ မိုနာကိုဟာ ဒီပွဲကို အကောင်းဆုံးစုဖွဲ့မှုနဲ့ ပွဲထွက်လာမှာ ဖြစ်ပါတယ်။ ဘော်ဒိုးတို့ကလည်း အဖွင့်ပွဲစဉ်မှာ မောင့်ပယ်လီယာကို အနိုင်ကစားခဲ့တာမို့ အခုအိမ်ကွင်းမှာ လက်ခံကစားမယ့်ပွဲဖြစ်တာမို့ မိုနာကိုတို့ကို သေသေချာချာပြင်ဆင်ကစားပါလိမ့်မယ်။ ဘော်ဒိုးဟာ ခြေစွမ်းကောင်းမွန်ပြီး အိမ်ကွင်းမှာ နိုင်ပွဲရအောင် ဖန်တီးနိုင်တာမို့ မိုနာကိုအတွက် ရင်ပူစရာ ပွဲစဉ်ဖြစ်နေတာတော့ အမှန်ပါပဲ။ ဒီပွဲဟာ သရေပွဲလည်း ဖြစ်သွားနိုင်သလို အနိုင်ဆိုရင်လည်း ညှော့သည်ကို ပေးအပ်ချင်ပါတယ်။

စိန့်အက်တီယန်နှင့် ရိမ်းစ်

ပီအက်စ်ဂျီလိုအသင်းကို သရေကစားနိုင်ခဲ့တဲ့ ရိမ်းစ်အသင်းဟာ အခုအဝေးကွင်းမှာ ကစားရမှာမို့ အားထည့်ရပါဦးမယ်။ စိန့်အက်တီယန်က အိမ်ကွင်းမှာခံစစ်အားပြုပြီး ပြိုင်ဘက်ကို ချေမှုန်းတတ်တာမို့ ရိမ်းစ်တို့ ဂိုးရဖို့ခက်ခဲပါလိမ့်မယ်။

စိန့်အက်တီယန်ကွင်းမှာ ရိမ်းစ်တို့ လေးဂိုးပြတ်ရှုံးနိမ့်ဖူးတာကြောင့် အိမ်ရှင်ကိုလည်း အားပေးရင် စိတ်ပျော်ရွှင်မှုရမယ့် အနေအထားဖြစ်ပါတယ်။

ဥရောပအကောင်းဆုံး ဘယ်သူဖြစ်မလဲ

ဥရောပအကောင်းဆုံးဘောလုံးသမား ဘယ်သူဖြစ်လာမလဲဆိုတာ စိတ်ဝင်စားစရာပါပဲ။ ဆန်ခါတင်သုံးဦးစာရင်းမှာတော့ ဘိုင်ယန်မြူးနစ်ဂိုးသမား မန်နျူရယ်နူအာ၊ အာဂျင်ရော်ဘင်တို့နဲ့အတူ ရီးရဲမက်ဒရစ်တိုက်စစ်မှူး စီရိုနယ်ဒိုလည်း ပါဝင်လာပါတယ်။ သူတို့သုံးဦးဟာ ၂၀၁၃-၂၀၁၄ဘောလုံးရာသီအတွင်း ခြေစွမ်းပြ ကစားခဲ့သူများအဖြစ် ကစားသမား ကလောင်ရှင်များက ရွေးချယ်ပေးထားပါတယ်။ သူတို့သုံးဦးအနက်မှ တစ်ဦးကို လာမယ့် ဩဂုတ် ၂၈ ရက်မှာ ရွေးချယ်သွားမှာပါ။ ဂျာမနီဂိုးသမား နူအာဟာ ကမ္ဘာ့ဖလားမှာ ဂျာမနီအသင်းနဲ့အတူ လက်စွမ်းပြကစားခဲ့သူပါ။ ဒီအတောအတွင်း ရော်ဘင်က ဘိုင်ယန်အတွက် ၂၁ ဂိုးသွင်းယူပြီး နယ်သာလန်အတွက်သုံးဂိုးသွင်းပေးကာ ကမ္ဘာ့ဖလားမှာ ဆီမီးအထိ နယ်သာလန်ကို ပို့ပေးနိုင်ခဲ့ပါတယ်။

ပေါ်တူဂီကစားသမား စီရိုနယ်ဒိုကတော့ ၁၇ ဂိုးသွင်းပြီး ရီးရဲမက်ဒရစ်ကို ချန်ပီယံလိဂ်ဖလားဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ ဒီဆုကို မိုနာကိုမြို့မှာ ကျင်းပမယ့် ချန်ပီယံလိဂ်အုပ်စုရွေးပွဲမှာ အားကစားကလောင်ရှင်တွေက ဆန္ဒမဲပေးရွေးချယ်သွားမှာ ဖြစ်ပါတယ်။

ဒီဆုကိုတော့ ပြီးခဲ့တဲ့ရာသီက ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး ရစ်ဘာရီက ဆွတ်ခူးခဲ့ပါတယ်။ ဒီမတိုင်မီက အင်နီယေစတာနဲ့ မက်ဆီတို့ကလည်း ဆွတ်ခူးနိုင်ခဲ့ပါတယ်။

အာကာကျော်

ဥရောပ ပြည်တွင်းလိဂ်ပွဲစဉ်များ

သီဟ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၁)			**ဩဂုတ် ၁၆**
မန်ယူ	-	ဆွမ်ဆီး	ည ၆း၁၅
လက်စတာ	-	အဲဗာတန်	ည ၈း၃၀
ကျူပီအာ	-	ဟားလ်စီးတီး	ည ၈း၃၀
စတုတ်စီးတီး	-	အက်စ်တွန်ဗီလာ	ည ၈း၃၀
ဝက်စ်ဘရွန်း	-	ဆန်းဒါးလန်း	ည ၈း၃၀
ဝက်စ်ဟမ်း	-	စပါး	ည ၈း၃၀
အာဆင်နယ်	-	ပဲလေ့စ်	ည ၁၁း၀၀
ပြင်သစ်လီဂူး ပွဲစဉ်(၂)			**ဩဂုတ် ၁၆/၁၇**
ပီအက်စ်ဂျီ	-	ဘတ်စ်တီယာ	ည ၉း၃၀
လန်းစ်	-	ဂူအင်ဂမ့်	နံနက် ၀၀း၃၀
လော်ရီယန့်	-	နိုက်စ်	နံနက် ၀၀း၃၀
မတ်ဇ်	-	နန့်တက်စ်	နံနက် ၀၀း၃၀
ရန်းနက်စ်	-	အီဗီယန်	နံနက် ၀၀း၃၀
တူးလော့စ်	-	လိုင်ယွန်	နံနက် ၀၀း၃၀
အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ်(၂)			**ဩဂုတ် ၁၆**
ချာလ်တန်	-	ဝီဂန်	ည ၈း၃၀
နော့ဗ်စ်ချ်	-	ဝက်ဖို့ဒ်	ည ၈း၃၀
ဖူလ်ဟမ်	-	မီဝေါ	ည ၈း၃၀
ဘုန်းမောက်	-	ဘရန့်ဖို့ဒ်	ည ၈း၃၀
ဘလက်ပူး	-	ဘလက်ဘန်း	ည ၈း၃၀
ဘာမင်ဂမ်	-	ဘရိုက်တန်	ည ၈း၃၀
ရီးဒင်း	-	အစ်ဆွစ်	ည ၈း၃၀
ကာဒစ်ဖ်	-	ဟက်ဒါဖီးလ်	ည ၈း၃၀
ဘော်လ်တန်	-	နော်တင်ဟမ်	ည ၈း၃၀
ရှက်ဖီးဝမ်းနက်စ်ဒေး	-	ဒါဘီကောင်တီ	ည ၈း၃၀

ဂါစီယာ ပီအက်စ်ဂျီသို့ပြောင်း

မန်စီးတီးကွင်းလယ်ကစားသမား ဂျာဗီဂါစီယာသည် ပီအက်စ်ဂျီသို့ ပေါင် ၁၃သန်းဖြင့် ပြောင်းရွှေ့သွားခဲ့သည်။ ၎င်းကို ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ခြင်းဖြစ်သည်။ မန်စီးတီးက ၂၀၁၂ ခုနှစ် ဇူလိုင်လက စပိန်ကစားသမား ဂါစီယာအား ပေါင် ၁၆ သန်းပေး ခေါ်ယူခဲ့ရသည်။

ကောင်းမြတ်သူ-ရေးသည်

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်တိုးတက်ရေး ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်မည်

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်မြို့နေ ပြည်သူများနှင့် နိုင်ငံတကာမှ အလည်အပတ် ရောက်ရှိသည့် ခရီးသွားဧည့်သည်များကို အဆင့်မြင့် မြို့ပြသယ်ယူပို့ဆောင်ရေးစနစ် ပံ့ပိုးပေးနိုင်ရေးအတွက် လာမည့်နှစ်တွင် မြန်မာ့မီးရထားနှင့် JICA Study Team တို့ ပူးပေါင်း၍ မြန်မာ့မီးရထားမှ လက်ရှိရထားလိုင်းအား အဆင့်မြှင့်တင်ခြင်းကို စတင်သွားမည်ဖြစ်ကြောင်း ဩဂုတ် ၇ ရက်က အာရှပလာဇာဟိုတယ်၌ ကျင်းပသည့် ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းနှင့် သက်ဆိုင်သော မိဘပြည်သူများ တွေ့ဆုံပွဲအခမ်းအနား၌ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်က ပြောကြားသည်။

ပြည်သူလူထုအသံများ ကြားနာရခြင်း ရည်ရွယ်ချက်အနေဖြင့် လူမှုသဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်လေ့လာချက်များဖြစ်သည့် စီမံကိန်းနှင့် ပတ်သက်ဆက်နွယ်သူများအား ဖြစ်ပေါ်လာနိုင်ခြေရှိသော အကောင်း အဆိုးသက်ရောက်မှုများကို အသိပေးခြင်း၊ ပါဝင်ပတ်သက်သူများ၏ အမြင်များ စိုးရိမ်ပူပန်မှုများကို သိရှိနားလည်ပြီး ထည့်သွင်းစဉ်းစား၍ စီမံကိန်းပုံစံရေးဆွဲခြင်း၊ ဒေသဗဟုသုတများရရှိရန်၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုတိုးတက်စေခြင်း၊ ပဋိပက္ခများ လျှော့ချစေရန်နှင့် စီမံကိန်းအဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရန် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်း၏ ရည်ရွယ်ချက်အနေဖြင့် ရန်ကုန်မြို့တွင်း အဆင့်မြင့်မြို့ပတ် သယ်ယူပို့ဆောင်ရေးစနစ်တွင် YCR (ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းစနစ်) (Yangon Circular Railway Line Upgrading Project)ကို အဓိကကျောရိုးအနေအထားဖြင့်ထားရှိရန်နှင့် မြန်မာ့မီးရထား၏ စီးပွားရေးအသွင်ဖော်ဆောင်မှုတိုးတက်ရန် အဆင့်မြင့်သော YCR ဖြင့် အကျိုးပြုနိုင်စေရန်ဖြစ်ကြောင်း သိရသည်။

"ဦးစားပေးစီမံကိန်းမှာ ပါဝင်သော အပိုင်းများအနေနဲ့ကတော့ မြို့ပြလုပ်ငန်းအပိုင်းမှာ သံလမ်း၊ ရထားလမ်း အဆင့်မြှင့်တင်ခြင်း၊ တာပေါင်ပြုပြင်ထိန်းသိမ်းခြင်း၊ လမ်းအဖြောင့်ဆွဲခြင်း၊ ကားလမ်းကူးခြင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ တံတားပြုပြင်ထိန်းသိမ်းခြင်း၊ ဘူတာရုံများ အဆင့်မြှင့်တင်ခြင်း၊ရထားပြင်စက်ရုံ ခြံစည်းရိုး ကာရံထိန်းသိမ်းခြင်း၊ ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်း၊ ရထားလမ်း ကားလမ်းခုံးကျော်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း စသည်ဖြင့်၊ အချက်ပြနဲ့ ဆက်သွယ်ရေးစနစ်မှာ ကားလမ်းကူးများမှာ အလိုအလျောက်ဖွင့်ပိတ် စနစ်တွေပါဝင်မယ်။ မီးရထားများ ရပ်နားရာနေရာကို အကွက်ချပုံစံဖြင့် ပြုပြင်ခြင်း၊ လိုအပ်တဲ့ကိရိယာများ တပ်ဆင်ခြင်း၊ ဒီဇယ်လျှပ်စစ်ဘက်စုံယူနစ် (DEMU) စသည်ဖြင့် စံပြဘူတာရုံအဆောက်အအုံပုံစံ ရေးဆွဲခြင်းစနစ်၊ အဓိကဘူတာရုံများအတွက် ဘူတာရုံပုံစံသစ်တင်ပြမှုတို့ ပါဝင်ပါမယ်၊ အပိုင်းလိုက် ဦးစားပေးအနေနဲ့ ဒညင်းကုန်း-ရန်ကုန်-မလွန်ကုန်းဘူတာတွေမှာ စတင်လုပ်ဆောင်သွားပါမယ်" ဟု အောက်မြန်မာပြည် အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက ပြောကြားသည်။

ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက်လုပ်ငန်း ဆောင်ရွက်ခြင်းအနေဖြင့် ၂၀၁၄ ခုနှစ် အစောပိုင်းတွင် မဟာရန်ကုန် မြို့ပြသယ်ယူပို့ဆောင်ရေးစီမံကိန်း (YUTRA) လေ့လာရေးအဖွဲ့မှ ဦးစားပေးမီးရထားလမ်းပိုင်းအတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) ကို လုပ်ဆောင်ပြီးဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေအရ မြန်မာ့မီးရထားသည် ယခုစီမံကိန်းအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ JICA လေ့လာရေးအဖွဲ့သည် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆောင်ရွက်ရာတွင် လိုအပ်သော ဆန်းစစ်လေ့လာမှုများကိုပြုလုပ်ပြီး မြန်မာ့မီးရထားအား ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း၊ E-Guard ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးအေးသီဟက ပြောကြားသည်။ ကွင်းဆင်းလေ့လာရေး နမူနာကောက်ယူခြင်း၊ ခာတ်ခွဲစမ်းသပ်ခြင်းနှင့် မေးမြန်းစုံစမ်းခြင်း ဆောင်ရွက်ရာတွင် မြို့ပတ်လမ်းတစ်လျှောက် စိုက်ပျိုးရေးလုပ်ငန်းများ၊ ယာယီဈေးဆိုင်လုပ်ငန်းများကိုလေ့လာခြင်း၊ ထိခိုက်လွယ်သော ဆင်းရဲနွမ်းပါးသူများနှင့် လူနည်းစုတိုင်းရင်းသားများ၊ ယခင်ရေကြီးခဲ့သောမှတ်တမ်းများကို လေ့လာခြင်း၊ ဆူညံသံများ၊ ရေထုအရည်အသွေး၊ ရထားခုံးကျော်ဆိုင်ရာ အချက်အလက်များ၊ ထိခိုက်နိုင်သောအိမ်များနှင့် လုပ်ငန်းများ၊ ပြန်လည်နေရာချထားရေး အစီအစဉ်အတွက် ကြိုတင်ပြင်ဆင်နိုင်ရန် လူဦးရေစစ်တမ်းများနှင့် လူမှုစီးပွားစစ်တမ်းများ ကောက်ယူခြင်းလုပ်ဆောင်ရန် ထည့်သွင်းစဉ်းစား ဆောင်ရွက်ချက်များကို ဦးအေးသီဟက ပြောကြားသည်။

စီမံကိန်းဆောင်ရွက်ချက်များကို လာမည့်နှစ်တွင် အကောင်အထည်ဖော်ဆောင်သွားမည်ဟု သိရပြီး ၂၀၁၈ ခုနှစ်တွင် ပြီးစီးရန်လျာထားကြောင်း သိရသည်။ ဒုတိယအကြိမ် သက်ဆိုင်သူများနှင့် တွေ့ဆုံပွဲကို ကျင်းပရန် ဩဂုတ် ၂၇ ရက် သို့မဟုတ် စက်တင်ဘာလဆန်း၌ ထပ်မံကျင်းပကာ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းများ လုပ်ဆောင်ခြင်းကို စီမံကိန်းနှင့် သက်ဆိုင်သူ မိဘပြည်သူများကို တွေ့ဆုံရန် စီစဉ်ထားကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

လူစုလူဝေးစနစ်တကျကိုင်တွယ်ထိန်းသိမ်းနည်းနှင့် ဖမ်းဆီးနည်း သင်တန်းဆင်း

ရန်ကုန် ဩဂုတ် ၁၅

ကမာရွတ်မြို့နယ် အမှတ်(၇) ရပ်ကွက် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက် အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် EU (ဥရောပသမဂ္ဂ)တို့ ပူးပေါင်းဖွင့်လှစ်သော လူစုလူဝေး စနစ်တကျကိုင်တွယ်ထိန်းသိမ်းနည်းနှင့် ဖမ်းဆီးနည်း သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၁၃ ရက် ညနေ ၄ နာရီက ကျင်းပခဲ့သည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားသို့ ရဲလေ့ကျင့်ရေးအရာရှိချုပ် ရဲမှူးချုပ်သူရဘိုနီ၊ အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ခေတ္တကွပ်ကဲရေးမှူး ရဲမှူးကြီးချစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်၊ အမှတ်(၃) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲ ကွပ်ကဲမှုအဖွဲ့မှူးရဲမှူးကြီး သက်လွင်၊ ရဲအရာရှိကြီးများ၊ EU မှ သင်တန်းနည်းပြများဖြစ်သည့် Mr. Patrick နှင့်အဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ လုံခြုံရေးရဲတပ်ဖွဲ့ခွဲများနှင့် သင်တန်းကျောင်းများမှ သင်တန်းသားရဲအရာရှိ ၂၀ တို့ တက်ရောက်ခဲ့ကြသည်။

အခမ်းအနား၌ ရဲလေ့ကျင့်ရေးအရာရှိချုပ် ရဲမှူးချုပ်သူရဘိုနီနှင့် Mr.Patrick တို့က အမှာစကားပြောကြားခဲ့ပြီး ရဲလေ့ကျင့်ရေးအရာရှိချုပ်နှင့် EU မှ သင်တန်းနည်းပြများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ သင်တန်းဆင်းပွဲအခမ်းအနားမကျင်းပမီ သင်တန်းသားများက လူစုလူဝေးထိန်းသိမ်းနည်းများ သရုပ်ပြဖြင့် လက်တွေ့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စိုးဝင်း(SP)**

ပျိုရွယ်သူ ကျန်းမာရေးအသိပညာပေးဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၅

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ပျိုရွယ်သူကျန်းမာရေးအသိပညာပေးဆွေးနွေးခြင်းကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီက ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၉) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်က အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူတို့က ကျောင်းသားမိဘများကို အပြုသဘောဆောင်သော သားသမီး၊ မိဘ၊ ဆရာ ဆက်ဆံရေးနှင့် မိဘများ၏ တာဝန်ဝတ္တရားများအကြောင်းနှင့် ဆယ်ကျော်သက်အရွယ်ကလေးများ၏ ကျန်းမာရေး၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် အာဟာရအကြောင်းကို အသိပညာပေးပြောကြားသည်။

ဆက်လက်၍ ဆရာဝန်များက အလယ်တန်းနှင့် အထက်တန်းကျောင်းသားကျောင်းသူများကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ ပျိုရွယ်သူမျိုးဆက်ပွားကျန်းမာရေး၊ HIV/AIDS၊ အရက်၊ ဆေးလိပ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်း၊ အာဟာရနှင့် မတော်တဆကြုံတွေ့ရသော အန္တရာယ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအကြောင်းကို အုပ်စုဖွဲ့ဆွေးနွေးခြင်းများ၊ အပြန်အလှန်ဆွေးနွေးခြင်းများပြုလုပ်ပြီး သိသင့်သည်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ယ/၃၂၉၁၄ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းသန်း ၅/မရန(နိုင်)၁၄၆၇၈၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရွှေဘို)၊ ရွှေဘိုမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၃၁၇၈၊ SYM Attila M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းဆိုင်ဟွမ် ၁၃/ကခန(နိုင်)၀၇၃၅၅၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၁၂၇၉၊ Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းလွင်ဦး ၈/ရနခ(နိုင်)၁၁၃၁၂၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ဖခင်အမည်မှန်

အထက(၂) လယ်ဝေးမြို့၊ တက္ကသိုလ်ဝင်တန်း(C)မှ မောင်မျိုးမင်းသိန်း၏ ဖခင်အမည်မှန်မှာ ဦးသိန်း ၉/လဝန(နိုင်)၁၄၄၅၁၂ ဖြစ်ပါသည်။

ဦးသိန်း

အမည်မှန်

ဖြူးမြို့နယ်၊ ဇီးခုံကျေးရွာနေ (ဘ) ဦးတိုးအောင်၏သား ၇/ဖမန(နိုင်)၁၆၈၆၅၆ ကိုင်ဆောင်သူ မောင်ဇော်မျိုးထွေး၏ အမည်မှန်မှာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်တွင်ပါရှိသော မောင်ဇော်မြင့်ထွေး ဖြစ်ပါသည်။ **မောင်ဇော်မြင့်ထွေး**

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်တော် ဦးအိုက်မိန်း ၁၃/တခလ(နိုင်)၀၂၄၄၆၈သည် တာချီလိတ်မြို့၊ မယ်ခေါင်ရပ်ကွက်၊ အမှတ်(၃/၉၅)ရှိ အလျား(၂၈၄ပေ×၂၈၃ပေ)၊ အနံ(၁၇၇.၆ပေ×၈၇ပေ) မြေကွက်နှင့် မြေကွက်ပေါ်ရှိ သီးပင်၊ စားပင်အား ဦးအိုက်ငင်း ၁၃/တခလ(နိုင်)၀၂၆၉၇၄+ဒေါ်အီမား ၁၃/တခလ(နိုင်)၀၀၂၃၄၂ထံမှ ဝယ်ယူခဲ့ပါသည်။ ယင်းမြေကွက်အား မြေငှားဂရန်လျှောက်ထားရန်အတွက် မြေစာရင်းပုံစံ(၁၀၅)ရေးကူးခွင့်လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးအိုက်မိန်း
၁၃/တခလ(နိုင်)၀၂၄၄၆၈

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ်(၆၇၇/က)၊ မြေကွက်တည်နေရာအမှတ်(၆၇၇/က)၊ မေတ္တာလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးထွန်းရီအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးထွန်းရီ ကွယ်လွန်သဖြင့် ဒေါ်သန်းရွေ ၁၂/ဥကတ(နိုင်)၀၂၇၀၇၁က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄ B (ပုသိမ်ညွန့်)၊ မြေကွက်အမှတ်(၁)၊ မြေကွက်တည်နေရာအမှတ် ၁၄၊ ချွန်း(၁)လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ဦးဘငွေး)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးဘငွေး (ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီး ဒေါ်လှ ၁၂/မဂတ(နိုင်)၀၅၀၀၄၉ [GP (၂၃၂၁၃/၁၉-၁၁-၁၃)ရရှိသူ ဒေါ်ဝင်းသန့်သန့် ၁၂/မဂတ(နိုင်)၀၇၄၀၁၈]က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်း-၈/FMIအိမ်ရာ၊ မြေကွက် ၇၂၊ဧရိယာ ၀ဒသမ ၁၁၀၈က နှစ် ၆၀ မြေငှားစာချုပ်အမည်ပေါက်မှာ ဦးခင်းဘင်၊ ဒေါ်ကျင်ဟုန် ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ်(၁၆၀၂/၂၀၁၂)နှင့် မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်(၄၁၃၄/၂၀၁၄)တို့ တင်ပြ၍ ဦးပြည်အေး ၆/မအရ(နိုင်)၀၂၇၉၅၅၊ ဒေါ်မြတ်စန္ဒာ ၁၂/မရက(နိုင်)၀၀၁၇၁၂ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်း-L/၁၇(၆၀)၊ မြေကွက် ၁၁၆၈၊ ဧရိယာ ၀ဒသမ ၀၅၅၈က နှစ် ၆၀ မြေငှားစာချုပ်အမည်ပေါက်မှာ ဒေါ်တင်စုနိုင် ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်စာချုပ်(၅၂၃၂/၂၀၁၃)တင်ပြ၍ ဦးအောင်သိန်း ၁၂/ကတတ(နိုင်)၀၀၃၀၆၇ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေချီ၊ မြေကွက်/ဦးပိုင်အမှတ် ၅၂၊ ဧရိယာ ၀ ဒသမ ၀၆၆ ဧကရှိ ဒေါ်ဆန်းအမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘပိုင် မြေကွက်အား ဦးတင်မောင်မြင့် (ပါ-၂) ၉/ပမန(နိုင်) ၀၁၈၄၃၈ (ဘ) ဦးဆန်နီမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ် ၇/ရွှေဘို၊ မြေကွက်/ဦးပိုင်အမှတ် ၂၂ က၊ ဧရိယာ ၀ဒသမ ၀၈၆ဧကရှိ မကျင်နု၊ မကျင်ဥ အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘ မြေကွက်အား ဦးအောင်သန်း (ပါ-၄) ၉/ပမန(နိုင်) ၀၁၉၀၀၃ (ဘ) ဦးကုလားမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

သောက်ရေသန့်ဆေးထုပ် (PUR)များ ဖြန့်ဖြူးပေး

သထုံ ဩဂုတ် ၁၅

သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ရှိ ကျိုက္ကော်၊ သိမ်ဆိပ် ရပ်ကွက်များနှင့် အနီးဝန်းကျင်ကျေးရွာများမှ ရေဘေးဒဏ်ခံအိမ်ထောင်စုများအတွက် ပိုးမွှားကင်းစင်သော သောက်ရေသန့်ကို အလွယ်တကူ ပြုလုပ်နိုင်မည့် PUR ရေသန့်ဆေးထုပ်များကို မွန်ပြည်နယ် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာနနှင့် World Vision အဖွဲ့တို့ ပူးပေါင်းကာ ကျိုက္ကော်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဩဂုတ် ၁၃ ရက်က လာရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းရွှေက ရေလွှမ်းမိုးမှုကြောင့် ရေတွင်း ရေကန်များရှိ ရေများ ညစ်ညမ်းနေချိန်အတွင်း ပိုးမွှားသန့်စင်သော သောက်ရေရရှိစေရန်အတွက် လာရောက် ဖြန့်ဖြူးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး World Vision အဖွဲ့မှ သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေး မန်နေဂျာ ဒေါက်တာမိုးသူက PUR ရေသန့်ဆေးကို အသုံးပြု၍ ပိုးမွှားကင်းစင်သည့်သောက်ရေသန့် စနစ်တကျပြုလုပ်အသုံးပြုပုံ အဆင့်ဆင့်ကို ရေဘေးဒဏ်ခံ ပြည်သူများအား လက်တွေ့ပြသပြီး ပြည်သူများက မရှင်းလင်းသည်တို့ကို ပြန်လည်မေးမြန်းရာ World Vision အဖွဲ့မှ ဒါရိုက်တာ ဦးဝင်းဇင်ဦးက ပြန်လည်ရှင်းလင်း ပြောကြားခဲ့သည်။

ထို့နောက် အိမ်ထောင်စုတစ်စုအတွက် တစ်ရက်လျှင် ဆေး နှစ်ထုပ်နှုန်းဖြင့် နှစ်ပတ်စာ ရေသန့်ဆေးထုပ်များကို ကျိုက္ကော်နှင့် သိမ်ဆိပ်ရပ်ကွက်တို့ရှိ ရေဘေးသင့်အိမ်ထောင်စု ၁၃၀ အတွက် အခမဲ့ဖြန့်ဝေ ပေးခဲ့သည်။ PUR ရေသန့်ဆေးထုပ်များမှာ ရေအတွင်းပျော်ဝင်နေသော ဝမ်းပျက်ဝမ်းလျှော ရောဂါပိုးများကို ရာနှုန်းပြည့်သေစေနိုင်ပြီး ရေကိုကြည်လင်သန့်စင်စေသောကြောင့် ရေနစ်မြုပ်ရာဒေသများအတွက် သောက်ရေအခက်အခဲကို လျင်မြန်ထိရောက်စွာ ဖြေရှင်းပေးနိုင်ကြောင်း သိရသည်။

ရေသန့်ဆေးထုပ်များကို သထုံခရိုင် ကျိုက်ထိုမြို့နယ်မှ ရေဘေးဒဏ်ခံ အိမ်ထောင်စု ၁၂၃ စုနှင့် ဘီးလင်းမြို့နယ်မှ ရေဘေးဒဏ်ခံ အိမ်ထောင်စု ၅၇၀ တို့ကိုလည်း ယင်းနေ့တွင် သွားရောက်ဖြန့်ဖြူးပေးခဲ့ကြောင်း World Vision အဖွဲ့မှ သိရသည်။ **သက်ဦး(သထုံ)**

ရပ်ထားသော နောက်တွဲယာဉ်ကို ဆိုင်ကယ်မှဝင်တိုက်

ရန်ကုန် ဩဂုတ် ၁၅

မင်္ဂလာဒုံမြို့နယ်အတွင်း ဩဂုတ် ၁၂ ရက် ညပိုင်းက ရပ်ထားသော နောက်တွဲယာဉ်ကို ဆိုင်ကယ်မှဝင်ရောက်တိုက်မိသဖြင့် ဆိုင်ကယ်မောင်းနှင်သူ သေဆုံးခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၂ ရက် ည ၇ နာရီ ၄၅ မိနစ်က မင်္ဂလာဒုံမြို့နယ် ပြည်လမ်းအတိုင်း မင်္ဂလာဒုံဘက်မှ ထောက်ကြန့်ဘက်သို့ မင်္ဂလာဒုံမြို့နယ်နေ ကိုသန်းဝင်းအောင် (၂၃ နှစ်) စီးနင်းမောင်းနှင်လာသော ၃၃ယ/---ANBO 125 အမျိုးအစား နက်/ဖြူရောင် ဆိုင်ကယ်သည် မြန်မာစီပီလိုက်ဖ်စတော့ခ် ကုမ္ပဏီလီမိတက်ဝင်းရှေ့အရောက် ယာဘက်လမ်း၌ရပ်ထားသော သာကေတမြို့နယ်နေ ဦးထွန်းညို မောင်းနှင်သည့် ၁ယ/----ထရပ်တာ အငှားယာဉ်တွင် တွဲထားသော နတ/---နောက်တွဲယာဉ်၏ နောက်ပိုင်းကို ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သည်။ အဆိုပါယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းနှင်သူ ကိုသန်းဝင်းအောင်တွင် ဒဏ်ရာများရရှိကာ အင်းစိန်ဆေးရုံသို့ ပို့ဆောင်စဉ်သေဆုံးသွား၍ ယင်းကဲ့သို့ ဆိုင်ကယ်မဆင်မခြင်မောင်းနှင်သူ ကိုသန်းဝင်းအောင် (သေဆုံး)ကို မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် သစ်ဖွင့်

တီးတိန် ဩဂုတ် ၁၅

ချင်းပြည်နယ် တီးတိန်မြို့နယ် ဒေါလွင်ကျေးရွာအုပ်စု ဇိုဇန်(အောက်) ကျေးရွာတွင် ဇိုဟေဆာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဩဂုတ် ၁၃ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးထင်ကျော်အေးက စာကြည့်တိုက်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက်လာသူအလှူရှင်များက စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များ၊ အလှူငွေများပေးအပ်လှူဒါန်းကာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက လက်ခံရယူခဲ့သည်။ စာကြည့်တိုက်သစ်မှာ အလျား ပေ ၂၀၊ အနံ ပေ ၂၀၊ အမြင့် ၁၀ ပေ၊ သွပ်မိုး၊ ကပ်ကာ၊ ပျဉ်ခင်း တစ်ထပ်ဖြစ်ပြီး ကျပ်နှစ်သိန်းတန်ဖိုးရှိ မြေကွက်အလှူရှင် ဦးအဲင်းခေါလန့်မိသားစုနှင့် ကျေးရွာနေပြည်သူများစုပေါင်းထည့်ဝင်ငွေကျပ် ၁၇ သိန်းနှစ်သောင်းဖြင့် အကုန်အကျခံဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**

မိုးစပါးချေးငွေ သိန်းခုနစ်သောင်းကျော် ထုတ်ချေး

ခင်ဦး ဩဂုတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့ကျေးရွာအုပ်စု ၆၃အုပ်စုအတွက် ၂၀၁၄ခုနှစ် မိုးစပါးချေးငွေကျပ် သိန်းပေါင်း ကိုးသောင်းနီးပါး ထုတ်ချေးရန် လျာထားရာ ဩဂုတ် ၁၂ ရက်အထိ ချေးငွေသိန်းပေါင်း ခုနစ်သောင်းကျော်ထုတ်ချေးပေးပြီးကြောင်း သိရသည်။

ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးခြင်းဖြစ်ပြီး လျာထားချေးငွေ ကျပ် ၈၈၉၁၃ ဒသမ ၄ သိန်းမှ မိုးသီးနှံ၊ ဆောင်းသီးနှံပြေကျေသော ကျေးရွာအုပ်စု ၅၈ အုပ်စုသို့ ကျပ် ၇၀၉၇၈ ဒသမ ၂၀ သိန်းထုတ်ချေးထားပြီးကြောင်း လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဒေါ်ယဉ်နွဲ့က ပြောကြားသည်။ ကျန်ချေးငွေများကို ၂၀၁၃ ခုနှစ် မိုးချေးငွေ၊ ဆောင်းချေးငွေ မကျေသေးသော ကံသစ်ကျေးရွာအုပ်စု၊ ရွာစဉ်ကျေးရွာအုပ်စု၊ ပျဉ်ထောင်ကျေးရွာအုပ်စု၊ မြို့သစ်ကျေးရွာအုပ်စု၊ တပင်ကောင်းကျေးရွာအုပ်စုနှင့် ရုံးစုကျေးရွာအုပ်စုတို့ကို ကြွေးကျန်ပြေကျေမှသာ ချေးငွေသစ်ကို ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**

ဘာသာပေါင်းစုံချစ်ကြည်ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး ဆွေးနွေး

မြင်းခြံ ဩဂုတ် ၁၅

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့တွင် ဘာသာပေါင်းစုံချစ်ကြည်ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးဆွေးနွေးပွဲကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဩဂုတ် ၁၃ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြင်းခြံခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်က ဘာသာပေါင်းစုံမှ လူမျိုးအချင်းချင်းသည် နိုင်ငံသားများဖြစ်၍ စည်းလုံးညီညွတ်စွာ နေထိုင်သွားကြရန် အမှာစကား ပြောကြားသည်။ ထို့နောက် ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနှင့် ခရစ်ယာန်ဘာသာ အဖွဲ့ခေါင်းဆောင်များက မိမိတို့မြို့တွင် အေးချမ်းစွာဖြင့် နေထိုင်သွားရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ကူညီထောက်ပံ့ပေးနိုင်ရန်အတွက် ရန်ပုံငွေများကို ဘာသာပေါင်းစုံ ချစ်ကြည်ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး ဆွေးနွေးပွဲအဖွဲ့က ထူထောင်ခဲ့ပြီး တက်ရောက်လာသည့် ဘာသာပေါင်းစုံအဖွဲ့များက မတည်ငွေ ကျပ် ၁၀ သိန်းကို စုပေါင်းလှူဒါန်းခဲ့သည်။

ဆွေးနွေးပွဲသို့ မြင်းခြံခရိုင် အုပ်ချုပ်ရေးမှူးဦးမြင့်သင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ ဘာသာကြီး လေးခုမှ ဘာသာရေးခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထောက်အကူပြု အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

အမည်ပြောင်း

ဦးကြည်စိုး၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၁)သတ္တမတန်းမှ မောင်တီးတီးအောင်အား ယနေ့မှစ၍ မောင်သန့်ဇင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်သန့်ဇင်

အမည်ပြောင်း

ဦးမြင့်သိန်း-ဒေါ်နန်းသီတာထွေးတို့၏သမီး တောင်ငူမြို့နယ်၊ နတ်စင်ကုန်း အထက၊ တက္ကသိုလ်ဝင်တန်း(E)မှ မခိုင်ဇာသွယ် ၁၃/ကတန(နိုင်)၁၆၄၆၇၁ အား မဆုရှန်းလဲ့ထွန်းဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

ဝန်ထမ်းအလိုရှိသည်

ရွှေလီနန်း(ပီနံအိတ်စက်ရုံ)

နန်းဆွဲ (၁၀)ဦး

ရက်ကန်း (၃၀)ဦး

ကျွမ်းကျင်သူ ဦးစားပေးမည်။

လိပ်စာ - ပုသိမ်ကြီးမြို့၊ မြို့မရပ်ကွက်၊ သစ်ချိုကုန်းရွာ၊

ဖုန်း-၀၉- ၂၀၀၀၈၃၅၊ ၀၉- ၄၀၂၆၃၄၉၆၉၊ ၀၉- ၄၃၁၆၂၆၇၈

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7D/7117 Toyota Landcruiser S/W (4x4) ယာဉ်လက်ဝယ်ရှိသူ ဦးချိန်ယုရောင် ၁၃/ကမန(နိုင်)၀၆၇၀၉၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖခင်အမည်မှန်

မကွေးမြို့၊ အထက(၁) ဆဋ္ဌမတန်း (A) မှ မခင်ဖြိုးသိမ့်၏ ဖခင်အမည်မှန်မှာ ဦးသန်းဆွေ ဖြစ်ပါကြောင်း။

ဦးသန်းဆွေ
၈/မကန(နိုင်)၀၇၅၇၈၈

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၅ယ/၈၁၀၅၁၊ Honda Dream ND 125 နှင့် ယာဉ်လက်ဝယ်ရှိသူ စိုင်းထွန်း ၁၃/ကတန(နိုင်)၁၁၆၂၄၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး၊ ကျိုင်းတုံ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၈/၅၉၈၀ SHWE PALAE NGWE PALAE, P/U ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့်အောင် ၁၂/မဂတ(နိုင်)၀၈၇၀၀၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ မော်နိုင်းအုပ်စု၊ မုန်ကန်ရွာနေ မအိပိုင်စိုး (တက္ကသိုလ်ဝင်တန်းအောင်)၏ဖခင် ဦးကျော်စိန်နှင့် ဦးဖိုးတုတ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးကျော်စိန်(ခ)ဦးဖိုးတုတ်
၅/ဝသန(နိုင်)၀၁၁၄၈၅

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျိုင်းတုံမြို့၊ အမှတ်(၄)ရပ်ကွက်၊ နွဲ့နောရပ်နေ ဦးခန်ထူ-ဒေါ်ဆေးဆုံတို့၏သား မောင်သားငယ် ၁၃/ကတန(နိုင်) ၁၂၃၄၇၂ သည် မိဘစိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးခန်ထူ-ဒေါ်ဆေးဆုံ

အိမ်ရောင်းမည်

တာမွေမြို့နယ်၊ ဓမ္မဒါနလမ်း၊ မြေညီထပ်၊ (၁၂½ပေ×ပေ၆၀)

Hall Type, ကြွေပြားခင်း (Orange ကုန်တိုက်အနီး)

ဖုန်း-၀၉- ၇၃၂၃၇၉၀၆၊ ၀၉- ၅၁၈၄၆၁၇၊ ၀၉- ၅၁၃၆၀၀၃

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်း L/၁၇(၆၀)၊ မြေကွက် ၁၇၄၅၊ ဧရိယာ ၀ဒသမ ၀၅၅၈ဧက နှစ် ၆၀ မြေငှားစာချုပ် အမည်ပေါက်မှာ ဒေါ်တင်တင်အုန်း ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်(၃၆၅၈/၂၀၁၄)တင်ပြ၍ ဦးမင်းဆွေ ၁၂/ရကန(နိုင်) ၀၂၅၃၁၇ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားမူရင်းအပြည့်အစုံ တင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်း ၂၀၊ ဝေဇယန္တာအိမ်ရာ၊ မြေကွက် ၁၇၆/က၊ ဧရိယာ ၀ဒသမ ၀၇၈ဧက၊ နှစ် ၆၀ မြေငှားစာချုပ်အမည်ပေါက်မှာ ဒေါ်မြသီတာဆွေ ဖြစ်ပါသည်။ အဆိုပါမြေ+ဆ/ဦးအား အရောင်းအဝယ်စာချုပ် (၂၄၁၇/၂၀၁၄) တင်ပြ၍ ဒေါ်ဒေါရစ်ဘချစ် ၁၂/ရကန(နိုင်) ၀၅၅၈၇၂ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားမူရင်းအပြည့်အစုံ တင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၀ယ/၂၅၃၈၈၊ Yinxiang 110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဇော် ၈/မကန(နိုင်)၁၄၆၁၉၀က(ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ တိုင်းရုံး(မကွေး)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅ယ/၉၆၅၅၉၊ Hongda M/C နှင့် ယာဉ်အမှတ်(၁၀ယ/၄၂၅၉၀) Luojia -110 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဦး ၇/သနပ(နိုင်)၀၇၅၉၈၀က(ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး(မကွေး)**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၉၈၈၂ Shayan 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဖြိုးသူ ၉/လဝန(နိုင်)၂၂၇၁၄၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကျောက်ပန်းတောင်းမြို့နယ် ကန်နီကျေးရွာတွင် ရွာလုံးကျွတ် လျှပ်စစ်မီးလင်းရေးဆောင်ရွက်

ကျောက်ပန်းတောင်း ဩဂုတ် ၁၅

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် တင့်ကန်ကျေးရွာအုပ်စု ကန်နီကျေးရွာတွင် တစ်ရွာလုံး လျှပ်စစ်မီးလင်းရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လမ်းမီးတိုင်များ ကြိုးသွယ်တန်းခြင်း၊ နေအိမ်များတွင် မီတာပုံးချိတ်ဆက်ခြင်းလုပ်ငန်းများကို ဩဂုတ် ၁၃ ရက်မှစ၍ မြို့နယ်လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ကန်နီကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)က 50KVA ထရန်စဖော်မာတစ်လုံးကို ဇူလိုင် ၂၈ ရက်က ဝယ်ယူပေးခဲ့ပြီး အထိုင်ချခြင်း၊ ကြိုးသွယ်တန်းခြင်းလုပ်ငန်းများကို ဩဂုတ် ၅ ရက်က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အဆိုပါလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့်မြို့နယ်လျှပ်စစ်မှဆောင်ရွက်နေခြင်းဖြစ်ပြီး ယခုအခါ လမ်းမီးတိုင်များကြိုးသွယ်ခြင်း၊ အိမ်သုံးမီတာများသွယ်တန်းချိတ်ဆက်ခြင်းလုပ်ငန်းများ လုပ်ဆောင်လျက်ရှိရာ၊ မကြာမီကာလအတွင်း ကန်နီကျေးရွာတစ်ရွာလုံးလျှပ်စစ်မီးအပြည့်အဝရရှိတော့မည်ဖြစ်ကြောင်းသိရသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသများတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံကောင်းမွန်ရေး အစရှိသည့် အခြေခံကျသော ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရရှိသည့် ခွင့်ပြုရန်ပုံငွေများဖြင့် အရှိန်မြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေအောင် (ပြန်/ဆက်)

ဓာတ်ငွေ့လိမ်လည် ထုတ်ယူသူအား အရေးယူ

ရန်ကုန် ဩဂုတ် ၁၅

အလုံမြို့နယ် စောရန်ပိုင် အနောက်ရပ်ကွက် ကမ်းနားလမ်းရှိ CNG ဓာတ်ငွေ့ဆိုင်အမှတ် (003)၏ တာဝန်ခံအင်ဂျင်နီယာဖြစ်သူသည် ဆိုင်သို့ ဓာတ်ငွေ့လာရောက်ထည့်သော မော်တော်ယာဉ်များကို ဩဂုတ် ၁၂ ရက် ညနေ ၄ နာရီခွဲက စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း။ ထိုသို့စစ်ဆေးခဲ့ရာတွင် ရွှေပြည်သာမြို့နယ်နေ ဦးခင်မောင်အေး(၄၁နှစ်) မောင်းနှင်သည့် RA/. . . ကိုရိုလာ အဖြူရောင် အငှားယာဉ်၏ CNG စာအုပ်အတွင်းရှိ ဆလင်ဒါအိုးအမှတ်မှာ 4009030 ဖြစ်ပြီး ယာဉ်တွင် တပ်ဆင်ထားသော ဆလင်ဒါအိုးအမှတ်မှာ TYPE NO. CNG 2 G-325-70-20B ဖြစ်ကြောင်း တွေ့ရှိရသည့်အပြင် CNG စာအုပ်မှာလည်း အတုဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ ယင်းကဲ့သို့ စွမ်းအင်ဝန်ကြီးဌာနမှ တရားဝင်ခွင့်ပြုထားရှိသည့် ဆလင်ဒါအိုးမဟုတ်သည့်အပြင် CNG စာအုပ်မှာလည်း အတုဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဦးခင်မောင်အေးကို အရေးယူပေးပါရန် တိုင်တန်းချက်အရ အလုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ကွန်ကရစ်တံတားပြုပြင်ပေးရန် ဒေသခံပြည်သူများလိုလား

ပန်းတောင်း ဩဂုတ် ၁၅

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ရေကျော်အုပ်စု လယ်တီကျေးရွာနှင့် ပုသိမ်-မုံရွာ ကားလမ်းမကြီးကိုဆက်သွယ်သော ကျောက်ခင်းလမ်းပေါ်ရှိ မြောင်းကူးကွန်ကရစ်တံတားများ ရေတိုက်စားမှုကြောင့် မြေသားပြိုကျပျက်စီးခဲ့ရာ လယ်တီကျေးရွာနှင့် ဥသျှစ်ပင်မြို့၊ ပြည်မြို့များသို့ ပြေးဆွဲသည့်မော်တော်ယာဉ်များ၊ လူည်းများ သွားလာရန်အခက်အခဲကြုံတွေ့နေရသည့်အတွက် သက်ဆိုင်ရာမှ အမြန်ဆုံးပြုပြင်တည်ဆောက်ပေးရန် ဒေသခံများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

(၁၇၀)

ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းတပ်ဖွဲ့မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အလေးထားလိုက်နာစေရန်နှင့် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် နေ့စဉ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၃ ရက် ညနေ ၅ နာရီက ကျောက်တံခါးမြို့နယ်ဗိုလ်ချုပ်လမ်းပေါ်ရှိ ဝဇီရာရုပ်ရှင်ရုံရှေ့၌ ယာဉ်တစ်စီး ရပ်နားခွင့်မရှိသောနေရာ၌ လမ်းစည်းကမ်းဖောက်ဖျက်ရပ်နားထားသဖြင့် ယာဉ်ကို ကရိန်းကားဖြင့် ဆွဲယူနေစဉ်။ ဇော်မျိုးနိုင်

ဆီဆိုင်မြို့နယ်တွင် အရန်သားဖွားသင်တန်းဆင်းပွဲ ကျင်းပ

ဆီဆိုင် ဩဂုတ် ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်တွင် အရန်သားဖွားသင်တန်းဆင်းပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှသိန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွဋ်ဦးက သင်တန်းပို့ချမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ သင်တန်းသူ ၂၈ ဦးတက်ရောက်ပြီး စာတွေ့၊ လက်တွေ့ခြောက်လကြာ လေ့ကျင့်သင်ကြားပို့ချပေးခဲ့ခြင်းကြောင့် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုရရှိလာမည်ဖြစ်ပြီး ကျေးရွာရှိပြည်သူများ၏ကလေးသေဆုံးမှုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

ခွန်ရဲထွေး (ဆီဆိုင်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနတွင်လိုအပ်သော အောက်ပါပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူလိုပါသည်။

(1)	Motor with Pump 3Ø 25 H.P	1 no
(2)	Robin Pump	5 no
(3)	Air Compressor (5T 2 WLM 10 H.P, 930 RPM)	1 no

၂။ တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၅-၈-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
ဖုန်း-၀၆၇-၄၀၄၄၅၅၊ ၄၀၄၄၄၈

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပထမနှစ်ဝင်ခွင့် နှုတ်မေးစာမေးပွဲအတွက် လေ့လာရန်

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (B.Agr.Sc) (၅)နှစ်သင်တန်း တက်ရောက်ရန်အတွက် ၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ ဝင်ခွင့်လျှောက်ထားသောသူများသည် နှုတ်မေး စာမေးပွဲဖြေဆိုရန် တက္ကသိုလ်ဝင်တန်း ပြဋ္ဌာန်းစာအုပ်များမှ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ)ဘာသာရပ်တို့ကို လေ့လာထားရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

နိုင်ငံကူးလက်မှတ် ပျောက်ခြင်း

ကျွန်တော် ဦးတင်ဦး ၁၄/ကပန(နိုင်)၁၂၂၁၀၁၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးပါ၍ တွေ့ရှိပါက ဖုန်း-၀၉-၃၆၂၁၃၈၆၀ ထံ အမြန်ဆုံးဆက်သွယ်ပေးပါရန်။

စက်မှုဝန်ကြီးဌာန အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) စက်ဆီချောဆီ (၈)မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များနှင့် ပတ်သက်၍ ၁၈-၈-၂၀၁၄ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်-

၃။ တင်ဒါများနောက်ဆုံးထားပေးသွင်းရမည့်ရက်မှာ ၂၆-၈-၂၀၁၄ ရက်၊ ၁၆း၀၀နာရီ ဖြစ်ပါသည်။

ထုတ်လုပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၀၅၆၊ ၄၀၅၁၇၁

ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၈၁၂၉၅ Honda Dream ND 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောဖိုးဘလဲ ၆/ထဝန(နိုင်)၀၆၄၁၁၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)

ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၅၃၁၂၈ Honda wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းစွမ် ၆/လလန(နိုင်)၀၇၉၅၅၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးသင်တန်းဌာန (ဘယ်လင်း)တွင် အောက်ပါဆောက်လုပ်ရေးလုပ်ငန်းများကို ၂၀၁၄ခုနှစ် ဩဂုတ်လအတွင်း စတင်ဆောင်ရွက်ရမည်ဖြစ်၍ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ခေါ်ယူပါသည်-

(က) Foundry ဌာနတွင် သံကူကွန်ကရစ် Slab မိုး QC Room (၁)လုံး (၃၀'×၁၅'·၆"×၁၂') (Contilever Slab, Walling, Instrument တင်ရန် High 2'.6" Counter Slab, Lighting နှင့် မီးပလပ်ခုံများအပါအဝင်)

(ခ) ဝင်းအတွင်း ပျက်စီးနေသောလမ်းအတွက် Slab Culvert (၂)ခု ပြုလုပ်ခြင်း၊ (၂၀'×၇'×၁၂' ၁ ခုနှင့် ၁၂'×၇'×၁၀' ၁ခု)

(ဂ) ပျက်စီးသွားသော ခြံစည်းရိုးအောက်ခြေနှင့် မြောင်း (၂)ခု အတွက် Slab Culvert ပြုလုပ်ခြင်း။ ပျက်စီးနေသော ခြံစည်းရိုးပြန်လည်တည်ဆောက်ခြင်းအပါအဝင် (၆'×၇'×၁၁' ၁ ခုနှင့် ၆'×၇'×၁၂' ၁ခု)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက် (၁)စောင်လျှင် ကျပ် ၂၀၀၀/-(ကျပ်နှစ်ထောင်တိတိ)ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ အာမခံစပေါ်ငွေ (Earnest Money) % အား (က)အတွက် ကျပ် ၁၂၅၀၀၀/-(ခ)အတွက် ကျပ် ၁၃၀၀၀၀/-(ဂ)အတွက် ကျပ် ၇၅၀၀၀/-ကို P.O ချက်ဖြင့် ဘဏ္ဍာရေးဌာနသို့ ပေးသွင်းရမည်။

၃။ တင်ဒါပုံစံများကို ၁၈-၈-၂၀၁၄ရက်မှ ၂၂-၈-၂၀၁၄ရက်အထိ ရုံးချိန်အတွင်း စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပြီး ၂၅-၈-၂၀၁၄ရက် ရုံးချိန်အတွင်း အိတ်ဖွင့်တင်ဒါဖွင့်ဖောက်မည်ဖြစ်ပါသည်။ ဖုန်း-၀၆၇-၄၀၄၄၄၈၊ ၄၀၄၅၁၀၊ ၄၀၄၅၁၁၊ ၄၀၄၄၅၅

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့

ပျောက်ဆုံး

ကျွန်တော်မြင့်ဇော်ဦး ၈/နမန(နိုင်)၁၂၈၅၉၀မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၁-၅၅၄၈၁၈

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပြည်သူများဗဟုသုတတိုးပွားရေး ဟောပြော

မိုးကောင်း ဩဂုတ် ၁၅

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မန်ရွက်ကျေးရွာအုပ်စု ရှစ်မိုင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျေးလက်နေပြည်သူများအသိပညာဗဟုသုတတိုးပွားစေရေးအတွက် အသိပညာပေးဟောပြောပွဲကို မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ဩဂုတ် ၁၂ ရက်က ကွင်းဆင်းဆောင်ရွက်ကြသည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းက စာပေလေ့လာဖတ်ရှုခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးက အမျိုးသမီးငယ်များ လူမှောင်ခိုကူးမှုအန္တရာယ်မှ ရှောင်ရှားနိုင်ရေးအတွက် သတိပြုဖွယ်ရာများကိုလည်းကောင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘဏ္ဍာရေးမှူးက တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာများကိုလည်းကောင်း ပညာပေးဟောပြောကြသည်။

ထို့နောက် ကျေးရွာပြည်သူများအတွက် သုတ၊ရသ စာအုပ်စာစောင်များ၊ ကျောင်းအတွက် မှန်ဗီရိုတစ်လုံး၊ ယင်လုံအိမ်သာအတွက် ဆက်စပ်ပစ္စည်းများနှင့် ကျောင်းသားကလေးငယ်များအတွက် ဗီတာမင်အားဆေးဘူးများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့က ပေးအပ်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ယာယီပိတ်ထားသောချင်းချောင်တံတားပြင်ဆင်ပြီးစီး

အင်္ဂပူ ဩဂုတ် ၁၅

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ထူးကြီးမြို့နှင့် မဲဇလီကုန်းမြို့ကြား အလျားပေ ၈၀၊ အကျယ် ၁၂ ပေရှိ ချင်းချောင်တံတားကို ဩဂုတ် ၁၃ ရက်တွင် ပြန်လည်ပြင်ဆင်ပြီးဖြစ်၍ မော်တော်ကားများ၊ ဆိုင်ကယ်များ ပြန်လည်ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

"ဒီနေ့ ကားတွေပြန်ဖြတ်လို့ရပြီ၊ တံတားပြန်ကောင်းသွားတော့ ခရီးသည်တင်ကားတွေ ပုံမှန်လမ်းကြောင်းအတိုင်း ပြန်ပြီးပြေးဆွဲနေပြီ" ဟု ဧရာသစ္စာ ယာဉ်လိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ပြည်သူ့ဆောက်လုပ်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးက တံတားကို ဩဂုတ် ၆ ရက်မှ ၁၂ ရက်အထိပြုပြင်ခဲ့ပြီး ၁၃ ရက်တွင် တံတားပြင်ဆင်ပြီးသွားသဖြင့် ပြန်လည်ဖြတ်သန်းခွင့်ပြုခြင်းဖြစ်ကြောင်း ပြောသည်။

ချင်းချောင်တံတားမှာ မြန်အောင်-ဟင်္သာတ အဝေးပြေးကားလမ်းပေါ်တွင် တည်ရှိရာ နေ့စဉ်ဆိုင်ကယ်နှင့် မော်တော်ကားများ ဖြတ်သန်းနေကြပြီး ဒေသခံများ အားထားရသောတံတားတစ်စင်းဖြစ်သည်။ ဩဂုတ်လဆန်းက မိုးများသဖြင့် တောင်ကျရေများကြောင့် တံတားပျက်စီးသွားခဲ့သဖြင့် ယာယီပိတ်ထားခဲ့ရပြီး အင်္ဂပူမြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အချိန်မီ ပြန်လည်ပြုပြင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နေဝင်းဇော်(မြန်အောင်)

မန္တလေးကျွဲဆည်ကန်လမ်းဆုံတွင် ယာဉ်စည်းကမ်းလိုက်နာမှု အားနည်းနေ

မန္တလေး ဩဂုတ် ၁၅

မန္တလေးမြို့တွင် ယာဉ်စည်းကမ်း မလိုက်နာသူများအား ဒဏ်ငွေတိုးမြှင့်သတ်မှတ်ပြီးနောက် မော်တော်ဆိုင်ကယ် မောင်းသူများသည် ဆိုင်ကယ်တစ်စီး နှစ်ဦးသာ စီးနင်းခြင်း၊ ဆိုင်ကယ်စီးဦးထုပ်ဆောင်း၍ မောင်းနှင်ခြင်း စသည့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာ မောင်းနှင်လာသော်လည်း ကျွဲဆည်ကန်လမ်းဆုံအနီး မောင်းနှင်ကြသည့် မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ် မောင်းနှင်သူတချို့သည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုအားနည်းလျက်ရှိနေသေးကြောင်း ဒေသခံများထံမှ သိရသည်။

"ကျွဲဆည်ကန်လမ်းဆုံက အဝေးပြေးခရီးသည်တင်ယာဉ်ရပ်နားဝင်းအဝင် အထွက် မော်တော်ယာဉ်တွေနဲ့ ရန်ကုန်-မန္တလေးလမ်းအတိုင်း မြို့ထဲအဝင်အထွက်လုပ်တဲ့ မော်တော်ယာဉ်မျိုးစုံ အချိန်ပြည့်ဖြတ်သန်းမောင်းနှင်နေတဲ့ နေရာပါ၊ အဲဒီနေရာမှာ ယာဉ်ထိန်းရုံလည်းရှိပါတယ်၊ ယာဉ်ထိန်းရုံ တာဝန်ကျသူတွေကလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမောင်းနှင်ကြဖို့ ထိန်းသိမ်းဆောင်ရွက်နေပါတယ်။ အဲဒီလို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းမှုတွေ ဆောင်ရွက်နေတဲ့ကြားက စည်းကမ်းလိုက်နာမှုမရှိဘဲ မောင်းနှင်နေတဲ့ယာဉ်တွေ ရှိနေသေးတယ်၊ စည်းကမ်းလိုက်နာမှု အားနည်းသေးတာကို တွေ့ရတယ်၊ လမ်းကို ကိုယ်ဦး ကိုယ်မောင်း လုပ်နေကြတာမို့ တစ်ခါတလေ ယာဉ်အန္တရာယ်ဖြစ်နိုင်တဲ့ အနေအထားမျိုးကို တွေ့နေရတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

မန္တလေးတိုင်းဒေသကြီး အတွင်း မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်၊ ညောင်ဦးခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ ရမည်းသင်းခရိုင်နှင့် မန္တလေးခရိုင်များတွင်ပါဝင်သည့် မြို့နယ်များ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးအတွက် ရှောင်တခင်စစ်ဆေးအရေးယူဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ပြီးခဲ့သည့် ဇူလိုင်လက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုမရှိသည့် မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်မောင်းနှင်သူများအား တိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေဖြင့် ဒဏ်ကြေးငွေများ တိုးမြှင့်သတ်မှတ်ခဲ့ခြင်းကြောင့် နေရာအများစုတွင် ယာဉ်စည်းကမ်းကို သတိပြုမောင်းနှင်လာကြကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

ပထမအကြိမ် နှစ်ပတ်လည်မိတ်ဆုံစားပွဲဖိတ်ကြားခြင်း

အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၁) ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) သင်တန်းသား/သင်တန်းသူ ညီအစ်ကိုမောင်နှမများ၏ နှစ်ပတ်လည်မိတ်ဆုံစားပွဲအခမ်းအနားကို အောက်ဖော်ပြပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါသဖြင့် တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်-

နေ့ရက် - ၂၉-၈-၂၀၁၄ ရက် (သောကြာနေ့)
အချိန် - ၁၉း၀၀ နာရီ
နေရာ - ဟံသာဝတီခန်းမ၊ SKY Palace ဟိုတယ်၊ နေပြည်တော်

ကျင်းပရေးဆပ်ကော်မတီ
ဖုန်း-၀၆၇-၄၀၉၁၉၀၊ ၀၉-၄၃၀၁၉၆၆၂၊
၀၆၇-၄၀၉၂၄၊ ၀၉-၅၄၀၃၇၈၀

ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ်၊ အမှတ်(၁)၊အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း (Bio-Special)ခန်းမှ မသက်သက်ဦး၏ ဖခင်အမည်မှန်မှာ ဦးအေးကျော် ၁၂/လမန(နိုင်)၀၅၆၃၃၃ ဖြစ်ပါကြောင်း။

အမည်နှင့်မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ သက္ကံချိုင်းကျေးရွာနေ ဦးတင်မောင်၏သား မောင်ဇော်ဇော် ၉/ပဥလ(နိုင်)၀၀၁၃၉၂ ၏ အမည်နှင့်မွေးသက္ကရာဇ်အမှန်မှာကျောင်းမှတ်ပုံတင်စာရင်းအရ မောင်မြင့်ဇော်ဦး (၉-၅-၈၃) ဖြစ်ပါကြောင်း။

ခြံရောင်းမည် (သီးကုန်း မိတ္ထီလာ)

မျက်နှာစာ ၂၈၅ပေ ၁ ဒသမ ၁၈ ဧက၊ မိတ္ထီလာ ကျောက်ပန်းတောင်းလမ်းမပေါ်၊ အမြန်လမ်းမအနီး၊ ဓာတ်ဆီဆိုင်၊ ဟိုတယ်၊ စားသောက်ဆိုင်လုပ်ငန်းများအတွက် နေရာကောင်း။

ဖုန်း-၀၉-၄၄၄၀၂၀၆၆၆

မင်္ဂလာဒုံစက်မှုဇုန်မြေ (၂) ဧက ဝယ်လိုပါသည်။

ဗဟန်း၊ ဝင်္ကပါလမ်း၊ မြေညီတိုက်ခန်း
ကျယ် (27 × 60) ပေ အရောင်း
မရမ်းကုန်းမြို့နယ် ယုဇနလမ်း
ငါးလွှာ (15 × 55) ပေ
တိုက်ခန်းအရောင်း

ဖုန်း-၀၉-၃၂၁၄၄၁၆၈၊
၀၉-၉၇၅၅၈၄၄၅၇

ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲဖိတ်ကြားလွှာ

ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအား ၃၁-၈-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈း၃၀ နာရီ၌ ရွှေတိဂုံအရှေ့ဘက်မုခ်ကြေးသွန်းဘုရားရှေ့ရှိ မင်္ဂလာဈေးမြ္မာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရန်ကုန်ရောက် ကန့်ဘလူမြို့နယ်သူ မြို့နယ်သားများတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

၂၀၁၄ တက္ကသိုလ်ဝင်ဂုဏ်ထူးရ အသင်းဝင်တို့၏သားသမီးများ အသက်(၇၅) နှစ်အထက် အဘိုးအဘွားများ၊ ဆက်သွယ်လှူဒါန်းလိုသူများသည် အောက်ဖော်ပြပါ အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဦးအောင်သိန်း (ဥက္ကဋ္ဌ)	**ဒေါ်သန်းသန်းဝင်း(ဘဏ္ဍာရေးမှူး)**
ဖုန်း-၀၁-၅၇၂၇၈၃	**ဖုန်း-၀၉-၄၉၅၈၆၆၀၇**
ဦးစိုးမြင့် (ရာသက်ပန်)	**ဒေါ်ခင်သန်းညွန့်(စာရင်းစစ်)**
အတွင်းရေးမှူး	**ဖုန်း-၀၉-၄၂၁၀၈၇၃၂၇**
ဖုန်း-၀၉-၈၆၂၄၃၅၂	

မှတ်ချက်။ ။ပွဲလာပရိသတ်များအား ဦးဇော်နိုင်အေး-ဒေါ်နီနီမောင်တို့၏သမီး မဖူးမြတ်ပွင့် (၂၀၁၄ ခုနှစ် နှစ်ဘာသာဂုဏ်ထူးရှင်)မိသားစုတို့မှ ရွှေမြန်မာဒံပေါက်ဖြင့် ဧည့်ခံကျွေးမွေးပါမည်။

ပျောက်ဆုံး

ကျွန်တော်ဦးမျိုးသိန်းထူး ၁၂/ပဇတ(နိုင်)၀၁၁၈၅၁ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉-၄၂၁၀၃၉၂၅၉ သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

ဖခင်အမည်မှန်

ဘားအံမြို့၊ အထက(၁) ပဉ္စမတန်း A မှ မကြည်နှယ်စင်နှင့် ဆဋ္ဌမတန်း A မှ မလင်းလင်းမြတ်အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်မျိုး ၃/ဘအန(နိုင်) ၁၄၆၅၂၂ ဖြစ်ပါကြောင်း။

ပျောက်ဆုံး

ကျွန်မ မတင်နီလာခိုင် ၈/မတန(နိုင်) ၀၅၂၈၁၉ ၏ နိုင်ငံကူးလက်မှတ် Ps.MA. 597975 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၀၉၁၇၅၁**

အမည်ဖြည့်စွက်ခေါ်ဆိုပါရန်

ဦးဝင်းကိုကိုဦး ၁၄/ဖပန(နိုင်)၀၀၅၄၀၇ ၏ သမီးဖြစ်သူ မမြတ်နိုးသူ ၁၂/တမန(နိုင်) ၁၂၁၂၂၆ အား မမြတ်နိုးသူ(ခ)မဆုလာဒ်မွန် ဟု ဖြည့်စွက်ခေါ်ဆိုပါရန်။

မမြတ်နိုးသူ (ခ) မဆုလာဒ်မွန်

ပျောက်ဆုံး

ကျွန်တော် မောင်သူရ ၁၄/မအပ(နိုင်) ၂၅၇၆၅၄ ၏ နိုင်ငံကူးလက်မှတ် Ps.MA. 597978 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၀၉၁၇၅၁**

အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ အမှတ် ၃/၁၇ နေ ဦးတာနေဆိုင်ရ် ၁/ဗမန(နိုင်)၀၄၃၇၅၁မှ အများသိစေရန် ကြေညာအပ်ပါသည်။

၎င်း၏ဇနီး ဒေါ်လချ်မီး ၉/မကန(နိုင်)၁၀၁၂၁၈သည် ၄-၈-၂၀၁၄ရက်က ကျွန်ုပ်အမှုသည် အိမ်တွင်ရှိစဉ် အမှုသည်၏မိခင်၊ သားသမီးနှစ်ဦးနှင့်ဧည့်သည်နှစ်ဦးတို့အား အသိပေးပြောဆိုခဲ့ခြင်းမရှိဘဲ ၎င်း၏သဘောဆန္ဒအတိုင်း နေအိမ်မှထွက်ခွာသွားခဲ့ပါသည်။ ထိုစဉ်က ၎င်းနှင့်ဒေါ်လချ်မီးတို့သည် တစ်ဦးနှင့်တစ်ဦးစကားများ ရန်ဖြစ်ခြင်းတစ်စုံတစ်ရာ ပြဿနာမရှိခဲ့ပါ။ ထို့နောက်ကျွန်ုပ်အမှုသည်မှ ဇနီးဖြစ်သူမည်သည့်နေရာဒေသသို့ သွားသည်ကို စုံစမ်းခဲ့ရာ ၆-၈-၂၀၁၄ ရက်က ပြင်ဦးလွင်မြို့ရှိ ၎င်း၏မိဘများထံ ဖုန်းဖြင့်စုံစမ်းရာ ဇနီး၏မိဘများက ၎င်း၏နေအိမ်တွင်ရောက်ရှိနေကြောင်း ပြန်ကြားခဲ့ပါသည်။ ၁၀-၈-၂၀၁၄ ရက်အထိ ဇနီးသည်နှင့်၎င်း၏မိဘများက မည်သည့်အတွက် တာချီလိတ်မြို့နေအိမ်မှ ထွက်ခွာလာကြောင်း တစ်စုံတစ်ရာပြောဆိုပြန်ကြားခဲ့ခြင်းမရှိပါ။ ထို့ကြောင့် ၎င်း၏ဆန္ဒနှင့် မိသားစုနေအိမ်မှ ထွက်ခွာသွားသော ဇနီး ဒေါ်လချ်မီးအား ကျွန်ုပ်၏အမှုသည်မှ သူ၏မျက်ကွယ်တွင်ဖြစ်ပျက်သမျှ အကောင်းအဆိုး ကိစ္စမှန်သမျှ သက်ဆိုင်ခြင်းမရှိ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးအုန်းမြင့် B.A HGP အထက်တန်းရှေ့နေ (စဉ်-၅၉၈၂)
အမှတ် ၁၃/၇၊ ပုန်းထွန်ရပ်၊ တာချီလိတ်မြို့

ကျပ်သိန်း ၄၅၀ ကျော်တန်ဖိုးရှိ ကျောင်းသုံးပစ္စည်းများ ရွှေသံလွင်ကုမ္ပဏီထောက်ပံ့

မြင်းမူ ဩဂုတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်ရှိ ကျေးရွာ ကိုးရွာမှ ကျောင်းသား ကျောင်းသူများအား ငွေကျပ်သိန်းပေါင်း ၄၅၀ ကျော် တန်ဖိုးရှိ ကျောင်းဝတ်စုံ၊ လွယ်အိတ်၊ စာအုပ်၊ ဘောပင်နှင့် စတီးချိုင့်များကို ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဒ္ဒိဗလ ဦးဆောင်၍ ရွှေသံလွင်ကုမ္ပဏီလီမိတက်က လက်ပန်စံပြကျေးရွာ၌ ဩဂုတ်လ ၁၁ ရက်တွင် ထောက်ပံ့လှူဒါန်းခဲ့သည်။

ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဒ္ဒိဗလကဩဝါဒကထာ မြွက်ကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် ရွှေသံလွင်ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက မြင်းမူမြို့နယ်ရှိ ကျေးရွာ ကိုးရွာမှ ကျောင်းသား ကျောင်းသူ ၁၃၈၀ နှင့် ဆရာ ဆရာမ ၈၁ ဦးအတွက် ငွေကျပ်သိန်းပေါင်း ၄၅၀ ကျော်တန်ဖိုးရှိ ကျောင်းဝတ်စုံ၊ လွယ်အိတ်၊ စာအုပ်၊ ခဲတံ၊ ဘောပင်၊ ကွန်ပါဘူးနှင့် စတီးချိုင့်များကိုလည်းကောင်း၊ လက်ပန်ကျေးရွာ ကိုးဆယ်ဆ အနန္တမေတ္တာ ပရဟိတ လူမှုကူညီရေးအသင်းအတွက် လူနာတင်ခုတင်၊ ချွဲစုပ်စက်၊ ခာတ်ပုံကင်မရာ၊ ဗီဒီယိုကင်မရာနှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ပရဟိတလူမှုကူညီရေးအသင်းသား၊ အသင်းသူများအတွက် အဝတ်အထည်၊ ထီး၊ ဖိနပ်၊ ဦးထုပ်၊ ဆန်နှင့် ထောက်ပံ့ငွေများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ စစ်ကိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညို၊ မြင်းမူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အောင်စိုးဖေ(iprd)

ကလောမြို့နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ကလော ဩဂုတ် ၁၅

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ကျောက်ချောလမ်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော နန်းသဲ(ကလော)-တောင်လား-တောင်ကွဲ-နန်းတိုင်း ကျေးရွာအုပ်စုချင်းဆက်လမ်း ၁၅ မိုင် ၅ ဖာလုံ ကျောက်ချောခင်းလမ်း ဆောင်ရွက်မှုအခြေအနေများအား တာဝန်ရှိသူများက ဩဂုတ် ၇ ရက်က ကွင်းဆင်းကြည့်ရှုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဦးညွန့်ဝင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းထွန်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအဖွဲ့ဝင် ဦးကျော်လွင်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့က ကွင်းဆင်း စစ်ဆေးကြည့်ရှုပြီး လမ်းအရည်အသွေးကောင်းမွန်ရေး၊ အချိန်မီ ပြီးစီးရေး၊ ဒေသခံများက ပူးပေါင်းဆောင်ရွက်ရေးနှင့် လမ်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းကို ကျောက်ချောခင်းလမ်းအဖြစ် ဆောင်ရွက်ပြီးပါက ရာသီမရွေး ကျေးရွာအချင်းချင်း လွယ်ကူစွာ သွားလာနိုင်မည်ဖြစ်ကာ ကလောမြို့သို့ အနီးဆုံးလမ်းဖြင့် အချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုများလည်း လွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။

သန္တာ(ကလော)

သောက်သုံးရေရရှိရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ရေကန်တူးဖော်ပေး

ကျွန်းလှ ဩဂုတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် တောင်ယာဆိပ်ကျေးရွာအုပ်စုတွင် သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ရေကန်တူးဖော်လျက်ရှိကြောင်း သိရသည်။

ရေကန်တူးဖော်မှုကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ မြေတူးစက်တစ်စီး၊ မြေဖြန့်စက် တစ်စီး၊ မြေသယ်ယာဉ်သုံးစီးတို့ဖြင့် ရေကန်တူးခြင်း၊ ပေါင်မြှင့်ခြင်းတို့ကို တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုပ်ငန်းများအမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း ဆည်မြောင်းဦးစီးအရာရှိ (မြို့ပြ) လက်ထောက်အင်ဂျင်နီယာ ဦးဝင်းခန့်က ပြောသည်။

တောင်ယာဆိပ်ကျေးရွာအုပ်စုတွင် ရပ်ကွက်လေးခုရှိပြီး အိမ်ခြေ ၁၈၀၊ လူဦးရေ ၁၃၀၀ ခန့်နေထိုင်ကာ ရေကန်မှရေကို ရွာသူ ရွာသားများ နေ့စဉ်လှည်း၊ ဆိုင်ကယ်၊ စက်ဘီးများဖြင့် သယ်ယူရကြောင်း၊ အိမ်တိုင်းရေပေးနိုင်ရေးအတွက် ရေစင်တည်ဆောက်နေမှုများပြီးစီးနေပြီဖြစ်ပြီး ကျေးရွာအတွင်း ရေပိုက်လိုင်းများလည်း သွယ်တန်းပြီးဖြစ်ကြောင်း၊ ရပ်ကွက်တစ်ရပ်ကွက်လျှင် အုတ်ရေကန်တစ်ကန်စီ ပြုလုပ်ထား၍ ရေကန်တူးပြီးပါက ကျေးရွာအတွင်း ရေပေးနိုင်တော့မည်ဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းမောင်က ပြောကြားသည်။

မျိုးဝင်းညို(ကျွန်းလှ)

ကျောင်းမုန့်ဈေးတန်း ကျန်းမာရေးစစ်ဆေး

သပိတ်ကျင်း ဩဂုတ် ၁၅

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့ အခြေခံပညာအထက်တန်းကျောင်း မုန့်ဈေးတန်းများတွင် ရောင်းချနေသော အစားအသောက်များ ကျန်းမာရေးနှင့် ညီညွတ်ရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဩဂုတ် ၁၃ ရက်က စစ်ဆေးခဲ့ကြောင်း သိရသည်။

မုန့်ဈေးတန်းမှ အစားအစာများ ကျန်းမာရေးနှင့် ညီညွတ်ရေး၊ စားသုံးနေသည့် ကျောင်းသား ကျောင်းသူများအတွက် အန္တရာယ်ကင်းရှင်းစေရေးနှင့် အန္တရာယ်ရှိ ဆိုးဆေးပါသော တားမြစ်ထားသည့် အမှတ်တံဆိပ် အစားအစာများ၊ သက်တမ်းလွန် အစားအစာများ ရောင်းချခြင်း မပြုရေးတို့အတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကျောင်းအုပ်ဆရာကြီး ဦးလှဆွေတို့က ကျောင်းအတွင်း ရောင်းချနေသည့် မုန့်ဈေးတန်းများသို့ သွားရောက်စစ်ဆေးပြီး ဈေးသည်များနှင့်တွေ့ဆုံကာ ကျောင်းမုန့်ဈေးတန်းများ၌ ဆိုးဆေးပါသော စားသောက်ကုန်များနှင့် အန္တရာယ်ရှိဓာတုပစ္စည်းများ ပါဝင်သော အစားအသောက်များ မရောင်းချရန် အသိပေးဆွေးနွေးခဲ့သည်။

စိုးနိုင်ဝင်း(သပိတ်ကျင်း)

မြေရောင်းမည်

တောင်ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၉၀/၇၇၂၊ ကွမ်းအပ်မင်းသားလမ်းမပေါ် ဂရန်အမည်ပေါက် ပေ(၄၀×၆၀) သိန်း၁၈၀၀၊

ဖုန်း-၀၉-၇၃၀၂၂၅၂၁

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မအေးအေးအောင်၏ ဖခင်အမည်မှန်မှာ ဦးတင်မိုး ဖြစ်ပါသည်။

ဦးတင်မိုး

ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၆စ/၅၈၇၁ Honda Fit GE6 watch Back 4x2 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စွာမြင့် ၉/မနတ(နိုင်)၀၇၉၇၀၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်

ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၁၃၄၂၆ Honda wave NF 110 n M/C ယာဉ်လက်ဝယ်ရှိသူ ဦးကုသလ ၆/သရခ(သ)၀၀၀၁၇၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)

ရေခဲမုန့်၊ Snack၊ ဖျော်ရည်၊ သစ်သီးယို၊ မုန့်ဖုတ်သင်တန်း
ဂျယ်လီ၊ ငါးမုန့်၊ ဆော့စ်၊ ဆပ်ပြာသင်တန်းနှင့် အအေးကုန်ကြမ်းဆိုင်
EAC
76, ... 0973071901
... 02-31505 09 421746522, 01-215072

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

မြောက်ဦးခရိုင်တရားရုံး

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂

ဒေါ်မညွန့်စိန်(ခ)မေတိုး **နှင့်** ၁။ ဦးအောင်သိန်းအေး
၂။ ဒေါ်ခင်သန်းအေး

တရားလို **တရားပြိုင်များ**

ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မင်းပြားမြို့၊ အောက်ရွာပိုင်းရပ်ကွက်၊ မေခရေယာဉ်ဆိပ်အနီး (ယခုနေရပ်လိပ်စာမသိ)နေ ဦးအောင်သိန်းအေး(ဘ)ဦးအောင်လှစိန်နှင့် ဒေါ်ခင်သန်းအေး(ဘ) ဦးမောင်သန်းဦးတို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ငွေကျပ် ၅၆၅၅၉၀၀၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဩဂုတ် ၂၉ရက် (၁၃၇၆ခုနှစ် တော်သလင်းလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ၏ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဩဂုတ် ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဟုတ်ရီ

ခရိုင်တရားသူကြီး၊ မြောက်ဦးခရိုင် တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏဂရန်ပေးရေးစီမံချက်အတွင်းရှိ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/စီ²)၊ မြေကွက်အမှတ်(၄/၂၈)၊ မြေကွက်တည်နေရာအမှတ်(၄/၂၈)၊ ကာယ(၈)လမ်း၊ သဃန်းကျွန်းကြီးကျေးရွာအုပ်စု၊ ကာယရပ်ကွက်၊ မြေဂရန်ချထားပေးရေးအထောက်အကူပြုအဖွဲ့မှလွှဲပြောင်းပေးသော မြေကွက်များစာရင်းရှိငယ်စာရင်းအမည်ပေါက် ဦးအောင်(၁၂/ဒဂန(နိုင်)၀၁၉၉၀၆)ကိုယ်တိုင်မှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ထောက်ခံချက်တို့ကိုတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/စီ(ပေါက်တော)၊ မြေကွက်အမှတ်-ယခင် ၉၈၊ ယခု-၆၄၊ မြေကွက် တည်နေရာ-အမှတ်-(၅၀) လှိုင်မြစ်လမ်း၊ အင်းစိန်၊ ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီအမည်ပေါက်အငှားရမြေအား (၃၁-၁၀-၁၁) ပြည်ထဲရေးအမိန့်ပါ ၊ ဒေါ်ခင်ပို (၁၂/အစန(နိုင်)၀၁၂၆၅၄)၊ ဒေါ်ကြည်ကြည်ဝင်း (၁၂/အစန(နိုင်)၀၁၀၄၇၄)၊ ဒေါ်အေးရီ(၁၂/အစန(နိုင်)၀၁၀၂၅၀)၊ ဒေါ်တင်တင်ငွေ(၁၂/အစန (နိုင်)၀၁၀၆၄၀)၊ ဒေါ်နန်းနွယ်(၁၂/အစန(နိုင်)၀၃၅၄၂၆ ဦးတင်ထွန်း ၏ဇနီး ဒေါ်တင်နွဲ့(၁၂/အစန (နိုင်) ၀၃၇၉၅၁) နှင့် ဦးမျိုးမြင့်ကွယ်လွန် သဖြင့် ဇနီး ဒေါ်မြင့်မြင့်ဆွေ(၁၂/အစန(နိုင်)၀၁၀၈၄၉) တို့က ပြည်ထဲရေးအမိန့်၊ဦးမျိုးမြင့်၏သေစာရင်း၊ ကျမ်းကျိန်လွှာတို့တင်ပြ၍၎င်းတို့ထံမှကိုယ်စားလှယ်လွှဲစာ-၁၅၇၃၄ (၁၀-၆-၁၄)၊ ၁၅၇၃၃ (၁၀-၆-၁၄)၊ ၁၅၇၃၂(၁၀-၆-၁၄) တို့ဖြင့်GPရသူဦးဖြိုးဇေလွင် (၁၂/အစန(နိုင်)၀၆၃၈၁၂)က အထူးဝန်ဆောင်ခဖြင့် ဂရန်သစ် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇) ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပုသိမ်မြို့ ပဋ္ဌမာရုံကျောင်းတိုက်
"အရှင်ခေမိန္ဒ" ၏
ဘဝအလင်းရောင်
(တတိယအကြိမ်)
စာအုပ်ထွက်ပြီ
ဖြန့်ချိရေး ▸▸ ဒေါ်တင်တင်အေး ပိဋကတ်စာပေဖြန့်ချိရေး
တောင်ဘက်မုခ်၊ ရွှေတိဂုံဘုရား၊ ဒဂုံစာတိုက်၊ ရန်ကုန်မြို့။

တစ်ခါမြည်းကြည့် တစ်သက်လုံးလွမ်း ထွက်ပြီ
ကျောက်ကျောလုပ်နည်းများ
စားလို့လည်းကောင်း၊ ကြည့်လို့လည်းလှ၊ အရသာလည်းရှိ
လုပ်ရလည်းလွယ်ကူ၊ တဟီရလည်းမများ။
အချိန်လည်းမကုန်ဘဲနဲ့ လွယ်လွယ်ကူကူနဲ့
ကျောက်ကျောဆန်းဆန်းလေးများလုပ်နည်း
၁၁၁ နည်းပါသော စာအုပ်
ဖြန့်ချိရေး - စာပေလောက ၅
၁၃၈/၁၄၀(ပထမထပ်)၊ ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၇၃၁၄၀၉၃၆၊ ၀၉၇၃၁၂၅၀၆၇

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

စက်ဘီးနှင့် ကားချိတ်မိ၍ ကျောင်းသူတစ်ဦး ပွဲချင်းပြီးသေဆုံး

အင်းတော် ဩဂုတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် တံခွန်တိုင်ကျေးရွာအနီးတွင် မျက်နှာချင်းဆိုင်မောင်းလာသောကားနှင့် ၁၁ နှစ်အရွယ် ကျောင်းသူ တစ်ဦးစီးလာသောစက်ဘီးတို့ ချိတ်မိသဖြင့် စက်ဘီးစီးလာသော ကျောင်းသူ ပွဲချင်းပြီးသေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၁ ရက်က အင်းတော်မြို့နယ် ဝါးဖြူတောင်ကျေးရွာတွင် နေထိုင်သူ ယာဉ်မောင်းဇော်မိုးဆွေ (၄၅ နှစ်)မောင်းနှင်သည့် ကင်တာခြောက်ဘီးယာဉ်သည် တံခွန်တိုင်ကျေးရွာဘက်မှ မန်လည်ရွာဘက်သို့ မောင်းနှင်လာစဉ် တံခွန်တိုင်ကျေးရွာအနီးသို့အရောက် မချမ်းမြေ့ထွန်း(၁၁ နှစ်)စီးလာသည့် စက်ဘီးနှင့် ကား၏နောက်ဘီးတို့ ချိတ်မိရာမှ မချမ်းမြေ့ထွန်းမှာ စက်ဘီးနှင့်အတူကားအောက်သို့ ရောက်ရှိသွားပြီး ဦးခေါင်းကြေဒဏ်ရာဖြင့် ပွဲချင်းပြီး သေဆုံးသွားကြောင်း သိရသည်။

အမှုကို အင်းတော်မြို့ရဲစခန်းမှ ရဲအုပ်သန်းထွန်းလှိုင်က တရားလိုပြုလုပ်တိုင်ကြားခဲ့ပြီး ယာဉ်မဆင်မခြင်မောင်းနှင်သူ ဇော်မိုးဆွေအား အင်းတော်မြို့ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၁၄၉)

ယာဉ်စည်းကမ်းလိုက်နာရေး အရှိန်မြှင့်ဆောင်ရွက်

သပိတ်ကျင်း ဩဂုတ် ၁၅

မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ထုတ်ပြန်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေပုဒ်မများအား ပြည်သူများ သိရှိလိုက်နာစေရန်နှင့် ယာဉ်အန္တရာယ် ကင်းရှင်းစေရန် ရည်ရွယ်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးလုပ်ငန်းများကို သပိတ်ကျင်းမြို့တွင် မြို့နယ်ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေပုဒ်မများအား ပြည်သူများ သိရှိလိုက်နာစေရေးအတွက် မြို့ပေါ်နှင့် မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကားဖြင့် လှည့်လည်၍ အသံချဲ့စက်များဖြင့် အသိပေးကြေညာခြင်းနှင့် လမ်းပေါ်တွင် သွားလာနေသည့် ယာဉ်များအား ရပ်တန့်စေပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ပြုလုပ်လျက်ရှိသည်။ ဆိုင်ကယ်များ စည်းကမ်းလိုက်နာစေရေးအတွက်လည်း ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ယခုကဲ့သို့ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပြီးပါက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသူများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဥပဒေအရ ငွေဒဏ်အနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ချမှတ်အရေးယူသွားမည် ဖြစ်ကြောင်း သိရသည်။

စိုးနိုင်ဝင်း(သပိတ်ကျင်း)

ပင်လုံတက္ကသိုလ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေး ပညာပေးဟောပြော

လွိုင်လင် ဩဂုတ် ၁၅

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံတက္ကသိုလ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၃ ရက်က ပင်လုံတက္ကသိုလ် ဘက်စုံခန်းမတွင် ကျင်းပသည်။

ဟောပြောပွဲတွင် ပင်လုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဒေါ်တင်မာကြည်က အမှာစကား ပြောကြားသည်။ ထို့နောက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လွိုင်လင်ခရိုင်ဦးစီးမှူး ဦးချစ်ဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအကြောင်း၊ ခရိုင်ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်အောင်ဇော်မြင့်က ယာဉ်မတော်တဆမှုကြောင့် အသက်ဆုံးရှုံးရမှုများ၊ ယာဉ်ထိန်းနည်းစနစ်များနှင့် သရုပ်ပြမှုများအကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လွိုင်လင်ခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ထွေးက မူးယစ်ဆေးဝါးနှင့် ဆက်စပ်ဆေးဝါးများအကြောင်းကို လည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးခင်မောင်ရွှေက မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုပြစ်ဒဏ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်များကို လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လွိုင်လင်ခရိုင်ရုံးမှ ခရိုင်ဦးစီးအရာရှိ ဒေါ်နန်းဆိုင်စိန်က လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ကိုလည်းကောင်း ရှင်းလင်းဟောပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများသည် တက္ကသိုလ်စာကြည့်တိုက်တွင် လွိုင်လင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လွိုင်လင်ခရိုင်ရုံးမှ ခင်းကျင်းပြသထားသော ပညာပေး မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး ဓာတ်ပုံ၊ နံရံကပ်စာစောင်၊ ပန်းချီ၊ ပိုစတာများကို ကြည့်ရှုခဲ့ကြသည်။

လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲသို့ လွိုင်လင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော်နှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်နှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပင်လုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ဒေါ်တင်မာကြည်နှင့် ကထိကဌာနမှူးများ၊ ပင်လုံမြို့ရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ၊ ပင်လုံတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

မိုးလွင်ဦး(လွိုင်လင်)

ဟားခါးမြို့တွင်းလမ်းများ အဆင့်မြှင့်မည်

ဟားခါး ဩဂုတ် ၁၅

ချင်းပြည်နယ်၏မြို့တော် ဟားခါးမြို့တွင် မြို့တွင်းလမ်းများကို လမ်းအကျယ်ချဲ့ခြင်း၊ လမ်းဘေးရေမြောင်းများ တူးဖော်ခြင်းအပါအဝင် လမ်းအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး လမ်းအကျယ်အဝန်းများကို ဩဂုတ် ၁၂ ရက်က ဗိုလ်ချုပ်လမ်းတစ်လျှောက် စတင်တိုင်းတာလျက်ရှိသည်။

ဟားခါးမြို့တွင်းလမ်းများ အဆင့်မြှင့်တင်ရေးကို ချင်းပြည်နယ်အစိုးရရုံး၏ ခွင့်ပြုချက်ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ထည့်သွင်းဆောင်ရွက်နိုင်ရေးအတွက် လက်ရှိလမ်းအကျယ်အဝန်းကို တိုးချဲ့နိုင်ရေး၊ အဆင့်မြှင့်တင်နိုင်ရေးအတွက် လိုအပ်သော ကပ်တုံး၊ လမ်းတာချဲ့ခြင်း၊ ကျောက်စီရေမြောင်း၊ ကျောက်စီသံကူကွန်ကရစ်ရေပြွန်နှင့် ကျောက်စီမြေထိန်းနံရံများ တည်ဆောက်ရန် ကုန်ကျစရိတ်တွက်ချက်တင်ပြနိုင်ရေးအတွက် ယခုလိုကြိုတင်တိုင်းတာတွက်ချက်ရခြင်းဖြစ်ကြောင်း တိုင်းတာရေးအဖွဲ့တွင် ပါဝင်သည့် ကော်မတီဝင်တစ်ဦး၏ ပြောပြချက်အရ သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ကန့်ကွက်နိုင်ကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/ရွှေပေါက်ကံ)၊ မြေကွက်အမှတ် ၁၄၊ မြေကွက်တည်နေရာအမှတ်(၁၄)၊ ဗိုလ်တေဇလမ်း (ဦးဝင်းကြည် F/RGN-001418)အမည်ပေါက် နှစ် ၆၀ ဂရန်ပိုင်မြေအား အမည်ပေါက် ခင်ပွန်းဦးဝင်းကြည် ကွယ်လွန်သဖြင့် ဒေါ်နီနီ ၁၂/မရက(နိုင်)၀၃၆၅၁၁ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာသေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၄(စက်မှုဇုန်)၊ မြေကွက်အမှတ် ၄၅၆+၄၅၇၊ မြေကွက်တည်နေရာအမှတ်(၄၅၆+၄၅၇)၊ သံလွင်လမ်း၊ (၆၄-စက်မှုဇုန်)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးညွှန့်လွင် BR-၀၁၃၀၃၆ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးညွှန့်လွင်ထံမှ SP အမှတ် ၂၆၂၉၄(၁၉-၁၂-၁၃)ရသူ ဒေါ်ခင်ထွေးမော် ၁၂/အလန(နိုင်)၀၃၁၃၃၂က ဦးညွှန့်လွင် အမည်ပေါက် နှစ်၆၀ ဂရန်ပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်မှုမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလထုတ်ပေးထားသည့် ဦးညွှန့်လွင်အမည်ပေါက် နှစ် ၆၀မြေငှားစာချုပ်ဂရန်မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
မန္တလေးခရိုင်တရားရုံးတော်၌
၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၈၄ နှင့်ဆက်သွယ်သည်။
၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ်-၉၅

ဦးသန့်ဇင်ထွေး　　**နှင့်**　　ဦးတင်မောင်ဦး
ဒီကရီအနိုင်ရသူ　　**တရားရှုံး**

ဦးတင်မောင်ဦး(ဥက္ကဋ္ဌ) အင်ပိုရီယမ်သမဝါယမအသင်းစုလီမိတက် ၈၆လမ်း၊ ၂၂×၂၃ လမ်းကြား၊ အောင်မြေသာစံမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၂၈၄တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးသန့်ဇင်ထွေးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဩဂုတ် ၂၉ ရက် (၁၃၇၆ခုနှစ် တော်သလင်းလဆန်း ၅ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၄ခုနှစ် ဩဂုတ် ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထားထား)
တွဲဖက်ခရိုင်တရားသူကြီး(၃)
မန္တလေးခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

[တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(က)]
မန္တလေးခရိုင်တရားရုံးတော်၌
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၁၉

ဦးထွန်းအောင်	**နှင့်**	၁။ ဒေါ်တင်စိန်	၉။ မစန္ဒာ
		၂။ ဦးသိန်းနိုင်	၁၀။ မညိုညို
		၃။ ဒေါ်မြင့်မြင့်သန်း	၁၁။ မကေသီဦး
		၄။ ဒေါ်သိန်းသိန်းငွေ	၁၂။ ကိုစိုးမိုးကျော်
		၅။ ဒေါ်နွယ်ဦး	၁၃။ ကိုဖြိုး
		၆။ မအေးစု	၁၄။ မမိုးမိုး
		၇။ ကိုအောင်သူ	၁၅။ မနီနီ
		၈။ ကိုစိုးသူ	၁၆။ မမီမီကျော်
တရားလို		**တရားပြိုင်များ**	

(၁) မနီနီ၊ (၂) မမီမီကျော်(အတူနေ) အကွက် ၄၄၅၊ ဦးပိုင်(၁၀-ဃ)၊ အရှေ့ဘက်ခြမ်း၊ သနပ်ပင်ရပ်၊ သံလျှက်မော်တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့(ယခုနေရပ် လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးထွန်းအောင်က အမွေပုံစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဩဂုတ် ၂၅ရက် (၁၃၇၆ခုနှစ် တော်သလင်းလဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်မြင့်မြင့်
တွဲဖက်ခရိုင်တရားသူကြီး(၄)
မန္တလေးခရိုင်တရားရုံး

မြင်းခြံမြို့ ဇရာဝတီသွေးလှူရှင်အသင်းမှ အထူးကျေးဇူးတင်ရှိခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ်(၁၅၀)တွင် တည်ရှိသည့် မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)မှ မြင်းခြံမြို့ရှိ ဇရာဝတီသွေးလှူရှင်အသင်းတွင် အသုံးပြုရန်အတွက် လူနာတင်ယာဉ် တစ်စီးလှူဒါန်းသည့်အတွက် အထူးကျေးဇူးတင်ရှိပါသည်။ ဤကဲ့သို့ လှူဒါန်းလိုသူများသည် အောက်ပါဖုန်းများသို့ ဆက်သွယ်နိုင်ပါသည်။

ဇရာဝတီသွေးလှူရှင်အသင်း
မြင်းခြံမြို့
ဖုန်း-၀၉-၃၃၀၀၅၅၂၆
၀၉-၄၀၀၄၇၅၃၁၉

တောင်ငူမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန်တိုင်းဒေသကြီးအတွင်း တောင်ငူ၊ အုတ်တွင်း၊ ထန်းတပင်မြို့နယ်များမှ သီတင်းသုံးလျက်ရှိသော သံဃာတော်များအား (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲ၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရကျောင်းသား/သူများ ဆုပေးပွဲနှင့် အသင်းနှစ်ပတ်လည် အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ/သားများနှင့် အသင်းမဝင်ရသေးသူများ မပျက်မကွက်ကြွရောက်လှူဒါန်းပူဇော်နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၁-၉-၂၀၁၄ ရက်(တနင်္ဂနွေနေ့)၊ ၁၃၇၆ခု၊ တော်သလင်းလပြည့်ကျော်(၁၃)ရက်
ကျင်းပမည့်အချိန် - နံနက် ၀၉:၀၀ နာရီမှ ၁၁:၀၀ နာရီထိ
ကျင်းပမည့်နေရာ - မင်္ဂလာဈေးမွှာရုံ၊ ကြားတောရလမ်း၊ ကြေးသွန်းဘုရားကြီးရှေ့၊ဗဟန်းမြို့နယ်

ဝါဆိုသင်္ကန်းလှူဒါန်းလိုသူများနှင့် ဂုဏ်ထူးရကျောင်းသား/သူများသည် အထောက်အထားအပြည့်အစုံဖြင့် အောက်ပါပုဂ္ဂိုလ်များထံ ၃၁-၈-၂၀၁၄ ရက် နောက်ဆုံးထား၍ သတင်းပေးပို့ပါရန်။

ဦးစိုးသိန်း (ဥက္ကဋ္ဌ)	ဖုန်း-၀၉-၄၃၁၇၉၂၉၁၊
ဒေါ်မြင့်မြင့်စန်း (ဘဏ္ဍာရေးမှူး)	ဖုန်း-၀၉-၇၃၁၀၉၁၃၄၊
ဦးရဲအောင် (ဒု-ဥက္ကဋ္ဌ)	ဖုန်း-၀၉-၅၁၀၅၄၀၅၊
ဒေါ်မြင့်မြင့်ရီ (ဘုရင့်နောင် သင်္ကန်းတိုက်)	ဖုန်း-၀၉-၄၂၁၀၃၃၆၀၁၊
ဦးတင်လှ (အတွင်းရေးမှူး)	ဖုန်း-၀၉-၇၃၂၂၄၆၉၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ

[တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(၁)]
ထားဝယ်ခရိုင်နယ်တရားမရုံးတော်၌
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၉

ဒေါ်မြတ်မြတ်စိုး **နှင့်** ၁။ ဒေါ်အေးပို
၂။ ဦးမြင့်ကြည်
၃။ မဇာဇာခိုင်

တရားလို **တရားပြိုင်များ**

ထားဝယ်မြို့၊ ပြည်သာယာလမ်း၊ ကြက်စားပြင်၊ အမှတ် ၉၈၃နေ ဒေါ်အေးပို၊ ဦးမြင့်ကြည်၊ မဇာဇာခိုင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မြတ်မြတ်စိုးက ကုန်ပစ္စည်းဝယ်ရန် အလီလီပေးခဲ့သည့် ငွေပေါင်း ၁၀၅၇၈၀၀၀၀/-ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှု နှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ ဖြစ်စေ ၂၀၁၄ခုနှစ် ဩဂုတ် ၂၈ရက် (၁၃၇၆ခုနှစ် တော်သလင်းလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။၄င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ်၊ ဩဂုတ် ၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(တင်တင်အေး) ခရိုင်တရားသူကြီး
ထားဝယ်ခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေကွက်အမှတ် (၁၁၂၇/က)၊ ကုန်းဘောင်၁၃လမ်း၊ (၆)ရပ်ကွက်၊ နှစ် ၆၀ ဂရန်မြေကွက်နှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို မူလမြေအမည်ပေါက် ဦးစံလှ ၁၂/ဥကတ(နိုင်) ၀၀၄၄၄၁ ထံမှ အိမ်နှင့်မြေကွက် အရောင်းအဝယ်နှစ်ဦးသဘောတူ ကတိစာချုပ်ဖြင့်ဝယ်ယူ၍ လက်ရောက်ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်း၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ (၁)ဒေါ်သီသီ၁၂/စခန(နိုင်)၀၃၀၀၆၀၊(၂)ဒေါ်အေးအေးသိန်း ၁၂/စခန(နိုင်) ၀၃၃၀၀၅တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မိုးမိုးအောင် ၁၂/ဒဂန(နိုင်) ၀၀၃၈၇၄
ဖုန်း-၀၉-၇၃၀၄၆၁၉၀၊ ၀၉-၃၀၀၅၀၉၅၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ U-9၊ မြေကွက်အမှတ် ၁၅၂၊ အကျယ်အဝန်းပေ (၈၀×၆၀)၊ ဦးတင်အေး 2MDN-၁၆၀၅၃၉အမည်ပေါက် ပါမစ်မြေကွက်အား အရောင်းအဝယ်ကတိစာချုပ် အဆက်ဆက်ဖြင့် လက်ရှိထားရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်လဲ့လဲ့ဝင်း ၁၃/မကန(နိုင်)၀၁၆၅၂၇ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်က ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအား (စရန်ငွေ) အဖြစ်ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် ဤ ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးခင်မောင်လွင်
၁၂/ဥကတ(နိုင်)၁၃၅၄၁၅
အမှတ် ၄၆၅၊ ၂၂ လမ်း၊ (၇)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၄၅၀၀၄၅၆၇၄

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သာကေတမြို့နယ်တရားရုံးတော်၌
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၈၉

ဦးတိုးနိုင် **နှင့်** ၁။ ဦးဝင်းထိန်
၂။ ဦးကိုအောင်

တရားလို **တရားပြိုင်များ**

အမှတ် ၁၂၆၃၊ သဒ္ဒါရုံ (၂)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးဝင်းထိန်နှင့်အမှတ် ၁၂၈၉/ခ၊သဒ္ဒါရုံ(၁)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးကိုအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ် တရားလို ဦးတိုးနိုင်က ပဋိညာဉ်အတိုင်း စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုအား လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်းသည့်အမှုကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဩဂုတ် ၂၅ရက် (၁၃၇၆ခုနှစ် တော်သလင်းလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားပြိုင်မှစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလို ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းများကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဩဂုတ် ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်ကျော်ဝင်း)
မြို့နယ်တရားသူကြီး
သာကေတမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
သာကေတမြို့နယ်တရားရုံးတော်၌
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၉၀

၁။ ဦးဆန်းလွင် **နှင့်** ၁။ ဒေါ်သန်းတင်
၂။ ဦးဝင်းစိုး ၂။ ဒေါ်လှစိန်
၃။ ဦးပွင့်စိန်

တရားလိုများ **တရားပြိုင်များ**

အမှတ် ၄၉၆၊ (က+ခ+ဂ)၊ မာန်ပြေ (၁၂)လမ်း၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်သန်းတင်၊ဒေါ်လှစိန်နှင့် ဦးပွင့်စိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ် တရားလို ဦးဆန်းလွင် (၂) က ပဋိညာဉ်အတိုင်း စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုအား လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၄င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့် အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်းသည့်အမှုကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဩဂုတ် ၂၅ရက် (၁၃၇၆ခုနှစ် တော်သလင်းလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက် အမည်ပါရေးသားပါရှိသူ တရားပြိုင်မှစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးစေလိမ့်မည်။၄င်းအပြင် တရားလိုကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းများကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၄ခုနှစ် ဩဂုတ် ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်ကျော်ဝင်း)
မြို့နယ်တရားသူကြီး
သာကေတမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သာကေတမြို့နယ် တရားရုံးတော်၌
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၉၁

ဒေါ်ကေဇင်မြင့်ဦး **နှင့်** ၁။ ဒေါ်ခင်စန်းနွယ်
၂။ ဦးအောင်ကြည်

တရားလို **တရားပြိုင်များ**

အမှတ် ၂၅၄၊ မြို့မ ၁၂လမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်နေ ဒေါ်ခင်စန်းနွယ်နှင့်အမှတ် ၃၆/က၊ အောင်မင်္ဂလာလမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်နေ ဦးအောင်ကြည် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ် တရားလို ဒေါ်ကေဇင်မြင့်ဦးက ပဋိညာဉ်အတိုင်း စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုအား လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၄င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်းသည့်အမှုကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဩဂုတ် ၂၅ရက် (၁၃၇၆ ခုနှစ် တော်သလင်းလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါရေးသားပါရှိသူ တရားပြိုင်မှ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင် သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးစေလိမ့်မည်။ ၄င်းအပြင် တရားလို ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းများကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဩဂုတ် ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကျော်ကျော်ဝင်း)
မြို့နယ်တရားသူကြီး
သာကေတမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၅၀၂/က၊ မြေကွက်တည်နေရာအမှတ် ၅၀၂/က၊ ၁၇လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးချစ်တင်အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးချစ်တင်နှင့်ဇနီး ဒေါ်တင်အေး ကွယ်လွန်သဖြင့် ဒေါ်စိန်စိန်မြင့် ၁၂/ဥကတ(နိုင်)၀၁၆၉၆၅၊ ဒေါ်အေးအေးမြင့် ၁၂/ဥကတ(နိုင်) ၀၈၆၆၃၃တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၇၀၁(၂-၇-၁၃)၊ ၁၀၇၀၀(၂-၇-၁၃)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဦးစောဝင်းအောင် ၁၂/ဥကတ(နိုင်)၀၅၆၈၂၆မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၂၆၅၅ (၃-၄-၁၄)ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်တင်ထွေး
အသက်(၈၆)နှစ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း-ဒေါ်ဆွေဆွေချစ်တို့၏မိခင် ဒေါ်တင်ထွေးသည် ၅-၈-၂၀၁၄ ရက် ညနေ ၅း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးထွန်းကြိုင်-(ဒေါ်ကြင်မြင့်)မိသားစု
မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)မြောက်ဒဂုံ၊ ရန်ကုန်

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးစောလင်း
1971, B.E (Civil) RIT
အသက်(၆၉)နှစ်

ဦးစောလင်း (အထွေထွေမန်နေဂျာ-ငြိမ်း) ကြေးနီစီမံကိန်း၊ မုံရွာသည် ၂၁-၇-၂၀၁၄ ရက် ညနေ ၆း၀၇ နာရီတွင် ကွယ်လွန်ကြောင်း သိရပါ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

နှစ်ပေါင်းစုံမြို့ပြအင်ဂျင်နီယာများ၏
မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဦးလေးမောင်ဝင်းခိုင်-ညီမ မခင်ချိုဝင်းတို့၏ ဖခင်ကြီး ဦးထွန်းဝင်း ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုယုနိုင်၊ ကိုကျော်စိုး၊ ကိုကျော်အောင်၊ ကိုသိန်းစိုး၊
ကိုကျော်ဝင်းဦး

အထူးကျေးဇူးတင်ရှိခြင်း

မမြတ်ချောစုနိုင် (Susan Lee)
အသက် (၄၂)နှစ်

၆-၈-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်ခဲ့သော သမီးမမြတ်ချောစုနိုင်အား ကျန်းမာရေးမကောင်းစဉ်မှစ၍ အစစအရာရာ ဂရုစိုက်ကုသစောင့်ရှောက်ပေးခဲ့သော ပါမောက္ခသမားတော်ကြီး ဆရာဦးညွန့်သိန်း၊ အရေးပေါ်ကုသမှုဆေးပညာမိသားစု၊ တိုင်းရင်းဆေးဆရာကြီး ဦးဝင်းမောင်၊ သင်္ဂြိုဟ်ပြီးစီးသည်အထိ အစစအရာရာ ကူညီဆောင်ရွက်ပေးခဲ့သော အစ်ကို၊ အစ်မများ၊ လိုက်ပါပို့ကြသော ဆရာသမားများ၊ သူငယ်ချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ၊ ပေးပို့သော ရပ်နီးရပ်ဝေးမှ ဆွေမျိုးသူငယ်ချင်း မိတ်ဆွေများ၊ တယ်လီဖုန်းဖြင့် မေးမြန်းသော ဆွေမျိုးမိတ်ဆွေများအား အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ကိုဇော်ဇော်မိုး(ခ)ကိုတီးတီး(မြိတ်)
Director
Pho La Min Co.,Ltd.
အသက်(၃၉)နှစ်

မြိတ်မြို့၊ ကန်ကြီးရပ်၊ ကမ်းနားလမ်း၊ အမှတ်၃၃ နေ(ဦးလိန်)-ဒေါ်မြဝင်းတို့၏သား၊ မနုနုကြည်(ခ) မမီးနု၏ခင်ပွန်း၊ မဖူးဖူး(ခ)မဆုယမုံဖြိုး၊ မပီးပီး(ခ)မနှင်းအိန္ဒြာခိုင်တို့၏ဖခင်၊ ကိုဝင်းငွေ-မစန်းစန်းမူတို့၏မောင်၊ ကိုဖိုးချွန်(ခ)ကိုထွန်းထွန်းနိုင်-မနုနုသိန်း၊ ကိုဖိုးဟောင်း(ခ)ကိုညီညီဝင်း-မမွှေးမွှေး၊ ကိုဖိုးရှိန်(ခ)ကိုထွန်းထွန်းဝင်း-မမေလေး၊ ကိုဖိုးရီ(ခ)ကိုတင်စိုး-မနန်းစန္ဒီတို့၏ညီ၊ ကိုဘာဘူ(ခ)ကိုစိုးမိုးနိုင်-မစန္ဒီလေးလွင်တို့၏အစ်ကို ကိုဇော်ဇော်မိုး(ခ)ကိုတီးတီး(မြိတ်) အသက်(၃၉)နှစ်သည် ၁၁-၈-၂၀၁၄ ရက်တွင်ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

Keongco Malaysia Sdn. Bhd

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်စော
အသက် (၇၃)နှစ်

ရန်ကုန်နည်းပညာတက္ကသိုလ်၊ သတ္တုတူးဖော်ရေးအင်ဂျင်နီယာဌာန၊ ပါမောက္ခ၊ ဌာနမှူး ဒေါက်တာမျိုးညွန့်၏ မိခင်ကြီး ဒေါ်စောသည် ၁၃-၈-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

သတ္တုတူးဖော်ရေးအင်ဂျင်နီယာဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂/မြောက်)၊မြေကွက်အမှတ်(၂၁၂/က)၊ မြေကွက်တည်နေရာအမှတ်-၂၁၂/က၊အနော်မာ(၁၈)လမ်းအနောက်၊၂/မြောက်ရပ်ကွက်၊သာကေတမြို့နယ်(ဦးခင်အောင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးခင်အောင် (ဖခင်) နှင့် ဒေါ်စိန်စိန်(မိခင်)တို့ ကွယ်လွန်သဖြင့် သမီးများဖြစ်သော၁။ ဒေါ်ခင်သန်းနွယ်(၁၂/သကတ(နိုင်)၀၁၇၉၉၂)၊ ၂။ဒေါ်ခင်အေးနွယ်(၁၂/သကတ(နိုင်) ၁၀၆၂၀၇)တို့ထံမှ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၅၁၃/၂၀၁၄)ရသူဒေါ်နုနုစန်း(၁၂/သကတ(မြူ) ၀၀၀၀၉၀)မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၄၇၆)၊ မြေကွက်တည်နေရာအမှတ် (၄၇၆)၊ (၁၂)လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်သိန်းရီအမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် မိခင်ဒေါ်သိန်းရီ နှင့် ဖခင် ဦးစိန်မောင်တို့ ကွယ်လွန် သဖြင့် ဒေါ်ထားထားဆွေ(၁၂/ဥကတ(နိုင်)၀၁၅၇၂၄)က တစ်ဦးတည်းသော သမီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် ၄င်းကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၄၃၀၉)(၁၃. ၂. ၂၀၁၄)မနေ့စွဲဖြင့် ရရှိသူ ဒေါ်ယဉ်ယဉ်ကြည်(၁၂/ရပသ(နိုင်)၀၃၅၃၆၇)က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ (၁၁၀၂)(၂. ၇. ၁၄)ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး

ဒေါ်အကြိုင်

အသက်(၈၅)နှစ်

ဒေါက်တာဥမ္မာထွန်း၊ ပါမောက္ခ ဒေါက်တာ ခင်ဇော်-ပါမောက္ခဗိုလ်မှူးကြီး ကေသီထွန်း၊ ပါမောက္ခဒေါက်တာဇော်သန်းထွန်း-ဒေါ်ကြည်ကြည်ညွန့်တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်အကြိုင်အသက်(၈၅)နှစ်သည် ၉-၈-၂၀၁၄ (စနေနေ့) နံနက် တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့ နှင့် ဝန်ထမ်းမိသားစုများ
(အာရှတော်ဝင်ဆေးရုံ)

အထူးဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး

ဒေါ်အကြိုင်

အသက်(၈၅)နှစ်

ဒေါက်တာဥမ္မာထွန်း၊ ပါမောက္ခ ဒေါက်တာ ခင်ဇော်-ပါမောက္ခဗိုလ်မှူးကြီး ကေသီထွန်း၊ ပါမောက္ခဒေါက်တာဇော်သန်းထွန်း-ဒေါ်ကြည်ကြည်ညွန့်တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်အကြိုင်အသက်(၈၅)နှစ်သည် ၉-၈-၂၀၁၄ (စနေနေ့) နံနက် တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

တော်ဝင်ရောဂါရှာဖွေရေး နှင့် အထူးကုဆေးခန်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ရင်ကြည်

အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့/မြေရပ်ကွက်၊ ၁၀၁ လမ်း၊ အမှတ် ၆၄၊ (မြေညီထပ်-ခေါင်းရင်းခန်း)နေ (ဦးစိုးလှ-ဒေါ်မြရွှေ)၏သမီး၊ (ဒုတိယဗိုလ်မှူးကြီး ဇေယျကျော်ထင်သိန်းထွန်း)၏ဇနီး၊ (ဦးမြတ်စိုး)-ဒေါ်သန်းသန်းငွေးတို့၏ညီမ၊ ဦးဉာဏ်စိန်-(ဒေါ်ခင်ဝင်းရီ)တို့၏အစ်မ၊ ဦးဝင်းမောင်ဦး(ခ)ဝဏ္ဏ၊ (ဒေါ်မြတ်စန္ဒာဝင်း)၊ ဦးမြင့်ဦး-ဒေါ်အေးအေးသွယ်(ခ)မဇင်မာတို့၏အဒေါ်သည် ၁၃-၈-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၂၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၉-၈-၂၀၁၄ ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

မိုဟာမက်ယူစွဖ်(ခ)

ဦးသိန်းလွင်

မြန်မာ့မီးရထား(ငြိမ်း)

ဆက်သွယ်ရေး(၂)ကြေးနန်းအုပ်

ပုသိမ်(အသင်းဝင်)

အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ဒလမြို့နေ ဒေါ်အဲလီဇဘက်(ခ)ဒေါ်ထားထား၏ခင်ပွန်း၊ ဦးသိန်းထိုက်-ဒေါ်ယဉ်မင်းထွေး၊ ဦးမောင်မောင်ဘဦး-ဒေါ်မာမာလွင်၊ ဦးဝင်းဆွေ-ဒေါ်သူဇာလွင်၊ ဦးရန်နောင်စိုး-ဒေါ်နှင်းဝေဝေဖြိုး၊ မဉမ္မာလွင်၊ မောင်မြတ်မင်းထိုက်၊ မနေခြည်ဖူးတို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၅-၈-၂၀၁၄ရက် နံနက် ၈း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅း၃၀နာရီ (အဆဲရ်နမာဇ်)အပြီးတွင် ရေဝေးမူဆလင်ဥယျာဉ်တော်၌ ဒါဖွာနာပြီးစီးပါကြောင်း သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးစိုးဝင်း(ခ)အားပိန် (မြိတ်)

ယခင်ကတိတော်ဆေးကုခန်း၊ သုဝဏ္ဏ

အသက်(၄၉)နှစ်

